




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





၈၉၅.၈၃
ကြီးစတ္တ
အမြန်ကျွတ်အံ့ဖိမ္မာရုပ်တော် / ကြီးစတ္တ။ - ရန်ကုန်
အောင်မြင့်စာပေ၊ ၂၀၁၂။
၂၄၀ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) ကြီးစတ္တ

**ထုတ်ဝေသူ** ဦးအောင်မြင့်၊
**ဖြန့်ချိရေး** အောင်မြင့်စာပေ၊

**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်**

အောင်မြင့်ပုံနှိပ်တိုက်၊
ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
(နိုဝင်ဘာလ)၊
အုပ်ရေ(၅၀၀)၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com

# ခဿနှလက်ဆောင်

- ဖြစ်ချင်တာတွေကတော့
အများကြီး ရှိနေမှာပါ...
အဲ့ဒီအများကြီးထဲက
ဖြစ်သင့်တာတစ်ခုကို ရွေးချယ်နိုင်ခြင်းဟာ
ဘဝစာမေးပွဲ အောင်မြင်တာ ဖြစ်ပါတယ်။

- ညဥ့်နက်သန်းခေါင် အမှောင်ထဲမှာ
ဖွဲကောင်းကောင်းနဲ့ထိုင်စောင့်သောသူက
လှပတဲ့ အရုဏ်ဦးအလင်းရောင်ကို
တွေ့ခွင့်ရနိုင်ပါတယ်။
မိုးလင်းကမှ အိပ်ရာထပြီး ကြည့်ရှုံနဲ့တော့
အရုဏ်ဦးအလင်းရောင်နဲ့ မဆုံတွေ့နိုင်ပါဘူး။

- သင်ဟာ လောကဇာတ်ခုံပေါ်က
နယ်ရုပ်တစ်ရုပ်ထက် မပိုပါဘူး
ဒီဇာတ်ခုံပေါ်မှာ ကပြဖို့
အတတ်ပညာတစ်ခုခုတော့ လိုပါတယ်
မဟုတ်ရင် လူ့ကဲ့ရဲ့စရာ ခံရမှာပါ။

BURMESE CLASSIC .com

# ခဿနှလက်ဆောင်

- အချိန်ကို သဘောရှိသလောက်
သုံးနိုင်တဲ့လူတွေအတွက်ကတော့
အချိန်ဆိုတာ အလကားရနေတဲ့ပစ္စည်းလို
တန်ဖိုးမရှိပါဘူး
နေ့စဉ်နဲ့အမျှကြိုးစားနေသူတွေအတွက်သာ
အချိန်ဟာ ရွှေထက် တန်ဖိုးရှိသောအရာ
ဖြစ်တာပါ။

- တန်ဖိုးရှိသောချစ်ခြင်းမေတ္တာမှာ
ရင်ထဲမှာ သိမ်းဆည်းထားခြင်းမျိုး မဟုတ်ဘဲ
အခြားသူတစ်ယောက်နဲ့
မျှဝေခံစားနိုင်သော ချစ်ခြင်းမေတ္တာမျိုးဖြစ်ပါတယ်။

- မလိုအပ်ဘဲ မိမိနှလုံးသားကို
အကျဉ်းချထားခြင်းဟာ
လူတစ်ယောက်ရဲ့ဘဝကို
နာလန်မထူအောင်
နှိပ်စက်ခြင်းတစ်မျိုးသာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ပျော်ရွှင်လွှန်းနေသောအချိန်မျိုးမှာပဲဖြစ်ဖြစ်
ဒေါသထွက်လွန်းနေသည့်အချိန်မှာပဲဖြစ်ဖြစ်
အရေးကြီးသောကတိမျိုး
မည်သူ့ကိုမှ မပေးမိပါစေနှင့်
အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင်
မိမိစိတ်ကို အစိုးမရနိုင်သောကြောင့်ဖြစ်သည်...။

- လူသေသောအခါ
လူ့လောက တစ်နေရာမှာပဲ
မြှုပ်နှံသင်္ဂြိုဟ်ကြသည်။
လူမသေဘဲ နာမည်သေသွားသောအခါ
အားလုံးက လောက အပြင်ဘက်ရောက်အောင်
မောင်းထုတ်ပစ်လိုက်ကြလေသည်။

- စိတ်ခံစားမှု ပြင်းထန်တဲ့အရာနှစ်ခုကတော့
အမျက်ဒေါသနဲ့ ချစ်ခြင်းမေတ္တာပါပဲ။
ချစ်ခြင်းမေတ္တာဟာ နူးညံ့သိမ်မွေ့တယ်လို့
ထင်ရပေမယ့် အလိုမကျရင် အမျက်ဒေါသထက်
ကြောက်စရာကောင်းပါတယ်။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

- အတွင်းမှာ ဘာမှမရှိတဲ့ တောင်းတစ်လုံးထဲကို
သင်ထည့်ချင်တာ ထည့်နိုင်ပါတယ်။
ပြည့်နေရင် ဘာမှထပ်ထည့်လို့ မရပါဘူး
သင့်ဆီမှာ ဘာမှမရှိတော့ရင်
ဘယ်အရာမဆို ရအောင်လုပ်နိုင်ပါတယ်။

- စိတ်ကူးနဲ့ ရူးနေတဲ့အချိန်မှာ
အများအမြင်တော့ အရူးတစ်ယောက်လို
ဖြစ်ပေမယ့်
အဲ့ဒီစိတ်ကူးကို အကောင်အထည်ပေါ်အောင်
လုပ်ပြနိုင်ခဲ့ရင်တော့
သင့်ကို ထူးချွန်တဲ့သူလို့ သတ်မှတ်ပေးပါလိမ့်မယ်။

- ဘဝနေနည်းနှစ်မျိုး ရှိပါတယ်။
လောကမှာ ရှိသမျှအရာအားလုံး
ဘာမှတန်ဖိုးမရှိပါလားလို့
ယူဆပြီး နေနိုင်ခြင်းနဲ့
အရာအားလုံး တန်ဖိုးရှိတယ်လို့ သတ်မှတ်ပြီး
လိုချင်မှုများနဲ့ နေထိုင်ခြင်းမျိုးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထု၌ ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | ကြောက်မက်ဖွယ်ရာ နက္ခတ်တာရာရုပ်တုများ |
| အခန်း(၂) | ကုလားလူမိုက်များ အစ ' မတ်စတီးခန်း ' က |
| အခန်း(၃) | လမ်းမတော်ပိုးတုတ်နှင့် ပုဏ္ဏားဘကွန်း |
| အခန်း(၄) | ပြန်ထလာသောအလောင်းများ |
| အခန်း(၅) | ထူးဆန်းသောမိစ္ဆာရုပ်တု |
| အခန်း(၆) | ဥပါဒါန်ကြောင့် ကျိန်စာသင့်ခြင်း |
| အခန်း(၇) | မိစ္ဆာရုပ်တုနှင့်ကြမ္မာဆိုးများ |
| အခန်း(၈) | မပျော်လင့်ဘဲ ကံကောင်းကြသူများ |
| အခန်း(၉) | ပင်လယ်ပြင်မှ တစ္ဆေသင်္ဘော |
| အခန်း(၁၀) | ငြိုးသူ့ကလဲ့စား အမှားတစ်ကွက် |
| အခန်း(၁၁) | ရက်စက်သောလူသတ်မှု |
| အခန်း(၁၂) | မိုးသီးပေလား မြွေခွေးပိုးထင်ပေလား |
| အခန်း(၁၃) | ထူးဆန်းသော ခေါင်းနှစ်လုံး |
| အခန်း(၁၄) | အကွက်ရွှေ့များသောကျား |
| အခန်း(၁၅) | အဖြူနက္ခတ်စောင့်နတ်ပူဇော်ပွဲ |
| အခန်း(၁၆) | အဖြူနက္ခတ်၏မိစ္ဆာရုပ်တု |
| အခန်း(၁၇) | နိဂုံး |




# အခန်း(၁)

# ကြောက်မက်ဖွယ်ရာ နက္ခတ်တာရာရုပ်တုများ

နက္ခတ်ဗေဒပညာသည် သိပ္ပံနည်းကျပြီး စနစ်စည်းမျဉ်းနိုင်မာသောပညာဖြစ်သည်ဟု အဆိုရှိသည်။

နက္ခတ်ဗေဒပညာနှင့် ပတ်သက်လာသောအခါ အိန္ဒိယနိုင်ငံသည် အခြေခံအကျဆုံးသောနေရာဒေသအဖြစ် မှတ်ယူထားကြလေသည်။

ဗေဒင်ပညာ နက္ခတ်ပညာနှင့် ပတ်သက်လာလျှင် ပြိုဟ်ဇ် သံဟိတကျမ်းသည် ရှေးအကျဆုံးနှင့်အထိရောက်ဆုံးဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆေးပညာရပ်နှင့် ပတ်သက်လျှင် 'စရက သံဟိတ' ကျမ်းသည် ရှေးအကျဆုံးနှင့် အထိရောက်ဆုံးဖြစ်ကြသည်။

အရှေ့နိုင်ငံ အတော်များများမှ ပညာရှင်များက ထိုကျမ်းနှစ်ဆူတို့ကို ဆရာတစ်ဆူသဖွယ် ယုံကြည်အားထားမှု ပြုထားကြလေသည်။

ထိုကျမ်းနှစ်ဆူစလုံးမှာ အိန္ဒိယနိုင်ငံမှပင် ပေါ်ထွက်ခဲ့ခြင်းပင်ဖြစ်၏။

အရှေ့တိုင်းရေးရာ ကျွမ်းကျင်ကြသော အနောက်တိုင်းပညာရှင်များကမူ အိန္ဒိယနက္ခတ်ဗေဒပညာရှင် အသုံးပြုသောပညာရပ်များမှာ ဂရိနက္ခတ်ဗေဒပညာရပ်များ၏ လွှမ်းမိုးမှုမကင်းဟူသောမှတ်ချက် ချကြလေသည်။

အမှန်စင်စစ်တော့ ဂရိတို့ကသာ အိန္ဒိယနိုင်ငံ အာရိယံများထံမှ သင်ကြားတတ်မြောက်ပြီး ယူဆောင်သွားခဲ့ကြခြင်းဖြစ်ပေသည်။

အလက်ဇန်းဒါးယားမြို့မှ (အလက်ဇန္ဒြီးယား)ကရုဏာရှင် ပိုင်သဂိုးရပ်(စ်)သည် နာမည်ကျော်ကြားသော ဂရိလူမျိုးတစ်ဦး ဖြစ်ပေသည်။

သူသည် ဗြဟ္မဏ၏တပည့်တစ်ဦးဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ပညာရှင်တစ်ဦးဖြစ်သူ ဆွာမိဝိဝေကာနန္ဒ၏အယူအဆကတော့ နက္ခတ်ဗေဒ ပညာရပ်ဆိုင်ရာ အခေါ်အဝေါ်များ အသုံးအနှုန်းများမှာ အိန္ဒိယမှ အခြေခံသော ဝေါဟာရများသာ ဖြစ်သည်။





ဂရိတို့က တုပ၍ လိုက်လံဖော်ပြနေကြခြင်းသာ ဖြစ်သည်ဟု အထောက်အထားများနှင့် ဖော်ပြပေးခဲ့သည်။

နက္ခတ္တဗေဒပညာရပ်တွင် အပိုင်းကဏ္ဍအားဖြင့် (၃) ပိုင်း ပါဝင်လေသည်။

၎င်းတို့မှာ ဂဏိတ၊ ဟူးရားနှင့် သာခတို့ ဖြစ်ကြသည်၊ နက္ခတ္တဗေဒ သိပ္ပံပညာရပ် တစ်ခုလုံးကို အသေးစိတ် စုပေါင်းရုံးလေ့လာခြင်းသည် 'သံဟိတ' ပညာရပ်ပင်ဖြစ်သည်။ 'သံဟိတ' ဆိုသည်မှာ စုစည်းပေါင်းရုံးခြင်းဟု အဓိပ္ပါယ်ရလေသည်။ နက္ခတ်ဗေဒ ပညာရပ်များကို စုစည်းထားခြင်းကို ဗြိဟတ် သံဟိတကျမ်းဟုခေါ်ပြီး ဆေးပညာရပ်များကို စုစည်းထားခြင်းကို စရက သံဟိတကျမ်းဟု ခေါ်ကြခြင်းပင်ဖြစ်ပေသည်။

ဆေးပညာနှင့် ပတ်သက်လျှင် စရကသံဟိတကျမ်းသည် လွန်စွာကျော်ကြားပြီး နက္ခတ်ဗေဒပညာနှင့် ပတ်သက်လာလျှင်လည်း ဗြိဟတ် သံဟိတကျမ်းသည် အလွန်ထင်ရှားကျော်ကြားသော ကျမ်းတစ်စောင်ပင်ဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာကတည်းက ပညာရှိအဆက်ဆက်တို့၏အယူအဆအရ နက္ခတ္တနှင့် နက္ခတ္တဗေဒ သိပ္ပံပညာရပ်ကို ဝေဒ၏အရန်အဖြစ် ဗြဟ္မာမင်းကြီးကိုယ်တိုင် ရေးသားစီရင်ခဲ့ကြောင်း. . .။

ထိုမှတစ်ဆင့် အဂ္ဂဆရာအား တတ်မြောက်စေလျက် ဝေဒပညာရှင်များအား ပြန့်နှံ့တတ်မြောက်စေခဲ့ကြောင်း အယူရှိခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မူလ ကနဦး အချိန်ကာလတွင် စကြဝဠာကြီးတစ်ခုလုံး အမှောင်ထုကြီး ဖုံးလွှမ်းလျက်ရှိလေ၏။

ထို့နောက် ရေလွှာထုကြီးက ပျံ့နှံ့စိမ့်ယိုလာသည်။ ထိုမှတစ်ဆင့် အခွံအကာ နှစ်မျိုးပါသော ရွှေ 'ဥ' ကြီးတစ်လုံး ပေါက်ဖွားလာသည်။

အခွံအကာနှစ်မျိုးမှာ ဘူမိမြေကမ္ဘာနှင့် အဇ္ဈာ ကောင်းကင်ပြင်ကျယ်တို့ဖြစ်ကြသည်။ အခွံအကာမှ နေနှင့်လတို့အဖြင် ဂြိုဟ်ကြီးများ ပေါ်ပေါက်လာကြောင်း အဆိုရှိသည်။

ပရမနသည် စကြဝဠာ၏ရုပ်ဒြပ်ဝတ္ထုပစ္စည်းအကောင်အထည်များကို ဖြစ်ပေါ်စေသည်။

အနုမြူ၏အစကို ရှာဖွေတွေ့ရှိကြံစည်ခဲ့သော ပညာရှိ 'ကန္ဒ' ကမူ စကြဝဠာ ရုပ်ဒြပ်အကောင်အထည်တို့သည် အရာဝတ္ထုပစ္စည်း(၉)မျိုး 'ဒါရဗျ' မှ စတင်ဖြစ်ပေါ်လာသည်ဟုဆိုသည်။

အချို့ဆရာတို့က စကြဝဠာသည် အချိန်ကာလကြောင့် ဖြစ်ပေါ်လာရသည်ဟု ဆိုသည်။

အချို့ဆရာများကမူ စကြဝဠာသည် ဖန်ဆင်းရှင် ပုဂ္ဂိုလ်တို့ကြောင့် ဖြစ်ပေါ်လာသည်မဟုတ်၊ ပင်ကိုသတ္တိပါ အရာဝတ္ထုများ၏ဂုဏ်သတ္တိတို့ကြောင့် စကြဝဠာ ဖြစ်ပေါ်တည်ရှိလာခြင်းဖြစ်သည်ဟု ဆိုသည်။

နောက်ဆုံးအနေနှင့် စကြဝဠာသည် သတ္တဝါတို့၏ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံနှင့် မကောင်းမှု အကုသိုလ်တရားများကြောင့် ဖြစ်ပေါ်လာရသည်ဟု ဆိုသူများလည်း ရှိပေ





သည်။

နက္ခတ်ဗေဒပညာသည် လူတိုင်း မတတ်ကျွမ်းသော်လည်း လူတိုင်း စိတ်ဝင်စားသောပညာရပ်များ ဖြစ်သောကြောင့်ပင်။ အသိပညာရှိသူတို့သည် မိမိ၏ကံကြမ္မာအခြေအနေ အနိမ့်အမြင့်၊ အတက်အကျနှင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အကြောင်းတို့ကို စိတ်ဝင်စားကြပေသည်။

ထိုကဲ့သို့ သိနိုင်ရန် နက္ခတ်ဗေဒ ပညာဖြင့် သိနိုင်ကြပေသည်၊ လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်လောက်က မြတ်စွာဘုရားမပေါ်ခင်ကပင် ပွင့်တော်မူမည်ကို နက္ခတ်ဗေဒပညာရှင်များက ကြိုတင်သိမြင်နိုင်ခဲ့ကြသည်။

ယခု ရေးသားမည့်ဝတ္ထုသည် နက္ခတ်ဗေဒပညာ အကြောင်းကို အခြေပြုပြီး ရေးသားသော ဝတ္ထုမဟုတ်စေကာမူ တစ်စိတ်တစ်ဒေသတော့ ပတ်သက်မှုရှိသော ဝတ္ထုဖြစ်ပါသည်။ နက္ခတ်တာရာတို့၏ အကျိုးအပြစ်နှင့် စွမ်းအားများ ပါဝင်သောကြောင့် ယခုကဲ့သို့ နိဒါန်းပျိုးနေခြင်းဖြစ်ပါသည်။ ကျွန်တော်လည်း နက္ခတ်ပညာကို စိတ်ဝင်စားသူတစ်ယောက်ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုပါမူ မိမိ၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို စိတ်ဝင်စားသောကြောင့်ဖြစ်ပါသည်။

သို့သော်လည်း အနည်းငယ်မျှလောက်သာ သိပါသည်။

တတ်ကျွမ်းသည့်အဆင့်မျိုး မရောက်သေးပါဟုတော့ ဝန်ခံရပေမည်။

ယခုကာလတွင် နက္ခတ်ဗေဒပညာကို အကျိုးအစင်



www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်သည်ဟု ကြွေးကြော်နေလျှင်တော့ ထိုသူမှာ ဘာမှ မသိသေးသောသူတစ်ယောက်ဟုသာ မှတ်ယူရပါမည်။

နက္ခတ္တဗေဒ ပညာရှင်တစ်ယောက် ရှိသင့်သောပညာ အရည်အချင်းများကို "ဗြိဟတ်သံဟိတကျမ်း" အချာယ (၂)တွင် ရေးသားဖော်ပြထားပါသည်။

များပြားလှသောကြောင့် အကျယ်တဝင့် မဖော်ပြနိုင်တော့ပေ။ စာအုပ်ဂါထာ(၄)တွင် နက္ခတ္တ ပညာရပ်နှင့် သက်ဆိုင်သော ကျောင်းတော်(၅)ကျောင်းရှိသည်။

၎င်းတို့မှာ. . .

ပေါလိသ (ပေါလိသ ပိုင်ဆိုင်သည်)

ရောမက (သိဒ္ဓန္တကျမ်း၊ ရောမတိုင်းပြည်မှ ဆင်းသက်လာသည်၊)

ဝါသေဋ္ဌ (ဝါသေဋ္ဌနှင့် သက်ဆိုင်သည်၊)

သောရ (သူရိယနှင့် သက်ဆိုင်သည်၊ )

ပိဏ္ဍာမဟာ (သို့မဟုတ် ဗြဟ္မသိဒ္ဓန္တ) ထိုဗြဟ္မသိဒ္ဓန္တကို ဗြဟ္မဂုပတ ရေးသားခဲ့သည်။

ထိုကျောင်းတော်များမှ သင်ကြားပေးသောအကြောင်းအရာများမှာ ယုဂများ၊ နှစ်၊ အယန၊ ရတု၊ မာသ၊ ပက္ခ(၁၄)ရက်၊ နေ့၊ ည၊ ယမ၊ မုဟုတ္တနာရီ၊ ဗြဂဏ်၊ တရုတ်နှင့် အချိန်ကာလတို့ကို အသေးစိတ် ခွဲခြားပြသသည့်အပြင် နေကြတ်၊ လကြတ်ခြင်း အကြောင်းအရာများကို အသေးစိတ် သင်ကြားပေးလေသည်။





ဂြိုဟ်များ၊ နက္ခတ်များ၊ တာရာများ၊ စန်းဂြိုလ် နက္ခတ်တို့ ယှဉ်ခြင်း၊ မိုး၊ လေနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ ရောဟဏီ နက္ခတ်၊ သွာတိ နက္ခတ်၊ ဥတ္တရာသဠ် နက္ခတ်တို့ စန်းယှဉ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးအကြောင်းများ၊ လေတိုက်မည့်လက္ခဏာ၊ မိုးရွာမည့်လက္ခဏာ၊ သဘာဝ အခြေအနေ၊ သစ်ပင်၊ ပန်းပင်များကို ကြည့်ပြီး မိုးရွာခြင်း၊ လေတိုက်ခြင်းတို့ကို ကြိုတင်သိရှိနိုင်ခြင်း၊ မြေငလျင် လှုပ်မည့်လက္ခဏာနှင့် ကြိုတင်သိရမည့် အတိတ်နိမိတ်များ၊ မင်းနှင့် သက်ဆိုင်သော အတိတ်နိမိတ်များ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စကားအသံတို့ကို ကြည့်ရှုနားထောင်၍ အတိတ်နိမိတ် ဖတ်ကြားခြင်း၊ မှဲ့နှင့် ပတ်သက်သည့်အချက်များ၊ အိမ်ဆောက်ခြင်း၊ ရေကြောရှာဖွေခြင်း၊ သစ်ပင်များအကြောင်း၊ ဘုရားကျောင်းကန် ဆောက်လုပ်ခြင်းအကြောင်း၊ ဆင်းတုရုပ်တုများနှင့် ပတ်သက်သည့် အကြောင်းများ၊ သစ်တောများအတွင်း ချဉ်းနင်းဝင်ရောက်ရာတွင် သိသင့်သိထိုက်သည့်အကြောင်းများ၊' အဆောင်ယတြာအဖြစ် ရုပ်တုများ ထုလုပ်ကိုးကွယ်ရာတွင် သိသင့်သောအကြောင်းများ၊ နွား၊ ခွေး၊ ကြက်၊ လိပ်၊ ဆိတ်၊ မြင်း၊ ဆင်၊ စသော တိရစ္ဆာန်တို့၏ ကြန်အင်လက္ခဏာများ၊ ယောကျ်ားများ၏ ကြန်အင်လက္ခဏာများ၊ မဟာပုရိသ(၅)ဦးတို့၏ ကြန်အင်လက္ခဏာများ၊ မိန်းမတို့၏ ကြန်အင်လက္ခဏာများ၊ ကျောက်မျက်ရတနာတို့နှင့် ပတ်သက်၍ ခွဲခြားစစ်ဆေးသောအတတ်များ၊ နက္ခတ်တာရာတို့၏ ဂုဏ်သတ္တိနှင့်တာဝန်များ၊ ကရိုဏ်းအမျိုးအစားများ၊ စန်းယှဉ်စင်



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်အကျိုး၊ ရာသီစက်ဝန်းကို ပိုင်းခြားခြင်း၊ ထိမ်းမြားမင်္ဂလာ အခါဇာတာ၊ ဂြိုဟ်တို့၏ ကောဇာ အစီးအနင်း၊ နက္ခတ်တို့၏ အရှင်သခင်တို့ကို ပူဇော်ခြင်း စသောပညာများအပြင် အခြားပညာရပ်များစွာတို့လည်း ရှိပေသေးသည်။

နက္ခတ်ဗေဒ ပညာရှင်ဟု အမည်ခံထားလျှင်တော့ ၎င်းအတတ်ပညာများကို အတန်အသင့် သိရှိနားလည်ရမည်ဖြစ်ပေသည်။

ထိုအကြောင်းများကိုတော့ "ဗေဒင်ပညာနှင့် ပတ်သက်သည့်ကျမ်း" ပြုစုနေခြင်း မဟုတ်သောကြောင့် အကျယ်တဝင့်ရေးသားဖော်ပြခြင်း မပြုတော့ပေ။

ဤဝတ္ထုနှင့် သက်ဆိုင်သော နက္ခတ်တာရာ(၂၈)လုံးတို့မှာ. . .

မြင်းခေါင်းပုံသဏ္ဌာန် (၆)လုံးကြွယ်စုရှိသော အသဝဏီနက္ခတ်၊

ခုံးယောက်သဏ္ဌာန် (၃)လုံးကြွယ်စုရှိသော ဘရဏီနက္ခတ်၊

စပါးစုသဏ္ဌာန် (၇)လုံးအစုရှိသော ကြတ္တိကာနက္ခတ်၊

ကြောင်ရုပ်ပုံသဏ္ဌာန်(၁၀)လုံးအစုရှိသော ရောဟိနီနက္ခတ်၊

သမင်ဦးခေါင်းသဏ္ဌာန် (၃)လုံးအစုရှိသော မိဂသီနက္ခတ်၊

ပတ္တမြား ပုံသဏ္ဌာန် တစ်လုံးတည်းသာ ရှိသော အဒြ





နက္ခတ်၊

သဘော်လှေပုံသဏ္ဌာန် (၅)လုံးအစုရှိသော ပုဏ္ဏဖုသျှနက္ခတ်၊

မိုးစွေပန်းသဏ္ဌာန် (၁၀)လုံးအစုရှိသော ဖုသျှနက္ခတ်၊

ခရင်းပုံသဏ္ဌာန် (၄)လုံးအစုရှိသော အဿလိဿနက္ခတ်၊

ထွန်တုံး သံကောက်သဏ္ဌာန် (၄)လုံးအစုရှိသော မာဃနက္ခတ်၊

ညောင်စောင်းပုံသဏ္ဌာန်ရှိပြီး (၄)လုံးအစုရှိသော ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်၊

ဥတ္တရာဘဒြပိုဒ်နက္ခတ်၊

လက်ဝါးပုံသဏ္ဌာန် (၅)လုံးအစုရှိသော ဟဿတနက္ခတ်၊

ပတ္တမြားပုံသဏ္ဌာန် တစ်လုံးတည်းသာ ရှိသော စိတြနက္ခတ်၊

ကသစ်ပွင့်ပုံသဏ္ဌာန် (၂)လုံးစု ရှိသော သွာတိနက္ခတ်၊

တွင်းဝန်းပုံသဏ္ဌာန် (၁၄)လုံးအစုရှိသော ဝိသာခါနက္ခတ်၊

(၁၅)လုံး အစုအဝေးရှိသော အနုရာဓ နက္ခတ်၊

ကျောက်ပျဉ် ပုံသဏ္ဌာန် (၅)လုံးအစုရှိသော ဇေဋ္ဌနက္ခတ်၊

ကျေးသားပုံသဏ္ဌာန် (၄)လုံးအစုရှိသော မူလ နက္ခတ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆင်မယဉ်သာ လှမ်းနေသောဟန် (၄)လုံးအစုရှိသည့် ပြုဗ္ဗာသာဠ်နက္ခတ်၊

မြေးသဏ္ဌာန် (၃)လုံးအစုသာ ရှိသော သရဝဏ်နက္ခတ်၊ ထီးဆုံသဏ္ဌာန် (၄)လုံးအစုရှိသော ဓနသိဋ္ဌိနက္ခတ်၊

ဆီပွတ်ဆုံကျည်ပမာ ခြောက်လုံးအစုရှိသော သတဘိသျှနက္ခတ်၊

ကြာပွတ်အိုးသဏ္ဌာန် တစ်လုံးတည်းသာ ရှိသော ကြိုတ်နက္ခတ်၊

. . . အစရှိသော နက္ခတ်တာရာတို့အပြင် ကောင်းကင်ပြင်တွင် နေရာယူထားသော တာရာ(၉)လုံးတို့လည်း ရှိပေသေးသည်။

၎င်းတို့မှာ. . .

ကြီးတာရာ၊ ဟင်္သာတာရာ၊ ပုစွန်တာရာ၊ ချိန်တာရာ၊ ဆံကျင်တာရာ၊ တံငါတာရာ၊ ဆင်တာရာ၊ မြင်းတာရာ၊ ဖျိုင်းတာရာ အစရှိသည်တို့ဖြစ်ပေသည်။

သည်နေရာတွင် တစ်ဆက်တည်း နက္ခတ်များကို စောင့်ကြပ်ကြကုန်သော အရှင်သခင်များအား ပူဇော်နည်းများကို ဖော်ပြပေးလိုက်ပါသည်။

ဗြိဟတ် သံဟိတကျမ်း အချာယ(၁၀၅)ပိုဒ်တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

မိဂသီလမှ စတင်၍ စန္ဒြမာသ (၁၂)လတို့ကို ကေသဝနာရာယန၊ မဓဝ၊ ဂေါဝိန္ဒ၊ ဗိဿနိုး၊ ပဒုသုဒန၊ တရိဝိကရမဝါမနဒီဓိဒါရ၊ ဟာရိသျှိကေသ၊ ပဒမနာဘနှင့် ဒိမိုဒါရတို့ အသီးသီးအုပ်စိုးကြသည်။





လတိုင်းတိတိ(၁၂)ရက်နေ့တွင် ဥပုသ်သီတင်း စောင့်ထိန်း၍ ကေသဝအရှင်အပါအဝင် သက်ဆိုင်ရာအရှင်များကို ပူဇော်ပသသူသည် ဘေးအန္တရာယ် ဟူသမျှ ကင်းဝေး၍ လိုရာဆန္ဒအဝဝ ပြည့်စုံအောင်မြင်စေနိုင်ပါသည်။

နက္ခတ်အရှင်သခင်တို့၏ခြေအစုံကို မူလနက္ခတ်ဖြင့် ဖော်ပြသည်။

ခြေသလုံးများကို ရောဟဏီနက္ခတ်၊ ဒူးဆစ်များကို အသဝတီနက္ခတ်၊ ပေါင်များကို ပြုဗ္ဗာသာဠ်နှင့် ဥတ္တရာသာဠ်နက္ခတ်၊ ဖုံးကွယ်ထားသောအင်္ဂါများကို ပြုဗ္ဗဖလဂုနီနှင့် ဥတ္တရဖလဂုနီနက္ခတ်၊ တင်ပါးခွက်များကို ကြတ္တိကာနက္ခတ်၊ နံဘေးများကို ပြုဗ္ဗဘဒြပိုဒ်နှင့် ဥတ္တရဘဒြပိုဒ်နက္ခတ်၊ အစာအိမ်ကို ရေဝတီနက္ခတ်၊ ရင်သားများကို အနုရာဓနက္ခတ်၊ နောက်ကျောကို ဓနိဋ္ဌာနက္ခတ်၊ လက်မောင်းများကို ဝိသာခါနက္ခတ်၊ လက်များကို ဟဿတနက္ခတ်၊ လက်ချောင်းများကို ပုန္နဖုသျှုနက္ခတ်၊ လက်သည်းများကို အဿလိဿ နက္ခတ်၊ လည်ပင်းကို ဇေဋ္ဌနက္ခတ်၊ နားများကို သရဝဏ် နက္ခတ်၊ ပါးစပ်ကို ဖုသျှနက္ခတ်၊ သွားများကို သွာတိနက္ခတ်၊ ရယ်မောခြင်းကို သတဘိသျှနက္ခတ်၊ နှာခေါင်းကို မာဃနက္ခတ်၊ မျက်လုံးများကို မိဂသီနက္ခတ်၊ နဖူးကို စိတြနက္ခတ်၊ ဦးခေါင်းကို ဘရဏီနက္ခတ်၊ ဆံပင်ကို အဒြနက္ခတ်တို့မှ နက္ခတ်အရှင်တို့က စောင့်ရှောက်ကြသည်။ (နက္ခတ်အရှင်သခင်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခြေထောက်မှစ၍ ဖော်ပြရပြီး လူသားများ [illegible] ဦးခေါင်းမှ စတင်ရကြောင်း ဥပဒေသများ [illegible]

ဝိသာခနိုး နတ်မင်းကြီးနှင့် နက္ခတ်အရှင်သခင်တို့အား ပူဇော်ပသရန်မှာ စီကြလ၏လဆုတ်ပက္ခတိတိ(၈)ရက်နေ့တွင် မူလနက္ခတ်နှင့် စန်းယှဉ်ခိုက်တွင် ပို၍ကောင်းသည်။ (ထိုနေ့သည် တနင်္လာနေ့ဖြစ်လျှင် ပို၍ကောင်းသည်၊ ဤပူဇော်ပွဲကို 'ရှုပသတရ' ထုံးစံပူဇော်ပွဲဟု ခေါ်သည်)

အထက်ပါ ရေးသားဖော်ပြခဲ့သည့်အတိုင်း စကြဝဠာအနံ့ ကောင်းကင်ပြင်တွင် တန်ခိုးကြီးသော နက္ခတ်တာရာတို့ ရှိကြသည်။ ထိုနက္ခတ်တာရာများကို စောင့်ရှောက်နေကြသည့် တန်ခိုးကြီးသော နတ်မင်းများလည်း ရှိကြပေသည်၊

ထို့ပြင် နက္ခတ်တာရာတို့တွင် ပုံပန်းသဏ္ဌာန်ကို ကိုယ်စားပြုသော သက်ဆိုင်ရာအရုပ်များလည်း ရှိကြလေသည်။

ထိုအရုပ်များနှင့် ပတ်သက်ပြီး ရေးသားဖော်ပြသည့် ကျမ်းများမှာ တစ်ခုနှင့်တစ်ခု မတူညီကြသော်လည်း ထိုအရုပ်များနှင့် ပတ်သက်၍ သိဒ္ဓိစွမ်းအား ရှိကြောင်းတော့ လက်ခံလေသည်။

အာကာသ စကြဝဠာအတွင်းမှာ ရှိကြသော ကြယ်စုများကို လေ့လာကြည့်ရှုရာမှာ နေရာဒေသ မတူလျှင် အမြင်ချင်းလည်း တူနိုင်မည် မဟုတ်ပေ။

အမြင်ချင်း မတူသောကြောင့် အယူအဆချင်းလည်း





တူနိုင်ကြမည် မဟုတ်ပေ။

နက္ခတ်တစ်လုံးကိုပင် အမြင်ချင်း မတူကြသဖြင့် ၎င်းတို့ သတ်မှတ်သောရုပ်ပုံမှာလည်း မတူတော့ပေ။

နက္ခတ်ပညာနှင့် ပတ်သက်သည့် ကျမ်းအစောင်စောင်တို့မှာလည်း များပြားလှသည်။

ရာဇမတ္တဏ်ကျမ်း၊ သေနင်္ဂဗျူဟာကျမ်း၊ ပေါတ္တရသာဒိကျမ်း၊ ဂြဟသျှန္တိကျမ်း၊ လဃုသဂြိုဟ်ကျမ်း၊ အာကာသသျှတ္တရကျမ်း၊ သိယ်ဗောခကျမ်း၊ ကပ္ပဝဏ္ဏာကျမ်း၊ ပုရပိုက်ဖြူတော်သည့်ကျမ်းများမှာ နက္ခတ်ဗေဒနှင့် ပတ်သက်ပါက ထင်ရှားသောကျမ်းများဖြစ်ကြသည်။

ထို့ပြင် အခြားထင်ရှားသော ကျမ်းပေါင်းများစွာတို့လည်း ရှိကြပေသေးသည်။

ထိုကဲ့သို့ အမြင်မတူကြသော်လည်း နက္ခတ်နှင့် သက်ဆိုင်သော ရုပ်တုများ၏သိဒ္ဓိစွမ်းအား ရှိပုံများကတော့ အားလုံးတ လေးစားယုံကြည်မှု ရှိကြလေသည်။

ရှေးအခါ သက်ဆိုင်ရာ ရုပ်တုများကို ထုလုပ်ပူဇော်သော အစဉ်အလာများ ရှိခဲ့ကြသည်။

ရုပ်တုပူဇော်မှုသမိုင်းတွင် ဘာသာရေးနှင့် သက်ဆိုင်သောရုပ်တုများ ထုလုပ်ပူဇော်ခြင်းနှင့် မရှေးမနှောင်းမှာပင် နက္ခတ်တာရာနှင့် သက်ဆိုင်သောရုပ်တုများ ထုလုပ်ပူဇော်မှု အစဉ်အလာများ ပေါ်ပေါက်ခဲ့ကြသည်။

ထိုရုပ်တုများနှင့် ပတ်သက်ပြီး ကောင်းကျိုးများ ရှိသလို



www.burmeseclassic.com

www.burmeseclassic.com



ဘေးအန္တရာယ်များ ရရှိခဲ့သည့် အဖြစ်အပျက်များစွာတို့လည်း ရှိခဲ့ကြသည်။

နက္ခတ်တာရာနှင့် သက်ဆိုင်သောရုပ်တုများကို ဖျက်ဆီးရန် ကြိုးစားသူတို့ တွေ့ကြုံရသောအန္တရာယ်များမှာ ထူးဆန်းပြီး ကြောက်မက်ဖွယ်လည်း ကောင်းလှပေသည်။





## အခန်း(၂)

## ကုလားရုပ္ပိတ်များအစ မတ်စတီးဆန်းကာ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလက ရန်ကုန်မြို့ကြီးမှာ ယခုကဲ့သို့ ကြက်ပျံမကျ ကြိတ်ကြိတ်တိုး စည်ကားသောမြို့ကြီးတစ်မြို့တော့ မဟုတ်သေးပေ။

စစ်ပြီးကာလ ပြန်လည်ထူထောင်ကာစ အချိန်ကာလဖြစ်သောကြောင့် လူဦးရေကလည်း မများလှသေးဘဲ စည်ကားတိုးတက်မှုကလည်း သိပ်မရှိလှသေးပေ။

ထိုအချိန်က ရန်ကုန်မြို့လယ်တစ်ဝိုက်တွင် အနေများ



www.burmeseclassic.com

www.burmeseclassic.com



သောလူမျိုးများမှာ ကုလားများဖြစ်လေသည်။

သိမ်ကြီးဈေး၊ သံဈေး၊ မတ်စတီးဈေးကြီး (ကမာရွတ်တွင် ရှိခဲ့သည်)၊ စူရတီဘဇားဈေးကြီး(ကြည့်မြင်တိုင် ဈေးကြီးလမ်းတွင် ရှိခဲ့သည်)အစရှိသောဈေးကြီးများကို ထူထောင်ကြသူများမှာ ကုလားလူမျိုးများသာဖြစ်ပြီး အနိမ့်ဆုံး လန်ချားဆွဲသောအလုပ်များအထိ ကုလားလူမျိုးများသာ လုပ်ကိုင်ခဲ့ကြသည်။

နေရာတကာတွင် အလုပ်သမား(၁၀)ယောက်တွင် ကုလားလူမျိုး အလုပ်သမားက (၇)ယောက်ပါလေသည်။

ထိုအချိန်က တရုတ်လူမျိုးများ ရှိကြသည် ဆိုစေကာမူ တရုတ်တန်းတစ်ဝိုက်လောက်မှာ အများစု နေထိုင်ကြလေသည်။

မြန်မာလူမျိုးများကတော့ ဆင်ခြေဖုံးရပ်ကွက်များဖြစ်ကြသော ရေကျော်၊ ပုဇွန်တောင်၊ စက်ဆန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ ဗဟန်း စသောနေရာများမှာ နေထိုင်ကြလေသည်။

ယခုအခါ အိမ်ခြံမြေဈေး အမြင့်ဆုံးနေရာများဖြစ်နေသော ရွှေတောင်ကြား၊ ဝင်ဒါမီယာ၊ အင်လျားလမ်းတစ်ဝိုက် ကုလားများ၊ နွားမွေးသောခြံများနှင့် သီးနှံစိုက်ခင်းများ ပြုလုပ်သောခြံများ ရှိကြလေသည်။

နောက်ပိုင်း ကုလားများထံမှ ဈေးပေါပေါနှင့် ဝယ်ယူနေထိုင်ခဲ့ကြရာမှ တဖြည်းဖြည်းနှင့် မြန်မာလူမျိုးဦးရေ တိုးတက်များပြားလာခြင်းဖြစ်သည်။

ယခု သိမ်ကြီးဈေး တည်ထားသောနေရာမှာ ရှေးအခါ





က ဆူးလေစေတီတော်နှင့် ပုံသဏ္ဌာန်တူ စေတီတစ်ဆူနှင့် ရှေးဟောင်းသိမ်ကြီးတစ်လုံး ရှိခဲ့သည်။

ထိုစေတီတော်မှာ ရွှေတိဂုံရင်ပြင်ပေါ်မှ နောင်တော်ကြီးစေတီခန့် ရှိသည်ဟု သိရပါသည်။

ဇင်းဘုရားကို ကျိုက်မြတ်သံချိုဘုရားဟု ခေါ်ပြီး သိမ်ကြီးကိုလည်း ကျိုက်မြတ်သံချိုသိမ်တော်ဟုပင် ခေါ်ဝေါ်ခဲ့ကြလေသည်။

သိမ်တော်ကြီး၏တောင်ဘက်တွင် တပ်ကလေးဈေး ရှိသည်။ (၁၈၅၂)ခုနှစ်၊ ရန်ကုန်မြို့ အင်္ဂလိပ်လက်အောက် ကျရောက်သွားခဲ့ပြီးနောက်ပိုင်းတွင် မော်လမြိုင်၌ ဈေးတန်းထောင်ခြင်းဖြင့် အကျိုးစီးပွား ဖြစ်ထွန်းနေသော စူရတီဈေး ကုမ္ပဏီက သိမ်တော်ကြီး ဝတ္ထုကံမြေအတွင်းမှ တပ်ကလေးဈေးကို လျော်ကြေးပေး၍ သိမ်းယူခဲ့ကြလေသည်။

(၁၈၅၃)ခုနှစ်တွင် ထိုမြေနေရာတွင် စူရတီဘဇား ခေါ် ဈေးကြီး ပေါ်ပေါက်လာခဲ့လေသည်။

နောက်ပိုင်းမှာတော့ အနီးတစ်ဝိုက်မှာ ရှိနေသော သိမ်တော်ကြီးနှင့် ကျိုက်မြတ်သံချို စေတီတော်တို့မှာ လမ်းဖောက်ရာတွင် မလွတ်ကင်းဟု အကြောင်းပြချက်ဖြင့် ဖယ်ရှားခံခဲ့ရသည်။ အင်္ဂလိပ်နှင့်ကုလားသူဌေးတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံမှ အထွတ်အမြတ်ထားကာ ကိုးကွယ်ကြသော စေတီတော်နှင့် သိမ်တော်ကြီးတို့ ဖျက်ဆီးခံခဲ့ရခြင်းပင်ဖြစ်သည်။ ထိုဈေးကြီးကို မူလက 'စူရတီဘဇားဈေးကြီး' ဟု အမည်ပေးခဲ့သော်လည်း ထိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် ထင်ရှားခဲ့သော သိမ်တော်ကြီးကို အစွဲပြုပြီး သိမ်ကြီးဈေး ဟုပင် အမည်တွင်ခဲ့သည်။

ကုလားသူဌေးများအနေနှင့် အင်္ဂလိပ်များအားကိုးနှင့် သိမ်တော်ကြီးကို ဖျက်ဆီးပစ်ခဲ့ကြသော်လည်း သိမ်တော်ကြီး အမည်ကိုတော့ ဖျက်ဆီး၍မရခဲ့ကြပေ။

ရင်းပေးသော ကုလားအမည်ပျောက်ပြီး သိမ်ကြီးဈေး ဟူသောအမည်ဖြင့်သာ ရေရှည်တည်တံ့ခဲ့လေသည်။

သိမ်ကြီးဈေးတည်ဆောက်ခဲ့စဉ်က နာရီစင်ကြီးရှိသည်။ ဒုတိယကမ္ဘာစစ်ရောက်တော့ ဗုံးဒဏ်ကြောင့် ပြိုကျပျက်စီးသွား ခဲ့ရသည်။

အင်္ဂလိပ်များ သိမ်းပိုက်ထားစဉ်က ရန်ကုန်မြို့၏အစည် ကားဆုံးနေရာကို ပြပါဆိုလျှင် ဆူးလေစေတီတော် တည်ရှိရာ မြို့တစ်ဝိုက်ပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာတော့ မော်တင် ကီလီ၊ ညောင်ပင်လေးဈေး၊ လမ်းမတော်၊ သံဈေးနှင့် သိမ်ကြီးဈေးအထိ အရောင်းဝယ်လုပ်ငန်းများ စည်ကားခဲ့ပေသည်။

အများအားဖြင့်တော့ မြစ်ဝကျွန်းပေါ်ဘက်မှ အရောင်း အဝယ် လာရောက်ကြသူများ စတည်းချကြသော ညောင်ပင် လေးဈေးနှင့် ကီလီ၊ မော်တင် တစ်ဝိုက်မှာ များစွာစည်ကားခဲ့ပေ သည်။

ရန်ကုန်မြို့တော်ကို ဖောက်လုပ်စဉ်က သင်္ချာအမှတ်အ သား ပါသောလမ်းပေါင်း(၁၆၉)လမ်းဖြင့် ဖောက်လုပ်ထားခဲ့လေ





သည်။

ရန်ကုန်အနောက်ပိုင်း (၁)လမ်းကနေ အရှေ့ပိုင်း(၁၆၉) လမ်းအထိ အကွက်ချပြီး ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသင်္ချာအမှတ်အသားဖြင့် ခေါ်ဝေါ်ကြသောလမ်းများ ကြားမှာ သင်္ချာအမှတ်အသား မပါဘဲ သီးခြားအမည်ဖြင့် မှည့် ခေါ်သည့်လမ်းများလည်း ကြားတွင် ထည့်သွင်းဖောက်လုပ်ခဲ့ သည်။

သင်္ချာအမှတ်အသား ပါသောလမ်းများကို အဓိကထား ပြီး မြို့နယ်များ ခွဲသောအခါ. . .

(၁)လမ်းမှ (၁၆)လမ်းအထိကို လမ်းမတော်မြို့နယ်၊

(၁၇)လမ်းမှ (၂၄)လမ်းအထိ လသာမြို့နယ် (China Town)၊

(၂၅)လမ်းမှ (၄၃)လမ်းအထိ ရန်ကုန်မြို့လယ်(Centre of Yangon)ဟု သတ်မှတ်ခဲ့ကြသည်။

ယခုအခါမှာတော့ (၂၅)လမ်းမှ ဆူးလေဘုရား(အ နောက်ဘက်ခြမ်း)အထိ ပန်းပဲတန်းမြို့နယ်၊ ဆူးလေဘုရားလမ်း အရှေ့ဘက်ခြမ်းမှ ဗိုလ်အောင်ကျော်လမ်း (အနောက်ဘက်ခြမ်း) အထိ ကျောက်တံတားမြို့နယ်ဟု သတ်မှတ်ခဲ့ကြသည်။

ကျောက်တံတား၊ ပန်းပဲတန်း၊ လသာနှင့် လမ်းမတော် မြို့နယ်တွေကို မြို့လယ်မြို့နယ် (Downtown area)အဖြစ် သတ်မှတ်ထားခဲ့ကြသည်။

(၄၄)လမ်းမှ (၅၆)လမ်းအထိ ရန်ကုန်အရှေ့ပိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



(၅၇)လမ်းကနေ (၇၂)လမ်းအထိ ဗိုလ်တထောင်၊

(၈၇)လမ်းမှ (၉၄)လမ်းအထိ ကန်တော်ကလေး၊

(၉၅)လမ်းကနေ လမ်း(၁၀၀)အထိ ဘင်္ဂါလီစု(Bengali Busti)၊

(၁၀၁)လမ်းကနေ (၁၀၃)လမ်းအထိကို ဖို့မြေလို့ သတ်မှတ်ကြတယ်။

(၁၀၄)လမ်းကနေ (၁၁၃)လမ်းအထိ မင်္ဂလာတောင်ညွန့်၊

(၁၁၄)လမ်းက (၁၁၇)လမ်းအထိ ပါတာနီကုန်း၊

(၁၃၂)လမ်းက (၁၃၈)လမ်းအထိတော့ မအူကုန်း၊

(၁၃၉)လမ်းမှ (၁၄၆)လမ်းအထိ အရိုးကုန်း၊

(၁၄၇)လမ်းမှ (၁၄၉)လမ်းအထိ ပျားရည်ကုန်း၊

(၁၅၁)လမ်းမှ (၁၅၃)လမ်းအထိတော့ ဈိုင်းရေအိုးစင်၊

(၁၅၈)လမ်းမှ (၁၆၉)လမ်းအထိတော့ မြင်းပြိုင်ကွင်းရပ်အဖြစ် သတ်မှတ်ခဲ့ကြသည်၊

ဗဟုသုတအမည်ဖြင့် ရေးသားဖော်ပြရလျှင် ရန်ကုန်မြို့ကို အင်္ဂလိပ်များ သိမ်းပိုက်ခဲ့ပြီး လမ်းအတော်များများကို အင်္ဂလိပ်အမည်များ ပေးခဲ့ကြသည်။ ၎င်းတို့အနက် ပထမဆုံး အင်္ဂလိပ်အမည် ပေးခဲ့သောလမ်းမှာ ကင်းဘဲလ်လမ်း(ယခု ငါးထပ်ကြီးဘုရားလမ်း)ပင် ဖြစ်ပေသည်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ ပါဝင်ကွပ်ကဲသော စစ်ဗိုလ်ချုပ် ဆာအာချီကင်းဘဲလ်ကို ဂုဏ်ပြု





လျက် ပေးခဲ့သောအမည်ဖြစ်သည်။

နောက်ပိုင်းမှာလည်း အင်္ဂလိပ်တို့က အမိကကျသော လမ်းမကြီးများ အပါအဝင် လမ်းအတော်များများကို အင်္ဂလိပ်အမည်များ ပေးခဲ့ကြလေသည်။

ထိုကဲ့သို့ ပေးကြရာမှာ ရန်ကုန်အနောက်ပိုင်း၌ ရှိသော လမ်းအတော်များများမှာ အင်္ဂလိပ်တို့ ပေးသောအမည် မဟုတ်ဘဲ မြန်မာဆန်သောအမည်များ ရှိခဲ့သည်ကလည်း ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။

ယခင်ရေးသားသောစာအုပ်များထဲတွင် ထိုလမ်းအမည်များကို ရေးသားဖော်ပြပေးပြီးဖြစ်သော်လည်း ယခုအခါ အကြောင်းတိုက်ဆိုင်မှု ရှိသောကြောင့် စာဖတ်သူများ ဗဟုသုတရစေရန် ထပ်မံဖော်ပြပေးလိုက်ပါသည်။

ထိုလမ်းများမှာ (၁)လမ်းမှ (၄)လမ်းအထိ မူလ သင်္ချာလမ်းအမည်များသာ ခေါ်ဝေါ်သုံးစွဲခဲ့သော်လည်း နောက်ပိုင်းလမ်းများကိုတော့ ၎င်းတို့ ပြုလုပ်ဆောင်ရွက်သော အကြောင်းအရာ၊ ရောင်းချသောပစ္စည်းများကို အကြောင်းပြုပြီး လမ်းအမည်ပေးခဲ့ကြသည်။

အချို့လမ်းမှာ ထူးခြားသောပုဂ္ဂိုလ်၊ ရှေးဦးကတည်းက ထိုလမ်းမှာ နေခဲ့ကြသည့် လူပုဂ္ဂိုလ်တို့အမည်ကို အစွဲပြုပြီး လမ်းအမည်ခေါ်ကြလေသည်။

ရှေးအခါက (၅)လမ်းအတွင်းမှာ နယ်မှ လာသော ငှ ပေါ့ကုန်သည်နှင့် ငှက်ပျောသီး၊ အုန်းသီးပွဲစားများ …နှုန်းချ



www.burmeseclassic.com

www.burmeseclassic.com



သည့် နေရာဖြစ်သဖြင့် ငှက်ပျောတံတားလမ်းဟု ခေါ်သည်။

ယခု ကိုင်းတန်းလမ်းကိုတော့ ရှေးက ဝလျှံလမ်းဟု ခေါ်သည်။ ယခု (၈)လမ်းကို ကျွဲပုတ်လမ်း၊ (၁၀)လမ်း၌ ငပိကုန်သည်များ ရှိသဖြင့် ငပိတန်းလမ်း။

လှည်းတန်းလမ်းမှာ ရှေးအခါက ကုန်ပစ္စည်းတင်သောလှည်းများ စခန်းချထားသောကြောင့် လှည်းတန်းလမ်းဟု ခေါ်သော်လည်း မူလအမည်မှာ စတီဗင်လမ်းဖြစ်သည်။

(၁၁)လမ်းအထက်ပိုင်းကို ဖက်တန်းဟုခေါ်ပြီး အောက်ပိုင်းဘက်ကိုတော့ ပိုက်တန်းဟု ခေါ်သည်။

ယခု ဘုန်းကြီးလမ်းမှာ သရက်တော ကျောင်းတိုက်မှ ဘုန်းကြီးများ ဆွမ်းခံကြွရာလမ်းဖြစ်သောကြောင့် ဘုန်းကြီးလမ်းဟု အမည်တွင်ခဲ့သော်လည်း ရှေးအခါက သရက်တောကျောင်းတိုက်ထောင့်တွင် ဘုရားငုတ်တိုတစ်ဆူ ရှိသဖြင့် ဘုရားငုတ်တိုလမ်းဟု အမည်ရှိခဲ့ဖူးသည်။

(၁၃)လမ်းအထက်ပိုင်းကို ခေါင်ချုပ်တန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ ငါးရှဉ့်တန်းဟု ခေါ်သည်။

(၁၄)လမ်းအထက်ပိုင်းကို ကြောင်တစ်ရာတန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ ဦးဘိုးရိတ်လမ်းဟု ခေါ်ကြသည်။

(၁၅)လမ်းအထက်ပိုင်းမှာ တရုတ်တန်းနှင့် တစ်ဆက်တည်းဖြစ်သောကြောင့် ဘိန်းတန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ အုန်းပင်တန်းဟု ခေါ်သည်။

(၁၆)လမ်းအထက်ပိုင်းကို ထန်းပင်ကုန်းတန်းဟု ခေါ်





ပြီး အောက်ပိုင်းကိုတော့ အရာကြီးတန်း၊ (၁၈)လမ်းကို ရေနံတန်း၊ ယခု စဉ့်အိုးတန်းမှာ ယခင်က ကရစ်လမ်းဟု ခေါ်ခဲ့ကြလေသည်။

(၁၉)လမ်းအထက်ပိုင်းကို မကျည်းတန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ လိပ်ဥတန်းဟု ခေါ်ကြသည်။

လမ်း(၂၀)ကိုတော့ ဦးစွန်းတန်းဟု ခေါ်ပြီး (၂၁)လမ်းအထက်ပိုင်းကို ပရဆေးတန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ ကွင်းညီနောင်ဟုသာ ခေါ်ခဲ့ကြသည်။

(၂၂)လမ်းအထက်ပိုင်းကို ပန်းထိမ်တန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ ဝါးတန်းလေးဟု ခေါ်ဝေါ်ကြသည်။

(၂၃)လမ်းကို ဘိန်းရုံလမ်း၊ (၂၄)လမ်းကို အမွှေလက်ကြားတန်း၊ (၂၅)လမ်းကို စာဆိုတန်း၊ (၂၇)လမ်းကို ပုဆိုးတန်း၊ (၂၈)လမ်းကို သံဖြူတန်းနှင့် ယခု ဆူးလေဘုရားလမ်းကိုတော့ ချော်တန်းဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

ရှေးအခါက လူအစည်ကားဆုံးနေရာကို ပြပါဆိုလျှင် ဘီလီ မော်တင် တစ်ဝိုက်ကိုပင် ပြရပေမည်။

ကမ်းနားတစ်ဝိုက်တွင် ကီလီဈေးရှိစဉ်က များစွာစည်ကားခဲ့သောနေရာဖြစ်သည်။

အချိန်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာစ (၁၉၄၉) ခုနှစ်ဝန်းကျင်အချိန်ခန့် ဖြစ်ပေသည်။

လွတ်လပ်ရေး ရပြီးစအချိန်ဖြစ်သောကြောင့် ရန်ကုန်မြို့မှာသာမှုဟုတ်ဘဲ အနယ်နယ် အရပ်ရပ်မှာ မငြိမ်မသက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နေသောအချိန်ကာလလည်းဖြစ်သည်။

အနယ်နယ်အရပ်ရပ်တွင် လက်နက်ကိုင် သောင်းကျန်းသူများ ဆူပူသောင်းကျန်းနေသော အချိန်ကာလဖြစ်သလို ရန်ကုန်မြို့ပေါ်မှာလည်း တောမီးလောင်သောကြောင့် လက်ပန်းပေါက် ခတ်ဆိုသလို အကွက်မြင်သော စီးပွားရေးသမားများလည်း သူ့ထက်ငါ အပြိုင်ကြဲပြီး အလုပ်လုပ်ကိုင်ကြသောအချိန်လည်းဖြစ်သည်။

အင်္ဂလိပ်များ အုပ်စိုးခဲ့သော ကာလတစ်လျှောက်လုံး ရန်ကုန်မြို့ပေါ်မှာ ကုလားသူဌေးကြီးများကသာ လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်ခဲ့ကြသည်။

ဆန်စပါးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ဈေးလုပ်ငန်းနှင့် ရွှေငွေရတနာ ရောင်းချခြင်း စသောလုပ်ငန်းများကို ကုလားသူဌေးကြီးများကသာ ချုပ်ကိုင်ထားခဲ့ကြသည်။

ထို့ပြင် ရှေးဟောင်းရတနာ ရှာဖွေရေးလုပ်ငန်းများကိုလည်း လက်ရှိအစိုးရထံမှာ အမိန့်ခံ လိုင်စင်ယူပြီး လုပ်ကိုင်ခဲ့ကြသည်။

၎င်းတို့မှာ အင်္ဂလိပ်များ အုပ်စိုးစဉ်က အင်္ဂလိပ်အစိုးရအားကိုးဖြင့် လုပ်လိုသမျှ လုပ်ကိုင်ခဲ့ကြရာ အင်္ဂလိပ်များ မရှိတော့သည့်နောက်ပိုင်းမှာလည်း အရှိန်ဖြင့် ဆက်လုပ်သူ လုပ်ကြလေသည်။

အချို့ကုလားသူဌေးများမှာ အင်္ဂလိပ်အစိုးရ ပြေးသည်နှင့် ၎င်းတို့လည်း ရှာဖွေစုဆောင်းထားသော ရွှေငွေရတနာများ





ကိုယူဆောင်ပြီး အိန္ဒိယသို့ ပြန်ပြေးကြလေသည်။

ထိုအထဲတွင် 'နာရသန်' ဆိုသော သူဌေးကြီးတစ်ဦးလည်း ပါလေသည်။

သူသည် အင်္ဂလိပ်များ အုပ်စိုးစဉ်က စီးပွားရေးလုပ်ငန်းမျိုးစုံလုပ်ပြီး စီးပွားရှာခဲ့သည့်အထဲတွင် ရှေးဟောင်းရတနာ [illegible]ည်းများ ရှာဖွေခြင်းလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

နာရသန် ပိုင်ဆိုင်သောကုမ္ပဏီမှာ ကီလီလမ်း(ယခု ဝါးတန်းလမ်း)နှင့် မနီးမဝေးတွင် ရှိလေသည်။

ထိုနေရာတစ်ဝိုက်တွင် အခြားကုမ္ပဏီအချို့ ရှိကြသော်လည်း နာရသန် ပိုင်ဆိုင်သော ကုမ္ပဏီလောက် ကြီးကျယ်ခြင်း မရှိပေ။

သူဌေးနာရသန် ပိုင်ဆိုင်သောကုမ္ပဏီအမည်မှာ နရဏီကုမ္ပဏီ ဖြစ်ပြီး ၎င်းကုမ္ပဏီနှင့် မနီးမဝေးနေရာတစ်ဝိုက်တွင် ဗမာအမျိုးသားများ ပိုင်သော ကုမ္ပဏီအချို့လည်း ရှိကြသည်။

ထိုကုမ္ပဏီများထဲမှာ 'မြတ်ကောင်းကုမ္ပဏီ' နှင့် 'ကြီးပွားရေးကုမ္ပဏီ' တို့ဖြစ်ကြသည်။

မြတ်ကောင်းကုမ္ပဏီမှာ ရေအောက်ရတနာရှာဖွေရေးလုပ်ငန်းများကို အစက ဦးစားပေး လုပ်ကိုင်ပြီး ကြီးပွားရေးကုမ္ပဏီကတော့ စက်လှေများနှင့် ဘိတ်(မြိတ်)၊ ထားဝယ်၊ ရေး၊ ဘော့သောင်းဘက်သို့ ကုန်များ ကူးသန်းရောင်းဝယ်မှု ပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကောင်းကုမ္ပဏီမှာ သူဌေးဦးမြတ်ကောင်းက ပိုင်ပြီး ကြီးပွားရေးကုမ္ပဏီကိုတော့ သူဌေးဦးနေဒွန်းဆိုသူက ပိုင်ဆိုင် လေသည်။

ဦးမြတ်ကောင်းက မြန်မာလူမျိုးဖြစ်ပြီး ဦးနေဒွန်းက ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်သည်။

၎င်းတို့ ပိုင်ဆိုင်သောကုမ္ပဏီများမှာ မော်တင်၊ ကိ ကမ်းနားလမ်းတစ်ဝိုက်မှာ ရှိကြပြီး နရဏီ ကုမ္ပဏီနှင့် မနီးမဝေး ရှိကြလေသည်။

အင်္ဂလိပ်များ အုပ်စိုးစဉ်က ကုလားသူဌေးပိုင်သော နရဏီကုမ္ပဏီကို အခြားကုမ္ပဏီများက မယှဉ်သာသော်လည်း အင်္ဂလိပ်များ ပြေးရသည့်နောက်ပိုင်းမှာတော့ တိုင်းရင်းသား ကုမ္ပဏီများမှာ အခြေအနေကောင်းလာပြီး ခေါင်းထောင်ကြလာ ကြသည်။

သူတင်ကိုယ်တင် အပြိုင်အဆိုင်ဖြစ်လာကြသည်။

ယခင်က နရဏီကုမ္ပဏီမှ မွေးထားသော ကုလား မိုက်များ ဗိုလ်ကျခြင်းကို ခံကြရသော်လည်း နောက်ပိုင်းမှာတော့ လမ်းမတော်ဖိုးတုတ်ကဲ့သို့ မြန်မာလူမိုက်များ ပေါ်လာသော အခါ ကုလားလူမိုက်များ တဖြည်းဖြည်းနှင့် ပပျောက်သွားကြ သည်။

အရှိန်အဝါ မှေးမှိန်သွားခဲ့ကြသည်။

၎င်းတို့ အားကိုးအားထားပြုနေသော အင်္ဂလိပ် အစိုး သခင်များ မရှိတော့သည့်နောက်ပိုင်း မာန်စွယ်ကျိုးသွားကြ





သည်းဖြစ်ပေသည်။

ဒီနေရာတွင် ယခင်က ရန်ကုန်မြို့၌ ကုလားလူမိုက်များ လွှမ်းမိုးခဲ့သောအဖြစ်အပျက်အချို့ကို ရေးသားဖော်ပြပေးပါ မည်။

ဒုတိယကမ္ဘာစစ် မတိုင်မီက ရန်ကုန်မြို့တွင် အုပ်ချုပ် ရေးပိုင်းတွင် ပုလိပ်အဖွဲ့များ ရှိသော်လည်း နေရာတကာမှာ ကုလားလူမိုက်များက လွှမ်းမိုးထားကြလေသည်။

ရန်ကုန်မြို့ အုပ်ချုပ်ရေးနယ်ပယ်တွင် တရားဝင် အုပ် ချုပ်နေသော ပုလိပ်အဖွဲ့ကြီး ရှိနေသော်လည်း လူမိုက်များ၏ ဩဇာလွှမ်းမိုးမှုလောက် အရာမရောက်ကြပေ။

ထိုအချိန်က ရန်ကုန်မြို့ကို သုံးပိုင်းခွဲပြီး ဒီဝိုင်အက်(စ)ပီ ခေါ် မျက်နှာဖြူ ရဲဝန်ထောက် သုံးယောက်တို့က စီမံအုပ်ချုပ်ကြ သည်။

အများကတော့ ၎င်းတို့ကို 'မီလာသခင်' ဟု ခေါ်ကြ သည်။ ရန်ကုန်မြို့တွင် ကုလားသူဌေးများ ကြီးစိုးစဉ်အချိန်က ၎င်းတို့ စီးပွားရေးလုပ်ငန်းများကို အနှောင့်အယှက် မပေးနိုင်ကြ စေရန် လူယုံတော် ကုလားလူမိုက်များ မွေးထားကြသည်။

ရန်ကုန်မြို့မှာ ကုလားလူမိုက်များခေတ်ကို စတင်ခဲ့သူမှာ 'မော်စတီးခန်း' ဆိုသူပင်ဖြစ်သည်။



www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၃)

# လမ်းမတော်မိုးတုတ်နှင့် ပုဏ္ဏားဘာကွန်း

အမှန်တော့ ထိုခေတ်အခါက ရန်ကုန်မြို့တွင် လူမိုက်များ အလျှိုအလျှို ပေါ်ပေါက်လာအောင် သွေးထိုးလှုံ့ဆော်ပေးသူမှာ အခြားမဟုတ်ပေ။

အုပ်ချုပ်ရေးကို တာဝန်ယူထားကြသော ပုလိပ်အဖွဲ့မှပင်ဖြစ်သည်။

၎င်းတို့လက်အောက်၌ လူမိုက်များထားပြီး မျောက်ယူထားသောတုတ်နှင့် မျောက်ကို ရိုက်ခိုင်းခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်များကို လက်သပ်မွေးထားပြီး တစ်စုံတစ်ရာ ဖြစ်လာပါကလည်း အကာအကွယ်ပေးထားခဲ့သောကြောင့် ထိုခေတ်အချိန်က လူမိုက်များမှာ တစ်ဗိုလ်တစ်မင်း ဗိုလ်ကျခြယ်လှယ်နိုင်ကြခြင်းဖြစ်သည်။

မတ်စတီးခန်းမှာ လူမိုက်တစ်ဦးဖြစ်သော်လည်း ချမ်းသာကြွယ်ဝသူဖြစ်သည်။

သို့ကြောင့် ထိုခေတ်အခါက အုပ်ချုပ်ရေးပိုင်းမှ အရာရှိကြီးများအထိ ဝင်ဆန့်ပေါက်ရောက်သူဖြစ်သည်။

အရာရှိကြီးများက သူ့အတွက် နောက်မှရပ်ကာ အကာအကွယ် ပေးထားကြသည်။

ထို့ကြောင့် ထင်တိုင်းကြဲပြီး မိုက်ချင်တိုင်း မိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

လူမိုက်များကို နှိမ်နင်းရန် ပုလိပ်အဖွဲ့ကို တာဝန်ပေးထားသည်။ ပုလိပ်များက လူမိုက်နှင့် ပူးပေါင်းပြီး အကာအကွယ်ပေးထားသောအခါ လူထုမှာ အားကိုးစရာမရှိတော့ လူမိုက်များဗိုလ်ကျသမျှ ခံကြရလေတော့သည်။ မတ်စတီးခန်းမှာ ပုလိပ်မင်းကြီးအထိ ပေါက်ရောက်သူဖြစ်ပြီး အောက်မှ အရာရှိများကိုလည်း သင့်အောင် ပေါင်းထားလေသည်။

သို့ကြောင့် ကျန်ပုလိပ်များက ၎င်းပြုလုပ်သော အရာမှန်သမျှ မျက်ကွယ်ပြုပေးကြသည်။

မတ်စတီးခန်းက စတီးဘရားသားနှင့် ဆက်နွယ်သည့် စပါးအရောင်းအဝယ်လုပ်ငန်းလည်း လုပ်သည်။





စပါးသယ်ယူရေးတွင် အဓိကကျသော စီဘီများကိုလည်း ပိုင်ဆိုင်ထားသည်။

ထို့ပြင် ကမာရွတ်တွင် သူပိုင်သော မတ်စတီးဈေးကြီးရှိသည်။ ယခု ဈေးကြီးလမ်းဟုခေါ်သော ကြည့်မြင်တိုင်ဘက်တွင် ဒူရတီဘဇား ဈေးကြီးမှာလည်း အစုရှယ်ယာ ပါဝင်ထားသေးသည်။

ပထမပိုင်းက ၎င်းပိုင်ဆိုင်သောလုပ်ငန်းများကို အနှောင့်အယှက် ပေးလာသူများကို နှိမ်နင်းရန် ကုလားလူမိုက်များမွေးထားသည်။

နောက်တော့ လူမိုက်ခေါင်းဆောင်ဖြစ်လာသည်။

ထိုသို့ဖြစ်လာသော်လည်း သူကိုယ်တိုင်တော့ ဘယ်သောအခါမှ မလုပ်ဘဲ တပည့်လူမိုက်များကိုသာ စေခိုင်းသူ ဖြစ်သည်။ သူ့အနေနှင့် အရှိန်အဝါ ကောင်းသောကြောင့် အခြားသူများက မလှုန်ဝံ့ကြပေ။

စပတ်လမ်း(ယခု ဗိုလ်အောင်ကျော်လမ်း)မှ သိမ်ကြီးဈေးအထိ သူ့ပိုင်နက် နယ်နိမိတ်အဖြစ် သတ်မှတ်ထားသည်။ ထိုပိုင်နက်အတွင်းသို့ မည်သည့်လူမိုက်မှ မဝင်ဝံ့ပေ။

သူနေသောလမ်းမှာ ယခု ဗိုလ်ဆွန်ပက်လမ်းဟု ပြောင်းသဲ အမည်ပေးထားသော 'စကင်း မောင်ထောင်လေးလမ်း' ၌ဖြစ်သည်။

ထိုအမည်မှာ အင်္ဂလိပ်တို့ ပေးထားသောအမည်ဖြစ်သည်။ နောက်ပိုင်း သူ့အရှိန်အဝါ ကောင်းလာသောအခါ မတ်



www.burmeseclassic.com

www.burmeseclassic.com



စတီးလမ်း' ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

မတ်စတီးခန်းနှင့် မတီမ်းမယိမ်း ပေါ်ပေါက်ခဲ့သော ကုလားလူမိုက်တစ်ဦးမှာ 'မန်မဆာ' ဆိုသူဖြစ်သည်။ မန်မဆာ ပိုင်နက်မှာ ရန်ကုန်အရှေ့ပိုင်းနယ်မြေဖြစ်သည်။ သော်မဆင်မှာ တိုက်ဖြင့်နေပြီး ရထားလုံးများ ပိုင်ဆိုင်သူဖြစ်သည်။

သူကလည်း တပည့်လူမိုက် အများအပြားနှင့် တစ်ဗိုလ်တစ်မင်း နေသူဖြစ်သည်။

ရန်ကုန်တစ်မြို့လုံး နေရာအနှံ့ ကုလားလူမိုက်များ ကြီးစိုးမင်းမူနေသည်ကို မကျေနပ်သူမှာ လမ်းမတော်ဖိုးတုတ်ဖြစ်သည်။

လမ်းမတော်ဖိုးတုတ်က အဖွဲ့အားကိုးနှင့် မိုက်သူမျိုးမဟုတ်ဘဲ တစ်ကိုယ်တော် လူမိုက်တစ်ဦးဖြစ်သည်။ ကုလားလူမိုက်ခေတ်ကို စတင်ဖြိုလှဲခဲ့သူကို ပြပါဆိုလျှင် လမ်းမတော်ဖိုးတုတ်ကိုပင် ပြရပေသည်။ သူ ကုလားများ ကြီးစိုးနေသောနယ်မြေထဲသို့ တိုးဝင်လေသည်။

မတ်စတီးခန်း၏ ညာလက်ရုံးလည်းဖြစ်၊ ပန်းဆိုးတန်းနှင့် မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)ကြားမှာ သူတို့ ဖိန့်ဖိန့်တုန်အောင် ကြောက်နေရသည့် ကုလားလူမိုက် မာမွတ်ကို စပြီးဖြိုခဲ့သည်။

လမ်းမတော်ဖိုးတုတ်က နောင်အခါ သူ့တပည့်ဖြစ်လာမည့် သောင်တင်ဆိုသူနှင့် မာမွတ်ရှိရာသွားပြီး မူလီခေါင်းတပ်ထားသော ကြိမ်တုတ်ဖြင့် ရိုက်ပစ်ခဲ့သည်။





မာမွတ် မရှုမလှ ခံလိုက်ရပြီးနောက်ပိုင်းမှာ အုပ်စုဖြင့်သော်လည်းကောင်း၊ ဆရာအားကိုးဖြင့် မိုက်ဝံ့သော ကုလားလူမိုက်များ အရှိန်တန့်သွားကြသည်။

နောက်ပိုင်းမှာ လမ်းမတော်ဖိုးတုတ်က နာမည်ကြီးနေသော ကုလားလူမိုက်များကို တစ်ယောက်ပြီးတစ်ယောက် ဖြိုလှဲခဲ့လေသည်။

ထိုအချိန်က လမ်းမတော်ဖိုးတုတ်ခေတ် မတိုင်မီက လမ်းမတော်နယ်မြေတစ်ဝိုက်မှာ နာမည်ကြီးနေသော လူမိုက်တစ်ဦးရှိသည်။

မြန်မာလူမျိုးဖြစ်သော်လည်း ကုလားအမည်ဆန်ဆန် 'ပုဏ္ဏားဘကွန်း' ဟု အမည်နှင့် လူမိုက်လုပ်နေသူတစ်ဦးဖြစ်သည်။

ပုဏ္ဏားဘကွန်းမှာ ကိုယ်တိုင်လည်း သတ္တိရှိပြီး တပည့်တပန်းလည်း ကောင်းသည်။

သူလည်း လမ်းမတော်နယ်မြေတစ်ဝိုက်မှာ တစ်ဗိုလ်တစ်မင်း နေသူဖြစ်သည်။

ပုဏ္ဏားဘကွန်းမှာ မတ်စတီးခန်းနှင့် အဆက်အသွယ်ပြုလုပ်ထားပြီး အချင်းချင်း အပြန်အလှန် ကူညီပေးနေကြသူဖြစ်သည်။

ထိုအချိန်မှာ ပုဏ္ဏားဘကွန်းက ပုံမှန်အခြေအနေသာရှိပြီး လမ်းမတော်ဖိုးတုတ်နာမည်က တဖြည်းဖြည်း တွင်ကျယ်လာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နာမည်အရှိန်အဝါ တက်လာသည်နှင့် တပည့်တပန်းကလည်း အတန်အသင့် ရှိလာလေပြီ။

လမ်းမတော်မှာ ဖိုးတုတ်က လူမိုက်ဘွဲ့ ခံတော့မည်ဆိုတော့ လက်ရှိလူမိုက်ကို ဖြိုရပေမည်။

ထိုအချိန်က ပုဏ္ဏားဘကွန်း နေသောလမ်းမှာ အထက်ပိုင်းဖက်တန်း၊ အောက်ဘက်ပိုက်တန်းဟု ခေါ်သည့် (၁၁)လမ်းထဲမှာဖြစ်သည်။

တစ်နေ့သ၌ လမ်းမတော်ဖိုးတုတ်က ထိုလမ်းထဲသို့ တစ်ယောက်တည်း ဝင်သွားပြီး ပုဏ္ဏားဘကွန်း အိမ်ရှေ့မှာ ရပ်ပြီး စိန်ခေါ်လိုက်သည်။

"ပုဏ္ဏားဘကွန်း. . . ကျုပ်နာမည် လမ်းမတော်ဖိုးတုတ်ပဲ၊ အခု ခင်ဗျားရဲ့အိမ်ရှေ့မှာ ကျုပ်တစ်ယောက်တည်း လာရပ်နေတယ်၊ ခင်ဗျားနဲ့ကျုပ် တစ်ယောက်ချင်း သွေးစမ်းကြည့်ရအောင်၊ အောက်ကို ဆင်းလာခဲ့ပါ"

ဟု စိန်ခေါ်လိုက်သည်။

ပုဏ္ဏားဘကွန်းက ဆင်းမလာပေ။

သုံးကြိမ်သုံးခါ ခေါ်သည့်တိုင်အောင် ဆင်းမလာသောအခါ လမ်းမတော်ဖိုးတုတ်က ပြောသည်။

"ဒီကနေ့ကစပြီး ခင်ဗျားက လမ်းမတော်နယ်မြေ တစ်ဝိုက်မှာ လူမိုက်ပုဏ္ဏား မဟုတ်တော့ဘူး၊ ဆန်တောင်းတဲ့ပုဏ္ဏားဖြစ်သွားပြီ၊ အခုချိန်ကစပြီး လမ်းမတော်နယ်မြေက လူမိုက်က ခင်ဗျားမဟုတ်တော့ဘူး၊ လမ်းမတော်ဖိုးတုတ် ဖြစ်သွားပြီ"





ဟု ကြွေးကြော်ပြီး ပြန်ထွက်လာခဲ့သည်။

ထိုကဲ့သို့ စိန်ခေါ်မှုသတင်းက လမ်းမတော်နယ်မြေ တစ်ဝိုက်မှာ ချက်ချင်းပြန့်နှံ့သွားသည်။

တစ်ဆင့်စကား တစ်ဆင့်ကြားပြီး ချဲ့ကားပြောကြသည်။

ထိုသတင်းများနှင့်အတူ လမ်းမတော်ဖိုးတုတ်နာမည်မှာ လူမိုက်လောကတွင် ပြန့်နှံ့သွားသည်။

နယ်မြေအသီးသီးမှာရှိသော လူမိုက်များလည်း သူ့ထံမှာ တပည့်ခံလာကြသည်။

လမ်းမတော်ဖိုးတုတ် နာမည်ကြီးလာသောအခါ ကုလားလူမိုက်များ မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

သို့ကြောင့် ရှေးအခါက ကုလားလူမိုက်များ ကြီးစိုးနေခြင်းကို တွန်းလှန်ပစ်သူမှာ မြန်မာလူမိုက်တစ်ဦးဖြစ်သည့် လမ်းမတော် ဖိုးတုတ်က စတင်ခဲ့ခြင်းဆိုက မှားမည်မဟုတ်ပေ။

လမ်းမတော်ဖိုးတုတ် ပေါ်ပေါက်လာပြီး မရှေးမနှောင်းမှာပင် ဗိုလ်တထောင်ဘက်မှာ 'ဗိုလ်တထောင်ငမိုး' ဆိုသော မြန်မာလူမိုက်တစ်ဦး ပေါ်လာသည်။

ဗိုလ်တထောင်ငမိုး ပေါ်လာတော့ ယခင်က ဗိုလ်တထောင်တစ်ဝိုက်မှာ ကြီးစိုးမင်းမူနေကြသော မန်မဆာ၏ကုလားလူမိုက်များကို ဖယ်ရှားရှင်းလင်းခဲ့သည်။

နောက်ပိုင်းမှာတော့ ကုလားလူမိုက်များ ခေါင်းမထောင်ဝံ့ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဖိုးတုတ်၊ ဗိုလ်တထောင်ငမိုးတို့ခေတ် နောက်ပိုင်း ဒုတိယကမ္ဘာစစ် ပြီးသောအခါမှာလည်း ကုလား လူမိုက်ခေတ် မရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော် . . .

ကုလားသူဌေးကြီး အတော်များများမှာ အင်္ဂလိပ်များ သိမ်းပိုက်အုပ်ချုပ်သော အချိန်ကာလ တစ်လျှောက်လုံး တရား သည့်နည်းနှင့်ရော မတရားသည့်နည်းနှင့်ပါ ရှာဖွေစုဆောင်း ထားသော ရွှေငွေရတနာ ဥစ္စာပစ္စည်းများတို့ကို ထုပ်ပိုးယူဆောင် ကာ အိန္ဒိယသို့ ပြန်သွားကြသောကြောင့်ဖြစ်သည်။

ထိုသို့ပြန်ကြရာမှာ အချို့လည်း ၎င်းတို့ ပိုင်ဆိုင်သော အဆောက်အအုံ၊ သင်္ဘောစီဘီ၊ ဆန်စက်၊ သစ်စက်၊ ကုမ္ပဏီ၊ ပွဲရုံ၊ ဈေး၊ တိုက်တာခြံမြေ၊ လယ်မြေတို့ကို ရသည့်ဈေးဖြင့် ရောင်းချသွားကြသည်။

လွတ်လပ်ရေး ရပြီးစ အချိန်ကာလက ကုလားသူဌေး များထံမှ အဆောက်အအုံများ၊ မြေကွက်များ၊ စက်ရုံအလုပ်ရုံ များကို ဈေးသက်သက်သာသာဖြင့် အလကားလိုလို ရလိုက်သူ များ ရှိသည်။

အချို့မှာ ကုလားသူဌေးများ မရှိကြတော့သည့်နောက် ပိုင်း မြေများ၊ အိမ်များကို အတင်းဝင်ရောက် နေရာယူကြရာမှ အိမ်ခြေရာခြေ မရှိသောဘဝမှ တိုက်ပိုင်အိမ်ပိုင်၊ မြေပိုင်များဘဝ ရောက်ခဲ့ကြသူများလည်း ရှိသည်။

အချို့ကုလားများမှာတော့ အိန္ဒိယ ပြန်လျှင်လည်း မထူး





တော့ပြီမို့ မြန်မာပြည်မှာပဲ ကျန်ခဲ့ကြရင်း သင့်တော်သလို လုပ် ကိုင်စားသောက်ကြလေသည်။

အချို့ကုလားသူဌေးကြီးများကတော့ ၎င်းတို့ ယုံကြည် အားကိုးရသောတပည့်များကို ယုံကြည်စိတ်ချစွာဖြင့် ပေးကမ်း ထားခဲ့သည်မျိုး ရှိသည်။

တစ်ချိန်က ရန်ကုန်မြို့လယ်တစ်ခုလုံးကို ကုလားများ ချည်းသာ အုပ်စိုးထားပြီး လမ်းတိုင်း၊ နေရာတိုင်းမှာ အချက်အ ချာကျသောနေရာတိုင်း ကုလားအမည်နှင့် ပိုင်ဆိုင်သော နေရာ များသာဖြစ်ခဲ့လေသည်။

ထိုအထဲတွင် နရဏီ ကုမ္ပဏီမှသူဌေး နာရသန်တို့လည်း ပါဝင်လေသည်။

နာရသန်မှာ ကုလားသူဌေးကြီးတစ်ယောက်၏အားကိုး ရသော လူယုံတော်ဖြစ်ခဲ့ပြီး ထိုသူဌေးကြီး ပြန်သွားသောအခါ ကုမ္ပဏီ ထူထောင်ပြီး လုပ်ငန်းဆက်လုပ်နေခြင်းဖြစ်သည်။

၎င်းကုမ္ပဏီမှ အဓိက ပြုလုပ်သောလုပ်ငန်းမှာ ရှေး ဟောင်း ရတနာပစ္စည်းများ ရှာဖွေတူးဖော်ရေးလုပ်ငန်းပင် ဖြစ် သည်။

စစ်ပြီးကာလက ထိုကဲ့သို့ ရတနာ ရှာဖွေသောလုပ်ငန်း အတော်များများ ပေါ်ပေါက်ခဲ့သည်။

အချို့က အစိုးရထံမှာ လိုင်စင်ယူ ခွင့်တောင်းပြီးမှ တ ရားဝင် လုပ်ကိုင်ကြသည်။

အချို့ကတော့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သိုသိုသိပ်သိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ကြလေသည်။

ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် မြန်မာနိုင်ငံမှာ စေ့စေ့ ညက်ညက်ကျေအောင် အထိနာခဲ့လေသည်။

စေတီဘုရားများ ပြိုပျက်ခြင်း၊

အဆောက်အအုံများ ပြိုပျက်ခြင်း၊ သင်္ဘောများ နစ်မြုပ်ခြင်းများကြောင့် ရတနာပစ္စည်းအတော်များများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အချို့က မြေအောက်သို့ ရောက်သွားကြသည်။

အချို့က ရေအောက်သို့ ရောက်သွားခဲ့ကြလေသည်။

ရေအောက်မြေအောက် ရတနာ ရှာဖွေရေးလုပ်ငန်းများက ထိုရတနာပစ္စည်းများကို အဓိကထားကာ ရှာဖွေကြလေသည်။

ကီလီနှင့် မဝေးလှသော ကမ်းနားလမ်းတစ်ဝိုက်တွင် ထိုကဲ့သို့ ရတနာရှာဖွေသောကုမ္ပဏီများ အစီအရီ ရှိကြလေသည်။ နာရသန်၏ နရဏီကုမ္ပဏီ၏ မနီးမဝေးမှာပင် မြန်မာအမျိုးသား ဦးမြတ်ကောင်းပိုင်သော မြတ်ကောင်းကုမ္ပဏီနှင့် ရခိုင်တိုင်းရင်းသား ဦးနေဒွန်းပိုင်သော ကြီးပွားရေးကုမ္ပဏီတို့အပြင် အခြားကုမ္ပဏီများလည်း ရှိပေသေးသည်။

ဦးနေဒွန်းကတော့ ရန်ကုန်မြို့မှ ဆန်၊ ရေနံ၊ ဓာတ်ဆီအစရှိသောပစ္စည်းများကို စက်လှေ သင်္ဘောများနှင့် တင်ပြီး မြိတ်၊ ထားဝယ်၊ ရေး၊ ကော့သောင်းအထိ သွားရောက်ကာ ရောင်းချသည်။





အပြန်တွင် ထိုဒေသထွက်ကုန်များဖြစ်သော ငါးခြောက်၊ ပုစွန်ခြောက်၊ ပုလဲ၊ ငှက်သိုက် စသောပစ္စည်းများကို ရန်ကုန်သို့ ပြန်သယ်ကာ ရောင်းချနေသူဖြစ်သည်။

၎င်းထံမှာ စက်လှေသုံးလေးစီးရှိပြီး အသွားကုန် အပြန်ကုန်တင်ကာ အကျိုးအမြတ်များစွာရနေသူဖြစ်သည်။ ဦးနေဒွန်းမှာ သာမန်အလုပ်သမားဘဝမှ တိုးတက်ကြီးပွားလာသူဖြစ်သောကြောင့် အလုပ်တွင် အောက်သက်ကြေသူဖြစ်ပေသည်။

ကုမ္ပဏီ ထူထောင်ထားစေကာမူ ပင်လယ်ခရီးသွားသည့်အခါ အလုပ်သမားများချည်း မလွှတ်ဘဲ ကိုယ်တိုင်လိုက်ပါကာ ကြီးကြပ်ပေးလေ့ရှိသည်။

ဦးမြတ်ကောင်း ပိုင်ဆိုင်သော မြတ်ကောင်းကုမ္ပဏီကတော့ ထိုသို့မဟုတ်ပေ။ ကမ်းနားလမ်းမပေါ်မှာ ဖွင့်ထားသော တိုက်ကြီးက ကြီးကျယ်ခမ်းနားလှသည်။

တိုက်ရှေ့မျက်နှာစာတွင် ရွှေစာလုံးဖြင့် ရေးထားသော "မြတ်ကောင်း ကုမ္ပဏီ" ဟူသောဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထားလေသည်။

အတွင်းပိုင်းမှာလည်း ရုံးခန်းကြီးသဖွယ် ပြင်ဆင်ထားရုံမှက အတွင်းဘက်တွင် အစည်းအဝေးခန်းသဖွယ် ပြုလုပ်ထားသော အခန်းကျယ်ကြီးတစ်ခု ရှိသည်။

ဦးမြတ်ကောင်း၏ကုမ္ပဏီမှာ ရေအောက်ရတနာပစ္စည်းရှာဖွေရေးလုပ်ငန်းမှာ တစ်ဦးတည်းပိုင် မဟုတ်ဘဲ အစုရှယ်ယာဝင် အတော်များများ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့ အဓိကပြုလုပ်သော လုပ်ငန်းများမှာ ရေအောက်တွင် နစ်မြုပ်နေသောသင်္ဘောပျက်များကို ဖော်ယူခွင့်လိုင်စင်တင်ပြီး ထိုသင်္ဘောများမှာပါသော ရတနာပစ္စည်းများကို ရှာဖွေယူခြင်းဖြစ်သည်။

စစ်ကာလအတွင်းက အိန္ဒိယဘက်သို့ပြန်သောသင်္ဘောအတော်များများ ပင်လယ်ပြင်မှာ နစ်မြုပ်သွားခဲ့ကြလေသည်။

အချို့လည်း ဗုံးထိပြီး မြစ်ချောင်းများအတွင်းမှာ နစ်မြုပ်ပျက်စီးခဲ့ကြသည်။

အတော်များများမှာ မြန်မာပြည်မှ ယူသွားသောရတနာပစ္စည်းများ တင်သွားသည့် အင်္ဂလိပ်သင်္ဘောများ၊ ကုလားသူဌေးများ၏သင်္ဘောများ အများဆုံး ပါဝင်လေသည်။

ထိုသင်္ဘောများကို ရှာဖွေခြင်းဖြင့် ရတနာပစ္စည်း အမြောက်အမြား ရရှိနိုင်ကြလေသည်။

သို့ကြောင့် ဦးမြတ်ကောင်းကုမ္ပဏီတွင် အစုရှယ်ယာဝင်အတော်များများ ရှိလေသည်။





## အခန်း(၄)

# ပြန်ထလာသောအလောင်းများ

နရဏီကုမ္ပဏီ၏သူဌေးကြီး နာရသန်ကတော့ အကြံကြီးသူတစ်ဦး ဖြစ်ပေသည်။

သူသည် ရှေးဟောင်း ရတနာပစ္စည်း ရှာဖွေရောင်းဝယ်ရေးကုမ္ပဏီဟု အမည်တပ်ထားသော်လည်း လုပ်ငန်းအတော်များများကို လုပ်ကိုင်သူဖြစ်သည်။

အမှန်တော့ ၎င်း၏အဓိကလုပ်ငန်းမှာ ဘုရားပျက်ကျောင်းပျက်များမှ ဌာပနာထည့်ထားသော ရတနာပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှာဖွေတူးဖော်ယူခြင်း၊ အခြားမှ လာရောင်းလျှင် ဈေးချိုချိုနှ
ဝယ်ယူပြီး အမြတ်အစွန်းများများရလျှင် ပြန်ရောင်းလေ့ရှိသည်

ထိုကာလက ဗုံးဒဏ်၊ စစ်ဘေးစစ်ဒဏ်တို့ကြောင့် မြ
မာပြည်အနှံ့အပြားမှာ စေတီပုထိုး၊ ကျောင်း စသည်တို့ အဆော
များများ ပျက်စီးနေပေရာ နာရသန်တို့အတွက် များစွာအလု
ဖြစ်ကြလေသည်။

သူတို့သည် ရေအောက် မြေအောက်မှာ ရှိသော ဘုရ
ပျက်များမှ ရှေးလူတို့ ထည့်ထားသော ရတနာပစ္စည်းများက
ရှာဖွေယူကြသည်။

အစိုးရထံမှ လိုင်စင်ယူသောအခါ လိုင်စင်စာရွက်တွ
စေတီ၊ ဘုရား၊ ကျောင်းကန်များအား ဖြိုဖျက်ခြင်း မပြုရဟူသော
စည်းကမ်းချက် ပါသည်။

နာရသန်တို့က ထိုစည်းကမ်းချက်ကို လက်တစ်လုံးခြ
လုပ်ကြလေသည်။

စေတီ၊ ဘုရားများကို ဖြိုဖျက်ခြင်းတော့ မပြုကြပေ၊

သို့သော် ပြိုပျက်နေပြီးသောနေရာမှာတော့ ရတနာမျ
ကို စိတ်တိုင်းကျ ရှာဖွေကြလေသည်။

ယခင်က ရန်ကုန်မြို့ နယ်နိမိတ်အတွင်း၌ ရွှေတိဂုံစေတ
တော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်တို့ကဲ့သ
ထင်ရှားခြင်း မရှိသော်လည်း သူ့နေရာနှင့်သူ ထင်ရှားသော
စေတီတော်အချို့ ရှိခဲ့ဖူးသည်။

ထိုစေတီတော်အချို့မှာ နာရသန်တို့လို မသမာသူမျ





လက်ချက်ကြောင့်သော်လည်းကောင်း၊ လူမျိုးကွဲ သူဌေးများ
ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်
ရန်ကုန်မြို့ နယ်နိမိတ်အတွင်းမှ ကွယ်ပျောက်သွားခဲ့ရသော
စေတီတော်(၆)ဆူ ရှိလေသည်။

ငင်းစေတီ(၆)ဆူမှာ. . .

## (၁) ကျိုက်မဲ သံကာရောစေတီ

ယခု သိမ်ကြီးဈေးတန်း ဆောက်ထားသည့်နေရာတွင်
တည်ရှိခဲ့ပြီး ဆူးလေစေတီတော်နှင့် ပုံသဏ္ဌာန်တူ၍ နောင်တော်
ကြီးစေတီတမျှ ကြီးသည်။

မဟာရံတံတိုင်းကို သစ်သားဖြင့် ကာရံထားသည်။

ဘုရားစောင်းတန်းနှင့်တကွ အုတ်ကြွပ်မိုး ဇရပ်ကြီးများ
လည်း ရှိသည်။

ဘုရားအရှေ့ဘက် စောင်းတန်းထိပ်တွင် သိမ်ကြီးတစ်
လုံးလည်း ရှိသည်။

နောက်ပိုင်း ကုလားသူဌေးများက ထိုနေရာကို ဝယ်ယူ
ပြီး ဈေးဆောက်သည်။ လမ်းမလွတ်သောကြောင့် ဘုရားနှင့်
အဆောက်အအုံအားလုံးကို ဖယ်ရှားပစ်ခဲ့သောကြောင့် ကွယ်
ပျောက်ခဲ့ရလေသည်။

ထိုနေရာမှာ ဆောက်သောဈေးကို ဖြိုဖျက်ပစ်လိုက်
သော သိမ်ကြီးကို အစွဲပြုပြီး 'သိမ်ကြီးဈေး' ဟု ယခုတိုင် အမည်
တွင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂) ကမာကမှုစေတီ

ဗိုလ်အောင်ကျော်လမ်းနှင့် အနော်ရထာလမ်းထော[င့်] သူရိယ သတင်းစာတိုက် အနောက်ဘက်ရှိ ဝန်ကြီးများရုံးနှ[င့်] မျက်နှာချင်းဆိုင်၌ရှိသော ဟိန္ဒူဘုရားရှိခိုးကျောင်းအနီးတွ[င်] တည်ရှိခဲ့သည်။

ထိုစေတီတော်အနီးတွင် ရဟန္တာ သိမ်တစ်လုံး ရှိ[၍] ကသစ်ပင် ကုန်းသိမ်၊ မြင်းခင်းသိမ်ဟု ခေါ်ခဲ့ကြသည်။

## (၃) ကျိုက်ဒေးတဲ့(ထောင်မှူးဘုရား)စေတီ

ဘုန်းကြီးလမ်းနှင့် ကျုံးကြီးလမ်းထောင့်၌ တည်ရှိ[ခဲ့] သည်။ (၁၂၁၃)ခုနှစ်ပိုင်းက စေတီငုတ်တိုမှ ရောင်ခြည်တော[်] များ လွှတ်သဖြင့် ထင်ရှားလာခဲ့သည်။ ထိုဘုရားငုတ်တိုကို အ[စွဲ] ပြုပြီး ဘုန်းကြီးလမ်းကို ယခင်က ဘုရားငုတ်တိုလမ်းဟု ခေါ်တွ[င်] ခဲ့ကြသည်။ ဗြိတိသျှခေတ်တွင် ထိုဘုရားအနီးတွင် ထောင်ကြီ[း] တစ်လုံး တည်ဆောက်ခဲ့ပြီး အကျဉ်းသားများ ထားခဲ့လေသည်။

ဘုရားငုတ်တိုမှာ ထောင်မှူးများနေသော နေရာအ[] တွင်း၌ ရှိသဖြင့် ကျိုက်ဒေးတဲ့(ထောင်မှူးဘုရား)ဟု အမည်တွင်ခဲ့ လေသည်။

## (၄) ကျိုက်ဂွဲကမော့စေတီ

ရွှေတိဂုံစေတီတော် အနောက်ဘက်၊ ယခု အလုံအရပ် နှင့် ဆက်စပ်လျက်ရှိသောနေရာများမှာ ရှေးအခါက သစ်တော[]





[]င်း ဥယျာဉ်ခြံများသာရှိရာ စေတီတော်သည် ထိုဥယျာဉ်ခြံများအ[တွ]င်း၌ တည်ရှိခဲ့သည်။

ဗြိတိသျှခေတ် ရောက်သောအခါ ထိုဒေသအတွင်း၌ [အ]ရာမှတ်ကြီးကျောင်း၊ ကူရှင်ဟော၊ ကူရှင်ဟိုက်စကူးကျောင်း [မျ]ား တည်ဆောက်သောအခါ အင်္ဂလိပ်တို့က ကျောင်းဆောက် [ရ]ာ မလွတ်သဖြင့် စေတီနှင့်သိမ်ကို ဖယ်ရှားပစ်သဖြင့် ကွယ် [ပျ]ောက်သွားခဲ့ရသည်။

ကျိုက်ဂွဲကမော့ အဓိပ္ပါယ်မှာ 'ညောင်ပင်ကုန်းဘုရား' [ဟု]၍ဖြစ်သည်။

## (၅) ကျိုက်ဒင်မဲစေတီ

ရွှေတိဂုံစေတီတော် အနောက်မြောက်အရပ်၌ရှိသော ဥယျာဉ်အတွင်း၌ တည်ရှိခဲ့သည်။

စေတီတော်တည်ရာတွင် ကြီးကြပ်ပေးခဲ့သော 'ဒင်မဲ' အမည်ရှိသော အမတ်အမည်ကို အစွဲပြုလျက်၊ ကျိုက်ဒင်မဲစေတီ ဟု အမည်တွင်ခဲ့ခြင်းဖြစ်၏။

## (၆) ကျိုက်ခပေါက်ခနွတ်စေတီ

ရှေးအခါက အလံပြဘုရားလမ်းတွင် တည်ရှိခဲ့ပြီး မင်း လက်ဝဲဘုရား၊ အလံပြဘုရားဟု အမည်တွင်ခဲ့လေသည်။

ကျိုက်ခပေါက်ခနွတ်စေတီ၏ အဓိပ္ပါယ်မှာ ခုနစ်တော[င်] ခုန်နိုင်သော အမတ်ကြီးဘုရားဟု အဓိပ္ပါယ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစေတီတော်(၆)ဆူမှာ တစ်ချိန်က ထင်ရှားစွာရှိခဲ့သော်လည်း လူမျိုးကွဲ၊ ဘာသာကွဲများ ဖျက်ဆီးခဲ့သဖြင့် ရန်ကုန်မြို့အတွင်းမှ ကွယ်ပျောက်သွားခဲ့ရသော စေတီတော်(၆)ဆူတို့ပင် ဖြစ်ပါသည်။

နာရသန်တို့၏ အဓိကလုပ်ငန်းမှာ ထိုဘုရားပြို ဘုရားပျက်များ ရှိသောနေရာကို လိုက်လံရှာဖွေပြီး ရှေးလူတို့ သိုဝှက်မြှုပ်နှံထားခဲ့သော ဌာပနာပစ္စည်းများနှင့် ရွှေငွေရတနာများကို ရှာဖွေတူးဖော်ယူကြခြင်းဖြစ်သည်။

တစ်နေ့သ၌ နာရသန် ရှိသော ကုမ္ပဏီရုံးခန်းအတွင်းသို့ ၎င်းစေလွှတ်ထားသောတပည့်များထဲမှ စူရတီ ခေါင်းဆောင်သော ကုလားသုံးယောက်တို့ ရောက်လာပြီး ၎င်းတို့ ရလာသောသတင်းကို လာပြောကြသည်။

"ဘာသတင်းထူးသလဲ စူရတီ"

"ထူးတယ် ဆရာကြီး၊ တညင်(သံလျင်)ဘက်ကမ်းမှာ ဥယျာဉ်ခြံလုပ်ဖို့ တောတွေကို ခုတ်ထွင်ရှင်းလင်းရင်းနဲ့ အုတ်ပုံကြီးတစ်ခု ပေါ်လာတယ်လို့ သတင်းကြားတယ်"

"သေချာရဲ့လား. . . ဘယ်နေရာလောက်မှာ တွေ့တာတဲ့လဲ"

"မြစ်ကမ်းနဲ့ သိပ်မဝေးဘူးလို့ ပြောတယ်၊ အဲဒီနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေ မရှိဘူး၊ တောတွေ ချုံတွေပဲ ရှိတယ်၊ ရေနံချက် စက်ရုံပျက်ကြီးနဲ့ မဝေးဘူး"

စူရတီက အားကိုးရသော တပည့်တစ်ဦးပီပီ ၎င်းစုံစမ်းရခဲ့သောသတင်းများကို သေသေချာချာ ပြောပြလေသည်။

ဂျပန်များ ဝင်လာသောအချိန်က ရေနံချက်စက်ရုံများကို ဖျက်ဆီးပစ်ခဲ့သည်။

ဂျပန်တို့က ပျက်စီးနေသော သံကန်ကြီး(၆၀)ခန့်အနက် (၄)ကန်ကိုသာ ပြင်ဆင်သုံးစွဲခဲ့သည်။

ဒုတိယကမ္ဘာစစ် ပြီးသွားသောအခါ ရေနံချက်စက်ရုံမှာ အပျက်အစီးများနှင့်သာ ကျန်ခဲ့သောကြောင့် ရေနံချက်စက်ရုံအပျက်ကြီးဟု ခေါ်ဝေါ်ကြသည်။

"နောက်ထပ်သတင်းတစ်ခုလည်း ကြားခဲ့ရသေးတယ်"

"ဘာလဲကွ"

"အင်္ဂလိပ်တွေ ပြေးတော့ သူတို့ ရှာဖွေစုဆောင်းထားတဲ့ ရွှေငွေရတနာတွေကို စက်ရုံကြီးနဲ့ မနီးမဝေးနေရာတစ်ဝိုက်မှာ မြှုပ်ထားခဲ့တယ်လို့လည်း သတင်းကြားခဲ့သေးတယ်"

စူရတီ ပြောသမျှ အကြောင်းအရာများထဲမှာ ထိုအကြောင်းသည် နာရသန်အတွက် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး ဖြစ်ပေတော့သည်။

"မင်းပြောတဲ့အတိုင်း မှန်မမှန် ငါကိုယ်တိုင် သွားကြည့်မယ်၊ တကယ်လို့ အကျိုးအမြတ် ရှိတယ်ဆိုရင်တော့ မင်းတို့အတွက် ဘောက်ဆူးကောင်းကောင်း ချရမှာပေါ့ကွာ"

ဟု ပြောဆိုပြီး စက်လှေတစ်စင်းဖြင့် သံလျင်ဘက်ကမ်းသို့ ကူးကြလေသည်။

ထိုအချိန်က သံလျင်ရေနံချက်စက်ရုံတစ်ဝိုက်မှ သစ်







www.burmeseclassic.com

www.burmeseclassic.com



တောနှင့် ချုံနွယ်ပိတ်ပေါင်းများသာ ရှိပြီး လူနေအိမ်ခြေ မရှိသေးပေ။

ထို့ပြင် ရေနံချက်စက်ရုံမှာလည်း ဗုံးဒဏ်ကြောင့် အဆောက်အအုံများများ ပျက်စီးလျက်ရှိနေသည်။

နာရာသန်တို့ သွားသောနေရာမှာ ရေနံချက်စက်ရုံ ရှိသောနေရာ၏ တောင်ဘက်တွင်ဖြစ်သည်။

ထိုနေရာမှာ မြစ်ကမ်းနှင့် မဝေးလှဘဲ ကမ်းစပ်တွင် လမုတောများနှင့် လတာပြင်များသာ ရှိသည်။

ကုန်းပေါ်မှာတော့ တောင်ကုန်းနှင့်ချိုင့်ဝှမ်းများ ရှိသည်။ ထိုနေရာတစ်ဝိုက်မှာလည်း ချုံနွယ်ပိတ်ပေါင်းများက ဖုံးအုပ်ထားလေသည်။

ယခင်က ရေနံချက်စက်ရုံမှာ အလုပ်လုပ်ခဲ့သောမာမွတ်ဆိုသောကုလားမှာ ရေနံချက်စက်ရုံမှာ အလုပ်မရှိတော့သဖြင့် ထိုနေရာနှင့် မနီးမဝေးမှာ သီးနှံစိုက်ခင်း စိုက်ပျိုးစားသောက်ရန် ချုံနွယ်များ ရှင်းလင်းရာမှ တောင်ကုန်းလိုလို ဖြစ်နေသော အုတ်ပုံကြီးကို တွေ့ရလေသည်။

ထိုသတင်းကို စူရတီတို့ ကြားပြီး လာရောက်ကြည့်ရှုကြပြီးနောက် နာရာသန်ကို သတင်းပေးကြခြင်းဖြစ်လေသည်။

သံလျင်ရောက်သောအခါ မာမွတ်က ထိုနေရာကို လိုက်ပြပေးသည်။

နံဘေးတွင် ချုံနွယ်ပိတ်ပေါင်းများ ဝန်းရံနေပြီး မာမွတ်ရှင်းထားသော နေရာတစ်ဝိုက်မှာတော့ ကွက်လပ်ကြီး ဖြစ်နေ





သည်။

အုတ်ကျိုးအုတ်ပဲ့များလည်း တွေ့ကြရသည်။

နာရာသန်မှာ ထိုနေရာမျိုးကို တူးဖော်ရှာဖွေရာမှ ရတနာပစ္စည်းများ ရခဲ့ဖူးသောကြောင့် ထိုနေရာကို တူးရန်လည်း စိတ်ဝင်စားလေသည်။

သူသည် ထိုနေရာတစ်ဝိုက်မှာပင် စခန်းချပြီးနောက် ကုလားအလုပ်သမားများနှင့် တူးဖော်ရန် ပြင်ဆင်လေတော့သည်။

အချိန်မှာ နေ့လယ်ပိုင်းအချိန်ပင်ဖြစ်သည်။

၎င်းတို့ မြေကြီးများတူးရန် ပြင်ဆင်နေစဉ်မှာ ချုံနွယ်များအနောက်ဘက်မှ ခြေသံများ ကြားရသည်။

ကြည့်လိုက်တော့ အပေါ်အင်္ကျီ မပါဘဲ ခါးတောင်းမြှောင်အောင်ကျိုက်ကာ သျှောင်တစောင်းထုံးထားသော လူသုံးယောက် ထွက်လာသည်။

“ဘာကြောင့် ဒီနေရာကို လာတူးနေတာလဲ၊ ဒီနေရာက ငါတို့နေတဲ့နေရာ”

“မင်းတို့ နေတဲ့နေရာလည်း ငါတူးချင်တူးမှာပေါ့။ ငါတို့က အစိုးရဆီမှာ လိုင်စင်ရထားပြီးသားပဲ”

“မတူးပါနဲ့ . . . ဒီနေရာက အစိုးရ ပိုင်တာမဟုတ်ဘူး၊ ငါတို့ ပိုင်တဲ့နေရာပဲ”

“မင်းတို့ မတူးနဲ့ဆိုလည်း ငါတို့ကတော့ တူးရမှာပဲ”

“ပြောမရလည်း မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ လူသုံးယောက်က တောထဲပြန်ဝင်သွားကြလေသည်။

နာရသန်၏အလုပ်သမားများကလည်း သူတို့တူးလက်စအလုပ်ကို ဆက်တူးကြလေသည်။

ညနေပိုင်းအချိန်ရောက်တော့ မြေအောက်မှ လေးထောင့်ပုံသဏ္ဍာန်ရှိသော အုတ်တိုက်နှင့် ပုံသဏ္ဍာန်တူသော အဆောက်အအုံတစ်ခု ပေါ်လာလေသည်။

၎င်းတို့က ညနေစောင်းအချိန် ရောက်လာပြီမို့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဆင်းလာချေပြီ။

ထိုအချိန်တွင် တောထဲမှ အဘိုးကြီးတစ်ယောက် လာပြန်လေသည်။

"မြေအောက်မှာရှိတဲ့ဂူကို တူးလို့မရဘူး"

"ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်တို့က တူးဖော်ခွင့် ရထားတဲ့လူတွေပဲ၊ ကြိုက်တဲ့နေရာ တူးမှာပဲ"

"တူးရင် အန္တရာယ် တွေ့မှာမို့ လာပြီးသတိပေးတာပါ"

"ဘယ်လိုအန္တရာယ်မျိုးလဲ"

"တူးရင် တွေ့လိမ့်မယ်၊ ဖွင့်ကြည့်ရင် အန္တရာယ် တွေ့ရလိမ့်မယ်"

"ခင်ဗျားပြောလည်း မယုံဘူး၊ ကျုပ်တို့အလုပ် ကျုပ်တို့ဆက်လုပ်ရမှာပဲ"

"ဒါကတော့ သဘောပေါ့၊ ကိုယ့်ပြုတဲ့ အကုသိုလ်ကံအတိုင်း ခံကြရမှာပဲ"





ထိုစကားကြောင့် နာရသန်မှာ ဒေါသဖြစ်သွားလေသည်။

မိမိအလုပ်ကို လာရောက်အနှောင့်အယှက်ပေးသူဟု ယူဆသောကြောင့် အဘိုးကြီးကို ရန်ပြုရန်ပင် စိတ်ကူးလိုက်သေးသည်။

ထိုအချိန်မှာပင် အဘိုးကြီးက တောထဲသို့ ပြန်ဝင်သွားလေပြီ။ မြေအောက်မှ အုတ်ဂူတစ်ခု ပေါ်လာပြီဖြစ်သောကြောင့် နာရသန်တို့အဖွဲ့လည်း ရန်ကုန်ဘက်ကမ်းသို့ မပြန်ကြတော့ဘဲ ထိုနေရာတစ်ဝိုက်မှာပင် စခန်းချနေကြသည်။

ည၉ နာရီပိုင်းအချိန် ရောက်သောအခါ မီးတိုင်များ ထွန်းပြီး ကုလားအလုပ်သမားများက ထိုအုတ်ဂူကို ဖောက်ထွင်းရန် ကြိုးစားကြသည်။

မြေကျင်းအပေါ်မှ နာရသန်တို့က စိတ်ဝင်စားစွာဖြင့် ကြည့်ကြလေသည်။

ည၉ နာရီပိုင်းအချိန်ရောက်သောအခါ အမှောင်ရိပ်များ ရှိနေသော်လည်း မီးတိုင်များ ထွန်းထားသောကြောင့် အလင်းရောင်များ ရှိနေကြသည်။

အုတ်သားဖြင့် ပြုလုပ်ထားသော အုတ်ဂူအပေါ်ပိုင်းကို ပေါက်ချွန်း၊ ပေါက်ပြားများဖြင့် အဆက်မပြတ် ပေါက်နေသောအသံများက ပေါ်ထွက်နေသည်။

အတန်ကြာသောအခါ လေပိုက်မှ မှုတ်ထုတ်လိုက်သောအသံကဲ့သို့ ကျယ်လောင်သောအသံမျိုးကြီး ပေါ်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ရှုး. ."

ဟူသောအသံမျိုးကြီးဖြစ်ပြီး ကျင်းထဲမှ မြေကျင်းတူးနေသော ကုလားသုံးယောက်စလုံး လဲကျသွားလေတော့သည်။ မြေကျင်းမှာ အောက်သို့ လေးပေခန့်နက်ပြီး အကျယ်မှာ (၆)ပေခန့် ရှိလေသည်။

"ဘာသံကြီးလဲဟ"

အပေါ်မှ ငုံ့ကြည့်လိုက်တော့ တွင်းထဲမှာ မီးခိုးရောင်ကဲ့သို့ ပြာလဲ့လဲ့ အခိုးအငွေ့များ ဝေ့ဝဲနေသည်ကို မြင်ကြရသည်။ ထိုအခိုးအငွေ့များက တွင်းထဲမှ အပေါ်သို့ ဝေ့တက်လာရာ အပေါ်မှ ငုံ့ကြည့်နေသူအချို့မှာလည်း ထိုအငွေ့များထိပြီး လဲကျသွားလေသည်။

ထိုအခြေအနေကိုမြင်သောအခါ နာရသန်မှာ ကြောက်လန့်တကြားနှင့် နောက်သို့ ဆုတ်သွားလေသည်။

အပြာရောင်လိုလို အဖြူရောင်လိုလို အခိုးအငွေ့များက တွင်းပေါ်သို့ တလူလူ တက်လာပြီး အတန်ကြာတော့မှ တဖြည်းဖြည်း ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ ကြည့်လိုက်ရာ တွင်းနှုတ်ခမ်းမှာ လူနှစ်ယောက် လဲနေပြီး တွင်းထဲမှ ကုလားသုံးယောက်ကတော့ အသံပင် မကြားရတော့ပေ။

အတန်ကြာတော့မှ မီးတိုင်များ ကိုင်ပြီး မရဲတရဲနှင့် တွင်းနှုတ်ခမ်းနား တိုးကြည့်ကြသည်။





တွင်းနှုတ်ခမ်းပေါ်မှာ လဲနေသော နှစ်ယောက်ကတော့ အသက်ရှိနေသေးသော်လည်း သတိမရကြတော့ပေ။

တွင်းထဲ ငုံ့ကြည့်လိုက်တော့ ကုလားသုံးယောက်စလုံး လဲကျကာ ငြိမ်သက်နေကြသည်။

ထိုသုံးယောက်စလုံး အသက်မရှိတော့ပေ။

"အလိုလေး. . . ဘယ်လိုဖြစ်တာလဲ"

"ဂူထဲက ထွက်လာတာ အဆိပ်ငွေ့တွေ ဖြစ်မယ်ထင်တယ်၊ ဒီအတိုင်းဆိုရင် ဒီနှစ်ယောက်လည်း အသက်မှ ရှင်နိုင်ပါ့မလား မသိဘူး"

ဟု စူရတီက ပြောလေသည်။

ပြောသည့်အတိုင်းပင်. . .

သတိမေ့နေသူ နှစ်ယောက်မှာလည်း ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အသံနက်ကြီးများနှင့် အော်ဟစ်ရင်း နောက်ဆုံးတွင် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြလေတော့သည်။

မမျှော်လင့်ဘဲ လူငါးယောက် သေဆုံးသွားသောအခါ နာရသန်တစ်ယောက် မျက်လုံးပြူးသွားတော့သည်။

ဘယ်လိုဆက်လုပ်ရမှန်း မသိအောင်လည်း ဖြစ်သွားသည်။

"ဘယ်လိုလုပ်ကြမလဲ"

"သေတဲ့လူတွေ သေပေမယ့် ဂူလည်း ပေါက်သွားပြီဆိုတော့ အထဲမှာ ဘာရှိတယ်ဆိုတာတော့ သိအောင်လုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ထိုသို့ ဝိုင်းဝန်းအကြံပေးသောကြောင့် နာရသန်လည်း ရှေ့တိုးလုပ်ရန် စိတ်ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် သေဆုံးသွားသောကုလားအလောင်းများကို တောစပ်နားမှာ ချထားပြီး ဂူပေါက်ဝကို ဆက်လက်တူးဖော်ကြလေသည်။

သူတို့မှာ လာစဉ်က (၁၅)ယောက်ဖြစ်သော်လည်း ယခု (၅)ယောက်သေသွားပြီဖြစ်သောကြောင့် နာရသန်အပါအဝင် (၁၀)ယောက်သာ ကျန်တော့သည်။

စက်လှေထဲမှာတော့ စက်လှေမောင်းသမား သုံးလေးဦး ရှိကြသေးသည်။

ကျန်အလုပ်သမားများမှာလည်း သူတို့မျက်စိရှေ့မှာတင် လူငါးယောက် သေဆုံးသွားသည်ကို တွေ့မြင်ရပြီးဖြစ်သောကြောင့် ကြောက်လန့်နေကြသည်။

သို့သော်လည်း နာရသန်က အတင်းအကျပ် စေခိုင်းသောကြောင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် လုပ်ကြရလေသည်။

ဂူပေါက်မှာ အနည်းငယ် ပေါက်သွားသော်လည်း အောက်သို့ ဆင်းနိုင်သော အနေအထားမျိုးတော့ မရှိသေးပေ။

တွင်းပေါက်ထဲမှ ထွက်လာသော အခိုးအငွေ့များကတော့ နောက်ထပ်မထွက်တော့ပေ။

အချိန်ကလည်း ညဥ့်ဦးပိုင်းအချိန် ကျော်လွန်လာချေပြီ။





ပတ်ဝန်းကျင်မှာ သစ်ပင်ချုံနွယ်များ ရှိသောကြောင့် အမှောင်ထုများက ပိုများနေသည်။

သူတို့ ထွန်းထားသောမီးရောင်များသာ ထိုနေရာတစ်ဝိုက်တွင် အလင်းရောင် ရှိနေသည်။

နာရသန်တို့အဖွဲ့မှာ ရှေ့မှာ မဲပြီး အလုပ်လုပ်နေကြစဉ် နောက်ဘက်မှ အခြေအနေကိုတော့ သတိမပြုမိကြပေ။

သူတို့က ရှေ့သို့ မဲပြီး အလုပ်လုပ်နေကြစဉ် နောက်ဘက်တောစပ်မှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

လက်ထဲမှာ 'မသာပန်း' ဟုခေါ်သော ပန်းကိုင်းကို ကိုင်ထားလေသည်။

ထိုအမျိုးသမီးက တောစပ်မှာ တန်းစီချထားသော ကုလားအလောင်းများအနီး၌ ရပ်ကာ ပါးစပ်မှ တိုးတိုးပြောလိုက်သည်။

"သူများတွေက အလုပ်လုပ်နေကြတယ်၊ နင်တို့က ဒီမှာ ဘာလုပ်နေတာလဲ. . . ထကြတော့လေ"

ဟု ပြောပြီး လက်ထဲမှာ ကိုင်လာသောပန်းကိုင်းနှင့် ကုလားများကို တစ်ချက်စီ လိုက်ရိုက်ပြီး တောထဲသို့ ပြန်ဝင်သွားလေသည်။

ထိုအခြေအနေကိုတော့ ရှေ့မှာ အာရုံရောက်နေကြသည့် နာရသန်တို့ မသိလိုက်ကြပေ။

သူတို့ တူးနေသောအပေါက်မှာလည်း အတော်အသင့် ကျယ်ဝန်းလာပြီး မီးရောင်ဖြင့် အတွင်းမှအရာများကိုပင် တစ်



www.burmeseclassic.com

www.burmeseclassic.com



စွန်းတစ်စ မြင်နေရလေပြီ။

"ဟိုအောက်မှာ သေတ္တာသုံးလုံး တွေ့ရတယ် ဆရာ"

"ဒါဖြင့် မြန်မြန်ဆွဲတင်လို့ရအောင် အပေါက်ကို ခပ်ကျယ်ကျယ် ချဲ့လိုက်ကြ"

လောဘဇော တက်နေသည့် နာရသန်မှာ သေတ္တာသုံးလုံး တွေ့ရပြီဆိုသည်နှင့်ပင် ကျန်တဲ့အရာများ မေ့ပျောက်သွားပြီး ထိုနေရာသို့သာ အာရုံရောက်နေတော့သည်။

ထိုအခိုက်မှာပင် စောစောက တောစပ်၌ ချထားသော အလောင်းများမှာ တစ်ယောက်ပြီးတစ်ယောက် ထလာကြပြီး နောက် အလုပ်လုပ်နေကြသူများ ရှိရာသို့ လျှောက်လာကြလေသည်။

ပြီးတော့မှ သူတို့အနီးမှာ တောင့်တောင့်ကြီး ရပ်နေကြသည်။

ပထမတော့ သတိမပြုမိကြပေ။

နောက်မှ တစ်ယောက်က မြင်သွားသည်။

"ဟင်. . . မင်း. . . မင်းတို့. . ."

"ဟေ့ကောင် ဘာဖြစ်နေတာလဲ"

"ဟို. . . ဟိုမှာ. . ."

ဒီတော့မှ ကျန်လူများကပါ သတိပြုမိသွားကြလေတော့သည်။

"အောင်မယ်လေးဗျ. . လုပ်ကြပါဦး၊ အလောင်းကောင်တွေ ထလာပြီ"





ဟု ပြောပြီး ထွက်ပြေးကြရာ ကျန်လူများလည်း မနေဝံ့ကြတော့သဖြင့် နာရသန်အပါအဝင် စက်လှေရှိရာ ဆိပ်ကမ်းသို့ ဆင်းပြေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

# ထူးဆန်းသောမိစ္ဆာရုပ်တု

နာရသန်တို့ ညအချိန် ကြောက်စရာအဖြစ်အပျက်များနှင့် တွေ့ကြရသောကြောင့် စက်လှေရှိရာသို့ ပြန်ပြေးကြသော်လည်း ထိုနေရာမှ အပြီးပြန်သွားခြင်း မဟုတ်ဘဲ မိုးလင်းသောအချိန်အထိ ဆိပ်ကမ်းမှာပင် စောင့်နေကြခြင်းဖြစ်သည်။

မိုးစင်စင်လင်းတော့မှ ကမ်းပေါ်သို့ တစ်ကျော့ပြန်တက်ရန် ပြင်ကြလေသည်။

သို့သော် ညက အဖြစ်အပျက်ကြောင့် အချို့မှာ မရှိကြ



www.burmeseclassic.com

www.burmeseclassic.com



ဝံ့ဘဲ ဖြစ်နေကြသည်။

"မင်းတို့ကလည်းကွာ. . . ညက မြင်တာ သရဲခြောက်တာပဲ ဖြစ်မှာပါ။ သေပြီးသားလူကတော့ ပြန်ထလာမှာ မဟုတ်ဘူး၊ နောက်ပြီး သရဲခြောက်တယ်ပဲ ထားပါဦး၊ အခုလို နေ့ခင်းဘက်တော့ ခြောက်မှာမဟုတ်ပါဘူး"

ဟု ပြောပြီး ကမ်းပေါ်သို့ ပြန်တက်ကြလေသည်။

ထိုနေရာရောက်သောအခါ သေဆုံးနေပြီဖြစ်သော လားငါးယောက်တို့၏အလောင်းများမှာ တောစပ်၌ သူတို့ချထားသည့်အတိုင်းပင် ပြန်တွေ့ရသည်။

"ကဲ. . . ဒီမှာ မမြင်ဘူးလား၊ ညက ငါတို့ကို သ ခြောက်တာဆိုတာ ယုံပြီမဟုတ်လား"

ဟု ပြောကာ ဖောက်လက်စ ဂူပေါက်ကို ဆက်လ ဖောက်ကြရာ နေ့လယ်ပိုင်းအချိန်ရောက်သောအခါ လူတ ယောက် ဝင်သာရုံလောက် ကျယ်ဝန်းသွားလေသည်။

အပေါက်ဝ ကျယ်သွားသောအခါ စူရတီနှင့် အခြား ယောက်တို့ အောက်သို့ ဆင်းသွားလေသည်။

အောက်ဘက်မှာ ရှိသော မြေကျင်းအနက်မှာ လေး ခန့်သာ ရှိသည်။ အောက်ဘက်မှာတော့ မည်သည့်အန္တရာ အနှောင့်အယှက်မှ မတွေ့ရပေ။

အောက်ဘက်မှာတော့ အလျား(၂)ပေ၊ အနံ(၁)ပေ ရှိသော ကြေးသေတ္တာ(၃)လုံးတို့ ရှိနေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော်လည်း





သေတ္တာတို့မှာ နီညိုရောင်သမ်းနေဆဲပင် ရှိသေး၏။

ထို့နောက်မှာတော့ ထိုသေတ္တာသုံးလုံးကို အပေါ်သို့ င်ကြလေသည်။

သေတ္တာသုံးလုံး ရသောအခါ နာရသန်တို့အဖွဲ့မှာ ညက တွေ့ကြုံခဲ့ရသော ကြောက်လန့်ဖွယ်ရာများကို မေ့ပျောက်သွားပြီး လောဘဇောတက်နေကြသည်။

ထိုသေတ္တာများကို ထုတ်ယူပြီးနောက် ညက သေဆုံးသွားသော လူငါးယောက်တို့၏အလောင်းများကို ထိုတွင်းထဲသို့ ချလိုက်ပြီး အပေါ်မှ မြေများ ပြန်ဖို့လိုက်ကြလေသည်။

နာရသန်က ထိုသေတ္တာသုံးလုံးကို တစ်နေရာသို့ ရွှေ့ယူသွားပြီး ပထမဆုံးတစ်လုံးကို ဖွင့်ကြည့်သည်။

သူမျှော်လင့်ထားသလို ရွှေငွေရတနာများ မတွေ့ရပေ။

ကြေးပုရပိုက်၊ ငွေပုရပိုက်၊ ရွှေပုရပိုက်များ တွေ့ရသည်။

ထိုပုရပိုက်များပေါ်မှာ ရေးသားသောစာများကိုတော့ သူ မသိပေ။

"ဒါတွေက ဘာလုပ်မလဲ ဆရာ"

"ရွှေပုရပိုက်တွေကို အရည်ကျိုပြီး ပြန်သုံးရမှာပေါ့"

နောက်သေတ္တာတစ်လုံး ဖွင့်သောအခါ ရွှေငွေကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ရှေးက လူတို့ ဝတ်ဆင်အသုံးပြုခဲ့သော လက်ဝတ်ရတနာများကို တွေ့ရလေသည်။

"ဟန်ကျပြီ. . . နောက်သေတ္တာထဲမှာ ဘာတွေရှိသလဲ ပြန်ဖွင့်ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် ဖွင့်လိုက်သောအခါ ကြေးသေတ္တာကြီး ထဲမှာ နောက်ထပ် ငွေဖြင့် ပြုလုပ်ထားသည့် သေတ္တာတစ်လုံးကို တွေ့ရသည်။

ထိုငွေသေတ္တာကို အပြင်ထုတ်ပြီး ဖွင့်ကြည့်သောအခါ ထူးဆန်းသောရုပ်တုတစ်ခုနှင့် ရွှေဖြင့် ပြုလုပ်ထားသော ပုရပိုက် တစ်ချပ်ကိုပါ တွေ့ရသည်။

"ဟင်. . ."

ရွှေပြားပုရပိုက်မှာ အလျားတစ်ပေ၊ အနံ(၃)လက်မခန့် ရှိပြီး နှစ်ဖက်မျက်နှာပေါ်မှာ သက္ကတဘာသာ၊ ပါဠိဘာသာဖြင့် ရေးထားသောစာများ ပါသည်။

ထိုပုရပိုက်မှာ သာမန်ရွှေဖြင့် ပြုလုပ်ထားခြင်း မဟုတ် ဘဲ ရွှေဖြူဖြင့် ပြုလုပ်ထားသော ပုရပိုက်တစ်ချပ်ဖြစ်သည်ကို တော့ နာရသန်တစ်ယောက် မသိခဲ့ပေ။

သူ့အတွက် ထိုပုရပိုက်ပေါ်မှာ ရေးထားသည့်စာများက အရေးမကြီးလှဘဲ ရုပ်တုကို ယူကြည့်လိုက်သည်။

"ဟာ. . . ရွှေနဲ့လုပ်ထားတဲ့ ရုပ်တုကြီးပါလား၊ ဒီမှာ ပတ္တမြားတစ်လုံးလည်း ပါသေးတယ်"

ရုပ်တုပုံသဏ္ဌာန်မှာ မြွေခွေးကိုယ်နှင့် မြွေဦးခေါင်း တပ် ထားသောရုပ်တုဖြစ်ပြီး မြွေဦးခေါင်းထိပ်ပေါ်မှာ ပတ္တမြားကြီး တစ်လုံး တပ်ဆင်ထားသည်။

ရွှေသားဖြင့် ပြုလုပ်ထားပြီး အလျားတစ်ပေခန့် ရှိသည့် ရုပ်တုတစ်ခုလုံး၏အလေးချိန်မှာလည်း အတော်များသည်။





တကယ်တော့ ထိုရုပ်တု၏ပုံမှာ မြေခွေးကိုယ်ကို မြွေက ပတ်ထားပြီး မြေခွေးဦးခေါင်းပေါ်မှာ မြွေဦးခေါင်းက တင်ထား သောကြောင့် မြေခွေးဦးခေါင်း မထင်ရှားခြင်းဖြစ်သည်။

ရုတ်တရက် ကြည့်လျှင် မြေခွေးခန္ဓာကိုယ်နှင့် မြွေ ဦး ခေါင်းပါသောရုပ်တုဟု ထင်လောက်ပေသည်။

"ရွှေရုပ်တုကြီးက ပတ္တမြားကြီးတစ်လုံးလည်း ပါသေး တယ်၊ ငါတို့တော့ ဒီတစ်ခါ အချိုကြီး ပွပြီကွ"

ဟု နာရသန်က ဝမ်းသာအားရ ပြောလိုက်သည်။

ထိုရုပ်တုကို မြင်သောအခါ ၎င်းတို့နှင့်အတူ ပါလာ သော ကုလားအလုပ်သမားတစ်ယောက်ကတော့ မျက်စိမျက်နှာ ပျက်နေသည်။

ထိုအလုပ်သမားမှာ အတန်အသင့် စာပေဗဟုသုတ ပြည့်စုံသူဖြစ်သည်။

"ဆရာ. . . ပုရပိုက်ပေါ်မှာ စာတွေ ပါတယ်၊ ဘာတွေ ရေးထားတာလဲ မသိဘူး"

"ငါလည်း မသိဘူး၊ ဒါတွေက အရေးမကြီးပါဘူး၊ ဒီ ရွှေပုရပိုက်ရဲ့ အလေးချိန်ကတော့ မနည်းလှဘူး။ ဟိုရောက်ရင် အရည်ကျိုပစ်ရမယ်"

"ဒီအရုပ်ကြီးကို သဘောကျတဲ့လူ တွေ့ရင်တော့ ဈေး ကောင်း ရမှာပေါ့။ မတွေ့တော့လည်း ဒီရုပ်တုကြီးကို ရွှေရည်ကျို ပစ်မှာပေါ့ကွာ"

ဟု ပြောနေစဉ် မနီးမဝေးမှာ ရှိနေသော အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



ကုလားက အနားရောက်လာလေသည်။

"မင်း ပုရပိုက်ပေါ်က စာတွေ နားလည်သလား အမ်ိ
တာ"

"ဟုတ်ကဲ့. . . သိပါတယ်"

"ဘာတွေရေးထားတာလဲ. . . ကြည့်စမ်းပါဦး"

အမီတာ ဆိုသောကုလားက ရွှေဖြူပုရပိုက်ကို ယူပြီး
သက္ကတဘာသာဖြင့် ရေးထားသည့်စာများကို ဖတ်ကြည့်သည်။

"ဒီရုပ်တုဟာ သာမန်မဟုတ်ဘူး ဆရာ၊ ရှေးက လူတွေ
နက္ခတ်အစီအရင်နဲ့ ပြုလုပ်ခဲ့တဲ့ရုပ်တုပဲ၊ အဓိပ္ပါယ်ပြန်ရင်တော့
ရက်စက်တတ်တဲ့ မိစ္ဆာရုပ်တုလို့ အဓိပ္ပာယ်ရတယ်"

"ဟင်. . . နောက်ထပ်ကော ဘာတွေရေးထားသေး
သလဲ"

"ဒီရုပ်တုကို ဖျက်ဆီးဖို့ ကြိုးစားတဲ့သူဟာ တူသော
အကျိုးပေးပြီး အန္တရာယ်ဆိုးတွေနဲ့ တွေ့ရပါစေသားလို့ ကျိန်စာ
တွေ ရေးထားတာပါ"

အမီတာက ထိုမျှလောက်သာ ပြောပြလေသည်။

သို့သော်လည်း နာရသန်ကတော့ ထိုသို့ပြောနေသော
အကြောင်းအရာများကို အယုံအကြည် မရှိလှပေ။

"ငါကတော့ အယုံအကြည် မရှိလှပါဘူး၊ ဒီရုပ်တု
ဒီအတိုင်း ရောင်းလို့ ရရင်ရ. . . မရရင်တော့ ရုပ်တုရော ဟိုရွှေ
ပုရပိုက်ပါ အရည်ကျိုပစ်ရမှာပဲ"

ဟု ပြောပြီး ကြေးသေတ္တာအတွင်း ပြန်ထည့်ပြီး ပိတ်





လိုက်လေသည်။

ထို့နောက် လိုဏ်ဂူအတွင်းမှရသော သေတ္တာသုံးလုံးကို
ယူဆောင်ပြီး ရန်ကုန်ဘက်ကမ်းသို့ ပြန်ကူးရန် ပြင်လေသည်။

ထိုအချိန်ရောက်တော့မှ မမျှော်လင့်ဘဲ မိုးက ရွာလာပြီး
လေပြင်းများပါ တိုက်ခတ်လာသောကြောင့် စက်လှေပြန်ထွက်
မရဘဲ ရှိလေသည်။

ထွက်ခွာရန် ကြိုးစားလိုက်၊ မြစ်ပြင်မှ ရိုက်ခတ်လာသော
လှိုင်းလုံးကြီးများက ရိုက်လိုက် ကမ်းပြန်ကပ်လိုက်နှင့် ဖြစ်နေ
သည်။

တစ်နည်းဆိုရသော် သူတို့စက်လှေကို ကမ်းမှ ခွာ၍မရ
အောင် ကြိုးဖြင့် ဆွဲထားသကဲ့သို့ ဖြစ်နေလေသည်။

ဤသို့ဖြင့် တစ်နေ့လုံး အချိန်ကုန်သွားပြီး ညနေပိုင်းအ
ချိန်ရောက်တော့မှ လေမိုးက အနည်းငယ် လျော့သွားလေသည်။

ထိုအခါမှ စက်လှေထွက်နိုင်ကာ ရန်ကုန်ဘက်ကမ်းသို့
ပြန်ကူးလာလေတော့သည်။

ရန်ကုန်သို့ ပြန်ရောက်သောအခါ ရရှိလာသော
သေတ္တာသုံးလုံးကို ၎င်းနေထိုင်သော ကုမ္ပဏီရုံးခန်းသို့ပင် သယ်
ဆောင်သွားလေသည်။

နာရသန်မှာ နှစ်ရက်ခန့် စိတ်ပင်ပန်း လူပင်ပန်း ရှိသော
ကြောင့် ကုမ္ပဏီသို့ ပြန်ရောက်သောအခါ အေးအေးဆေးဆေး
အိပ်စက်အနားယူမည်ဟု စိတ်ကူးသော်လည်း တစ်ညလုံး အိပ်
မရအောင် အနှောင့်အယှက်များက ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ ဂူင်းအိပ်ခန်းအတွင်းမှ မြွေတွန်သံများ ကြားရသောကြောင့် မအိပ်ဝံ့တော့သဖြင့် အောက်ထပ်မှာ ရှိနေသော အစောင့်ကုလားများကို ခေါ်ပြီး တစ်ခန်းလုံး ရှာခိုင်းသော်လည်း မြွေတစ်ကောင်မှ မတွေ့ရပေ။

နောက်တစ်ကြိမ်မှာတော့ အိပ်ပျော်ခါနီး အချိန်ရောက်တော့မှ တံခါးပိတ်ထားသောအခန်းတွင်းသို့ ခွေးနက်ကြီးတစ်ကောင် ရောက်လာပြီး တဂီးဂီးနှင့် မာန်ဖီနေသောကြောင့် ဘဲလ်တီးကာ အစောင့်များ ခေါ်ရပြန်သည်။

သူတို့ ရောက်လာပြန်တော့လည်း အခန်းတွင်းမှာ ဘာမှမတွေ့ကြရပေ။

အောက်ထပ်မှ တက်လာကြသည့် ကုလားအလုပ်သမားများပင် ဇဝေဇဝါ ဖြစ်သွားကြသည်။

"ဆရာ့အခန်းထဲကို ခွေးမပြောနဲ့၊ ကြွက်တောင် ဝင်လို့မရနိုင်ဘူး၊ ဆရာ အိပ်မက်,မက်နေတာများလား"

ဟု မေးကြသည်။

"အိပ်မက်,မက်နေတာ မဟုတ်ဘူး၊ ခွေးနက်ကြီးကို ငါ့မျက်စိနဲ့ သေသေချာချာကို မြင်လိုက်ရတာ"

ဟု ပြောသောအခါ အလုပ်သမားများလည်း ဇဝေဇဝါနှင့် ပြန်ဆင်းသွားကြသည်။

နောက်ညများမှာလည်း ထိုကဲ့သို့ အနှောင့်အယှက်များ တွေ့နေရသောကြောင့် အလုပ်သမားအချို့ကို ဂူင်းအခန်းရှေ့၌ စောင့်ခိုင်းထားသည်။





ထိုသို့စောင့်ခိုင်းတော့မှ အနှောင့်အယှက်များ ကင်းသွားလေတော့သည်။

နောက်ပိုင်းမှာတော့ နာရယသန်သည် ဂူင်းရလာသော ထူးဆန်းသော ရွှေရုပ်တုကို ရောင်းချရန် ပြင်လေသည်။ သူသည် ထိုအရုပ်ကို ဓါတ်ပုံနှင့်တကွ သတင်းစာ ဂျာနယ်များတွင် ထည့်သွင်းကာ ရောင်းချရန် စီမံလေသည်။

*"နရဏီ ကုမ္ပဏီတွင် ပုံတွင် တွေ့မြင်ရသည့်အတိုင်း ထူးဆန်းသော ရွှေရုပ်တုတစ်ခု ရောင်းချရန် ရှိသည်။ ထိုရုပ်တုအား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ ဈေးအများဆုံး ပေးနိုင်သူကို ရောင်းချမည်ဖြစ်ကြောင်း၊ လေလံတင်မည့်နေ့ရက်မှာ (၁၉၄၉)ခု၊ မေလ(၁၁)ရက်၊ (၁၃၁၁-ခုနှစ်၊ ကဆုန်လဆန်း(၁၅) ရက်) ဗုဒ္ဓဟူးနေ့ပင်ဖြစ်ကြောင်း၊ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ပါကြောင်း"*

ထိုကြော်ငြာမှာ ထိုရက်ပိုင်းတွင်ထုတ်ဝေသော သတင်းစာနှင့်ဂျာနယ်များတွင် ဓါတ်ပုံနှင့်တကွ ပါလာလေသည်။

ရှေးဟောင်းရုပ်တုများကို ရှာဖွေလေ့လာနေသူများလည်း ထိုသတင်းကို စိတ်ဝင်စားကြလေသည်။

ထိုအထဲတွင် ဒေါက်တာမင်းထင်ကျော်လည်း ပါသည်။ သူနှင့်အတူ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ဆရာကြီးသူရှုနှင့် ဦးဇန်ကောင်းတို့လည်း ထိုကြော်ငြာကို စိတ်ဝင်စားကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ရှေးဟောင်းပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေတူးဖော်ရသည်ကို ဝါသနာပါသူဖြစ်ပြီး ဦးမြတ်ကောင်း ထူထောင်ထားသော ရှေးဟောင်းရတနာများ ရှာဖွေသည့် မြတ်ကောင်း ကုမ္ပဏီတွင် အစုရှယ်ယာ ထည့်ဝင်ထားသူဖြစ်သည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ အရုပ်ရဲ့ပုံပန်းသဏ္ဌာန် ကြည့်ရတာတော့ အတော်ကလေး ထူးခြားမယ့်ပုံပဲ"

ဟု ဆရာကြီးသူရဋ္ဌက ပြောသည်။

"ဟုတ်တယ် ဆရာကြီး၊ သူတို့ လိမ်ညာအကွက်ဆင်ပြီး လုပ်တဲ့အရုပ်မျိုးတော့ ဟုတ်မယ်မထင်ဘူး"

"နရဏီကုမ္ပဏီဆိုတာ ကုလားတစ်ယောက်ပိုင်တဲ့ ကုမ္ပဏီတစ်ခု မဟုတ်လား၊ ကီလီဘက်မှာ ရှိတာပဲ၊ မောင်ထင်ကျော် အခု ရှယ်ယာဝင်ထားတဲ့ကုမ္ပဏီနဲ့ မဝေးပါဘူး၊ ဟုတ်မဟုတ် သွားကြည့်ကြတာပေါ့"

ဟု ဦးဗန်ကောင်းကပါ ဝင်ပြောလေသည်။

ထို့နောက်မှာတော့ လေလံပစ်မည့်နေ့တွင် သုံးယောက်သား ဒေါက်တာမင်းထင်ကျော် မော်တော်ကားဖြင့် ထိုနေရာသို့ သွားကြလေသည်။

နရဏီ ကုမ္ပဏီမှာ ကီလီလမ်းနှင့် မဝေးသောနေရာမှာ ရှိပြီး. . သူတို့ ရောက်သွားသောအချိန်တွင် အခြားလူများပင် ရောက်နေကြလေပြီ။

ရုပ်တုကို စားပွဲတစ်ခုပေါ်မှာ တင်ပြီး ပြထားလေသည်။ အချို့သူများမှာ ရုပ်တု၏ပုံပန်းသဏ္ဌာန်ကို စိတ်ဝင်စား၍ မဟုတ်ဘဲ ရွှေအလေးချိန်နှင့် တပ်ဆင်ထားသောပတ္တမြားများကို စိတ်ဝင်





စားစွာ ကြည့်ရှုလေနေသည်။

ရုပ်တုကို ကြည့်ရှုသူများ လက်လှမ်းမမီသောနေရာမှာ တင်ထားသော်လည်း ပုံပန်းသဏ္ဌာန်ကို သေချာစွာ မြင်ကြရသည်။

အားကောင်းသောမီးရောင်ဖြင့် ထိုးထားရာ မြွေဦးခေါင်းပေါ်မှာ တပ်ဆင်ထားသော ပတ္တမြားကြီးမှာ အနီရောင်များ တဖျတ်ဖျတ် လက်နေသည်။

အချို့ကလည်း လက်ရာဆန်းကြယ်သောရုပ်တု ဖြစ်သဖြင့် စိတ်ဝင်စားသောကြောင့် လေလံဈေးကို မေးကြသည်။

နာရသန်ကလည်း ၎င်းအရုပ်ကို အတော်ကလေး မျှော်လင့်ထားဟန်ဖြင့် ဈေးနှုန်းကို ကိုးသောင်းအထိ ခေါ်ထားလေသည်။

ရန်ကုန်မြို့လယ်ခေါင်မှာ တိုက်တစ်လုံးဝယ်နိုင်လောက်သော တန်ဖိုးပင်ဖြစ်သည်။

ရွှေတစ်ကျပ်သားလျှင် တစ်ရာ့ငါးဆယ်ခန့်သာ ပေးလျှင်ရသော အချိန်ဖြစ်ပေရာ ကိုးသောင်းရှိသော ငွေအမောက်မှာ များလှပေသည်။

"ဒီရုပ်တုမျိုးက နောက်ထပ်တစ်နေရာမှာ ရှာရင်လည်း ရမှာ မဟုတ်ဘူး၊ ရွှေက ဘယ်နေရာမှာဝယ်ဝယ် လိုချင်သလောက် ရနိုင်တယ်၊ ဒီရုပ်တုမျိုးက မရနိုင်ဘူး၊ နောက်ပြီး ဒီပတ္တမြားကြီးကလည်း ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ ခင်ဗျားတို့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နာရသန်ကတော့ ဝယ်သူများ စိတ်ဝင်စားလောက်အောင် ပြောဆိုနေလေသည်။

"ရုပ်တုကတော့ အတော်ထူးဆန်းတဲ့ ပုံသဏ္ဍာန်မျိုးပဲ၊ ကျွန်တော်တော့ ဒီရုပ်တုမျိုး တစ်ခါမှ မတွေ့မိသေးဘူး"

ဟုဒေါက်တာ မင်းထင်ကျော်က ပြောသည်။ ထိုအခါ ဆရာကြီး သူရဒ္ဓက. . .

"ဘယ်တွေ့ဖူးပါမလဲ မောင်ထင်ကျော်ရဲ့၊ ဒီရုပ်တုမျိုးက လောကမှာ နှစ်ရုပ်မရှိနိုင်တဲ့ ရုပ်တုမျိုးပဲ"

"ဘာကြောင့်လဲ ဆရာကြီး"

"ဒါ နက္ခတ်တာရာကို ကိုယ်စားပြုပြီး ထုလုပ်ထားတဲ့ ရုပ်တုမျိုးပဲ၊ ကြောက်စရာကောင်းတဲ့ မိစ္ဆာရုပ်တုမျိုးဆိုရင်လည်း မမှားဘူး၊ နောက်တစ်ချက်က နက္ခတ်တစ်လုံးကို ကိုယ်စားပြုထားတာ မဟုတ်ဘူး၊ ရက်စက်ကြမ်းကြုတ်တဲ့ နက္ခတ်နှစ်လုံးလောက်ကို ကိုယ်စားပြုပြီး ထုထားတာ"

ဟု ပြောပြသည်။

ထို့နောက် ဆရာကြီးသူရဒ္ဓက နာရသန်အနီးသို့ ကပ်သွားပြီး မေးလိုက်သည်။

"ဒီရုပ်တုကို ဘယ်နေရာက ရတာလဲ"

နာရသန်က တစ်ချက်လှည့်ကြည့်ပြီး. . .

"ကျွန်တော်တို့ကုမ္ပဏီက ရှေးဟောင်းရတနာပစ္စည်း ရှာဖွေရေးဆိုတော့ တစ်နေရာမှာ ရခဲ့တာပါ"

ဟု မရေမရာ ပြန်ဖြေလေသည်။





"ဒီရုပ်တုရတော့ သူနဲ့အတူ ဘာပစ္စည်းတွေ တွေ့ရသေးသလဲ"

နာရသန်က အံ့သြသွားလေသည်။

"မင်းတို့ တခြားရတနာပစ္စည်းတွေ ရရင်လည်း စိတ်ဝင်စားစရာ မရှိပါဘူး၊ ဒီရုပ်တုနဲ့အတူ အခြားဘယ်လိုပစ္စည်းတွေ ပါသလဲဆိုတာ သိချင်တာပါ၊ တကယ်လို့ ပါရင် ခဏလောက်ကြည့်ပါရစေ"

ဟု ပြောတော့မှ နာရသန်က ကြေးသေတ္တာထဲမှာ ထည့်ထားသော ကြေးပုရပိုက်၊ ငွေပုရပိုက်၊ ရွှေပုရပိုက်များနှင့် ရွှေဖြူပုရပိုက်ကို ထုတ်ပြလေသည်။

ဆရာကြီးသူရဒ္ဓက ပုရပိုက်သုံးထုပ်ကို အသာထားပြီး ရွှေဖြူပုရပိုက်ပေါ်မှ စာများကို ဖတ်ကြည့်လိုက်သည်။ အများမှာ သက္ကတဘာသာ ပါဠိဘာသာများဖြင့် ရေးထားခြင်းဖြစ်သည်။

ရေးထားသောစာများ၏အဓိပ္ပါယ်မှာ. . .

"ဤရုပ်တုသည် ရောဟဏီနက္ခတ်နှင့် အဒြနက္ခတ်တို့ကို ကိုယ်စားပြု ထုလုပ်ထားသည့် 'ရက်စက်သောမိစ္ဆာရုပ်တု' ဖြစ်သည်။ ဤရုပ်တုကို ဖျက်ဆီးသူသည် တူသောအကျိုးပေးလိမ့်မည်။ ဘေးဆိုးအန္တရာယ်များနှင့် တွေ့ရစေသား"

ဟူ၍ဖြစ်ပေသည်။

အခြားပုရပိုက်သုံးထုပ်ကို ဖတ်မကြည့်သောကြောင့် မည်သည့်အကြောင်းအရာများ ပါသည်ကို မသိကြရပေ။

ဆရာကြီးသူရဒ္ဓက စာကို ဖတ်ကြည့်ပြီး ပုရပိုက်များကို



www.burmeseclassic.com

www.burmeseclassic.com



နာရသန်ကို ပြန်ပေးလိုက်သည်။

"ဒီရုပ်တုကို ဖျက်ဆီးပစ်ဖို့တော့ မကြိုးစားပါနဲ့၊ တကယ်လို့ ကြိုးစားရင် ဘေးအန္တရာယ်နဲ့ တွေ့လိမ့်မယ်"

ဟု ပြောကာ ကူမ္ဘဏီအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။





# အခန်း(၆)

# ဥပါဒါန်ကြောင့် ကျိန်စာသင့်ခြင်း

သုံးယောက်သား ဆရာကြီးသူရဇ္ဇ နေထိုင်သော ရွှေတောင်ကြားမှ နေအိမ်သို့ ပြန်လာခဲ့ကြပြီး ထိုအိမ်ရောက်တော့မှ ဆရာကြီးသူရဇ္ဇက စာကြည့်ခန်းအတွင်းမှ မှတ်တမ်းများကို ယူလာပြီး ပြောပြသည်။

"မောင်ထင်ကျော်တို့ တွေ့ခဲ့ရတဲ့ရုပ်တုဟာ သာမန်မဟုတ်ဘူး၊ မိစ္ဆာရုပ်တုတွေထဲမှာ အတော်ကြောက်စရာကောင်းတဲ့ ရုပ်တုမျိုးပဲ၊ ရှေးကလူတွေက ဒီရုပ်တုမျိုးကို နက္ခတ်ပူဇော်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ အသုံးပြုခဲ့ကြတယ်"

"ဘယ်လိုကြောင့် ဒီလောက်ကြောက်ဖို့ကောင်းတဲ့ရုပ်တုမျိုး ထုလုပ်ခဲ့ကြတာလဲ ဆရာကြီး"

"နက္ခတ်နဲ့တာရာတွေမှာ သက်ဆိုင်ရာ ရုပ်တုတွေ ရှိကြတယ်၊ နက္ခတ်ပူဇော်ပွဲတွေမှာ ဒီရုပ်တုတွေကို အသုံးပြုခဲ့ကြတယ်၊ ရှေးကတော့ ကြတ္တိကာ နက္ခတ်ပွဲသဘင်ကို မင်းနဲ့ပြည်သူတွေက ပြုလုပ်ခဲ့ကြရတယ်"

တန်ဆောင်မုန်းလတွင် ညအချိန်၌ ကြတ္တိကာ နက္ခတ်သည် ကြိုးတာရာနှင့် စန်းယှဉ်၍ နေ့အခါတွင် ဝိသာခါနက္ခတ်နေတို့နှင့် ယှဉ်သောကြောင့်. . .

'ထွန်းပနက္ခတ်၊ ရွှေပြာသာဒ်နှင့်၊ ကြယ်ကြတ္တိကာ၊ ကြိုးတာရာတို့၊ ပြည့်လာကုန်ကျ၊ ဂြိုဟ်သူရနှင့်၊ ညီမှတူစွ၊ ဝိသာခါလျှင်၊ နေ့မှာ လှည့်သွား'

ဦးယောက ၎င်းရေးသားသော လူးတားတွင် ထိုကဲ့သို့ ထည့်သွင်းရေးသားခဲ့လေသည်။

အလယ်၌ လဟု၊ အစအဆုံး ဂရုရှိသောဂိုဏ်းတွင် ကြတ္တိကာနက္ခတ်ကို မီးနတ်စောင့်ကြောင်း၊ ဝုတ္တောဒယ ဆန်းကျမ်း၌ ဖော်ပြထားသည်။

မီးနတ်အာကာ၊ ကြတ္တိကာသရဝဏ်၊ စောင့်မြဲမှန်၏ဟု စပ်ဆိုထားသည်။

ကြတ္တိကာနက္ခတ်ကို ဒဟနိမည်သော မီးနတ်သားစောင့်သည်ဟု အယုံအကြည် အယူစွဲရှိသောကြောင့် ဒဟနိမီး





တ်အပါအဝင် နတ်ကြီး(၁၅)ပါးတို့အား ရှေးအခါက ပူဇော်မှုများ ပြုခဲ့ကြသည်။

ပဒေသရာဇ်ခေတ်တွင် မြေနန်းတော်ရှေ့တွင် မဏ္ဍပ်ကြီးစွာ ဆောက်လုပ်၍ ကြံ၊ ငှက်ပျော၊ အုန်း စသည်တို့နှင့် င်းကျင်းပြီးလျှင် တန်ဆောင်မုန်းလတွင် ဗလိနတ်စာ ကျွေးရကြောင်း ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်၌ ဖော်ပြထားလေသည်။

ကြတ္တိကာ နက္ခတ်ပူဇော်ပွဲသဘင်တွင် မင်းနေပြည်တော်မှအစ ကျေးရွာတောနယ်များပါမကျန် ကြတ္တိကာနက္ခတ်မီးနတ်ပူဇော်ပွဲများ ကျင်းပကြလေသည်။

တန်ဆောင်မုန်းလ တစ်လလုံး ကောင်းကင်ဆီမီးတို့ဖြင့် ထွန်းညှိပူဇော်ခဲ့ကြသည်။

ဆရာကြီးသူရဋ္ဌ ပြုသောကျမ်းများတွင် ရောဟဏီက္ခတ်နှင့် အဖြနက္ခတ်တို့အကြောင်းကို ရေးသားဖော်ပြထားရာ အဖြနက္ခတ်ကို ရက်စက်ကြမ်းကြုတ်မှု ရှိသည့် နက္ခတ်အဖြစ် ဖော်ပြထားလေသည်။

ရောဟိဏီ မည်သော နက္ခတ်ကို မြန်မာဘာသာနှင့် ရောဟဏီဟုပင် ခေါ်သည်။

နက္ခတ်ပရိယာယ်(၁၈)ပါး ပြုပြီး အမိပ္ပာယ်မှာ 'ဗြဟ္မာ' ဖြစ်သည်။

အချို့ကလည်း 'ကြာ၌ဖြစ်သောဗြဟ္မာ' ဟု အဓိပ္ပာယ် ကောက်ယူကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်လုံးရေ(၅)လုံး ပြပြီး အသွင်သဏ္ဍာန်မှာ လှည်းသူကြွယ်သား၊ ကြက်တိုက်နှင့် ငါးနှစ်ကောင်ပုံသဏ္ဍာန်ရှိကြောင်း ရေးသားဖော်ပြကြသည်။

အချို့ကလည်း လှည်းဦးပုံသဏ္ဍာန်ရှိကြောင်း ရေးသားကြသည်။ ရွှေမင်ရေး ပုရပိုက်ဖြူတွင် နက္ခတ်(၁၀)လုံးရှိပြီး မြေခွေး ကိုယ်ပေါ်၌ မြွေပတ်ထားပြီး မြေခွေးဦးခေါင်း၊ မြွေဦးခေါင်း နှစ်မျိုး တွေ့မြင်နိုင်ကြောင်း ဖော်ပြထားသည်။

အဒြနက္ခတ်နှင့် ပတ်သက်၍ ပရိယာယ်(၁၉)ပါး ရှိပြီး သျှိဝ (ခေါ်) ပရမိဿွာ နတ်မင်းဟု ပရိယာယ်(၁၉)ပုဒ်စလုံးက ဖော်ပြထားသည်။

အဒြဟူသောအဓိပ္ပာယ်မှာ အမျက်ထွက်ခြင်း၊ ရက်စက်ကြမ်းကြုတ်တတ်ခြင်းတို့ဖြင့် (အသက်ကို)စားတတ်သည်ဟု အဓိပ္ပာယ်ရှိသည်။

ပတ္တမြားပုံသဏ္ဍာန် တစ်လုံးတည်းသာ ရှိသည်ဟု နက္ခတ်ကျမ်းများ၌ ဖော်ပြထားသည်။

"ဒီနက္ခတ်ကျမ်းတွေရဲ့ အဆိုအရဆိုရင် အခု ကျုပ်တို့ တွေ့မြင်ခဲ့ရတဲ့ မိစ္ဆာရုပ်တုဟာ ရေဟာဏီနဲ့ အဒြနက္ခတ် နှစ်ခုပေါင်း ကိုယ်စားပြုထုလုပ်ထားတဲ့ ရုပ်တုဆိုတာကတော့ သေချာတာပေါ့"

"ဒီလိုရုပ်တုမျိုးက လူတွေလက်ထဲမှာ မရှိသင့်ဘူး၊ အခုလို ပေါ်လာတာဟာ ကောင်းကျိုးဖြစ်တာထက် မကောင်းတာဖြစ်ဖို့ ပိုများတာပေါ့၊ ဘယ်လိုကြောင့် ပေါ်လာရသလဲ မသိဘူး"





ဟု ဦးဇန်ကောင်းက ပြောသည်။

"ဒါကတော့ဗျာ. . လောဘသားတွေကြောင့် ပေါ်လာရတာ နေမှာပေါ့၊ နောက်တစ်ခုကလည်း လောဘသားတွေ ဒုစရိုက်သားတွေရဲ့အသက်ကို စားချင်လို့ ပေါ်ချိန်တန်လို့ ပေါ်လာတာလည်း ဖြစ်နိုင်တာပေါ့"

ဟု ပြောပြသည်။

"ဆရာကြီး ယူကြည့်တဲ့ ပုရပိုက်ပေါ်မှာ ဘာတွေရေးထားတာ တွေ့ရသလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်လေသည်။

"ပုရပိုက်က သာမန်ပုရပိုက် မဟုတ်ဘူး၊ ရွှေဖြူနဲ့ လုပ်ထားတဲ့ပုရပိုက်ပဲ၊ ရေးထားတဲ့စာတွေရဲ့အဓိပ္ပာယ်ကတော့ ဒီရုပ်တုကို ဖျက်ဆီးတဲ့လူတွေဟာ တူသောအကျိုးနဲ့ ဘေးအန္တရာယ်တွေ တွေ့ရမှာပေါ့"

"အင်း. . . ဒီအတိုင်းဆိုရင်တော့ လူတွေ အန္တရာယ်နဲ့ တွေ့ပြီး သေကျေပျက်စီးတဲ့သတင်းတွေ ကြားရဦးမှာပေါ့၊ သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့လေ"

ဟု ဦးဇန်ကောင်းကပါ ဝင်ပြောလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်လည်း ဆရာကြီးတို့ နှစ်ယောက်ကို နှုတ်ဆက်ပြီး အိမ်သို့ ပြန်လာရာ အိမ်သို့ ရောက်ပြီး ခဏအကြာမှာပင် မြတ်ကောင်းကုမ္ပဏီမှ တယ်လီဖုန်းဆက်လေသည်။

ဒေါက်တာမင်းထင်ကျော်က မြတ်ကောင်းကုမ္ပဏီတွင်



www.burmeseclassic.com

www.burmeseclassic.com



အစုရှယ်ယာဝင်တစ်ယောက်ဖြစ်လေသည်။

"ဟယ်လို. . . ကိုမင်းထင်ကျော်လား"

"ဟုတ်ပါတယ်. . ကျွန်မ သူဇာမြတ်ကောင်းပါ၊ ဖေဖေ

က အရေးတကြီး တိုင်ပင်စရာရှိလို့ ဖုန်းဆက်ခိုင်းလို့ပါ"

"ကောင်းပါပြီ. . . ကျွန်တော်လာခဲ့ပါမယ်"

ဟု ပြောပြီး အဝတ်အစားလဲပြီး ကုမ္ပဏီရှိရာ ကီ

ကမ်းနားလမ်းဘက်သို့ ထွက်ခဲ့လေသည်။

တယ်လီဖုန်းဆက်သော သူဇာမြတ်ကောင်းမှာ ဦးမြ

ကောင်း၏သမီးဖြစ်ပြီး ကုမ္ပဏီလုပ်ငန်းအတော်များများကို

ဝန်ယူ လုပ်ကိုင်နိုင်သူဖြစ်သည်။

ကုမ္ပဏီရောက်သောအခါ ဦးမြတ်ကောင်းတို့သားအ

အပြင် အခြားရှယ်ယာဝင်အချို့လည်း ရောက်နှင့်နေကြ

သည်။ ဒေါက်တာမင်းထင်ကျော် ရောက်သည်နှင့် အခန်းတံ

ပိတ်ပြီး အစည်းအဝေး စသည်။ ကုမ္ပဏီပိုင်ရှင်လည်းဖြစ်

သင်းဥက္ကဋ္ဌလည်းဖြစ်သော ဦးမြတ်ကောင်းကပင် အစည်းအ

ခေါ်ရသည့်အကြောင်းကို ပြောပြသည်။

"အရေးပေါ် အစည်းအဝေး ခေါ်ရတာ တခြား

ကြောင်း မဟုတ်ပါဘူး၊ အခု ဟိုဘက်ကုမ္ပဏီက ထူးဆန်း

ရုပ်တုတစ်ခုကို လေလံပစ်နေတယ်၊ ခင်ဗျားတို့လည်း သ

စာတွေမှာ ကြော်ငြာထားတာ တွေ့ပြီးကြရောပေါ့"

"တွေ့ပြီးပါပြီ"

"ကျုပ်လည်း သွားကြည့်ခဲ့ပြီးပြီ၊ ရုပ်တုက ရှေးဟော





ရုပ်တုတစ်ခုပဲ၊ ရွှေအလေးချိန်လည်း အတော်များတယ်၊ နောက်ပြီး ပတ္တမြားတစ်လုံးလည်း ပါသေးတယ်၊ ကျုပ်တော့ ဒီအရုပ်ကို ကြည့်ပြီး အတော်စိတ်ဝင်စားနေတယ်၊ အဲဒါ ခင်ဗျားတို့နဲ့ တိုင်ပင်ချင်လို့ပါ"

ဟု သူ့သဘောထားကို ပြောပြသည်။

"ဦးမြတ်ကောင်းက ဘယ်လိုကြောင့် စိတ်ဝင်စားနေတာလဲ"

"ကျုပ်က ဒီလိုထူးထူးဆန်းဆန်း အရုပ်မျိုးဆိုရင် စိတ်ဝင်စားတယ်၊ ဒီရုပ်တုမျိုးကို နိုင်ငံခြားတွေကို ဆက်သွယ်ပြီး ပြန်ရောင်းရင် ကျုပ်တို့ကုမ္ပဏီအတွက် အကျိုးအမြတ် ရနိုင်တယ်၊ ကိုမင်းထင်ကျော်က ဒီဘက်မှာ အတွေ့အကြုံများတော့ ခင်ဗျားသဘောလည်း ပြောပါဦး"

"ကျွန်တော့်သဘော ပြောရရင်တော့ မဝယ်စေချင်ပါဘူး"

"ဘယ်လိုကြောင့်လဲ. . . ရှင်းပြပါဦး"

"ဒီရုပ်တုက သာမန်မဟုတ်ပါဘူး၊ နက္ခတ်တာရာတွေကို ကိုယ်စားပြုပြီး ထုလုပ်ထားတဲ့ရုပ်တုဖြစ်ပါတယ်၊ မသက်ဆိုင်တဲ့လူတွေဆီရောက်ရင် အန္တရာယ်နှင့် တွေ့ကြုံရနိုင်ပါတယ်"

ထိုသို့ပြောသော်လည်း လောလောဆယ် သက်သေပြစရာလည်း မရှိသောကြောင့် အချို့က လက်ခံသော်လည်း အချို့ကတော့ မယုံဘဲ ခပ်ပေါ့ပေါ့သာ နေကြလေသည်။

သို့သော်လည်း ဦးမြတ်ကောင်းကိုယ်တိုင်က ထိုအရုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလေသည်။

"ဘာပဲပြောပြော ကျုပ်တော့ အကျိုးအမြတ်ရှိတဲ့ကိ မျိုးဆိုတော့ လက်ဦးမှု ရချင်တာပဲ၊ ဘာကြောင့်လဲဆိုတော့ မ ခင် ရက်ပိုင်းအတွင်းမှာ ရေကြောင်းကနေပြီး ကုန်သည် ဝင်လာကြလိမ့်မယ်၊ သူတို့ရောက်လာတဲ့အခါ ဒီရုပ်တုကို ရောင် ရင် ကျုပ်တို့အတွက် အကျိုးအမြတ် ရနိုင်တယ်"

ဦးမြတ်ကောင်းကိုယ်တိုင်က စိတ်ဝင်စားနေသည် တစ်ကြောင်း၊ အခြားအစုရှယ်ယာများသော ရှယ်ယာဝင်များ လည်း ကန့်ကွက်ခြင်း မပြုကြသောကြောင့် ဒေါက်တာမင်းထ ကျော်လည်း ဘာမှမပြောသာတော့ပေ။

အစည်းအဝေးပြီး၍ အပြင်ထွက်သောအခါ သူဇာမြ ကောင်းက နောက်ကလိုက်လာပြီး ပြောသည်။

"ကျွန်မ ကိုမင်းထင်ကျော်နဲ့ ခဏလောက် စကားပြေ ချင်ပါတယ်"

ဟု ပြောသဖြင့် သူမရုံးခန်းအတွင်းသို့ လိုက်သွား သည်။ သူဇာမြတ်ကောင်းမှာ အသက်(၂၅)နှစ်ခန့်သာ ရှိ သွက်လက်ဖျတ်လတ်သော ခေတ်ပညာတတ်တစ်ဦးဖြစ်သ

ရုပ်ရည်ချောမောပြီး အပြောအဆိုလည်း သွက်လက် ရှိသည်။

စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်မိသောအခါ သူဇာမြ ကောင်းက ပြောသည်။

"ကျွန်မ ကိုမင်းထင်ကျော်ကို မေးစရာရှိလို့ပါ"





"မေးပါ မသူဇာ"

"ကိုမင်းထင်ကျော်က ဒီအရုပ်နဲ့ ပတ်သက်ပြီး ဘာတွေများ သိထားသလဲဟင်၊ ကျွန်မ သိချင်လို့ပါ"

"သိတန်သလောက်တော့ သိပါတယ်"

"ဘယ်လိုထူးခြားမှုတွေ ရှိနေလို့လဲဟင်"

"ဒီရုပ်တုက သာမန်မဟုတ်ပါဘူး၊ နက္ခတ်တာရာတွေကို ကိုယ်စားပြုပြီး ထုလုပ်ထားတဲ့ရုပ်တုမျိုးပါ။ နက္ခတ်တာရာတွေမှာ ကောင်းတာတွေ ရှိသလို ရက်စက်ကြမ်းတမ်းတဲ့ နက္ခတ်တွေလည်း အများကြီး ရှိပါတယ်၊ ဒါမျိုးတွေကိုရော မသူဇာ ယုံကြည်လက်ခံပါသလား"

"ကျွန်မ လက်ခံပါတယ်"

"ဒီရုပ်တုရဲ့သင်္ကေတနိမိတ်က မကောင်းဆိုးဝါးမိစ္ဆာတွေကို ကိုယ်စားပြုတဲ့ရုပ်တုမျိုးပဲ၊ သာမန်လူတွေလက်ထဲမှာထားရင် ကောင်းကျိုးရမှာထက် မကောင်းကျိုးရမှာတော့ အသေအချာပဲ"

"ဖေဖေကတော့ အတော်ကလေးကို စိတ်ဝင်စားနေပုံရတယ်"

"ဦးကတော့ ရှေးဟောင်းရုပ်တုဖြစ်နေတာရယ်၊ ထုလုပ်ထားပုံကလည်း လက်ရာဆန်းနေတာရယ်၊ နောက်တစ်ချက်က ရုပ်တုတစ်ခုလုံး ရွှေသားချည်းဖြစ်တဲ့အပြင် ပတ္တမြားတစ်လုံးပါ ပါနေတော့ စိတ်ဝင်စားနေတာ ဖြစ်မှာပါ"

"ဟုတ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခု ရှိပါသေးတယ်၊ ဒီရုပ်တုနဲ့အတူ ပုရပိုက်တွေလည်း ပါသေးတယ်၊ ရွှေဖြူပုရပိုက်တစ်ချပ်မှာ ကြောက်စရာကောင်းတဲ့ကျိန်စာတွေ ရေးထားပါသေးတယ်"

"ဟင်. . . ဘယ်လိုရေးထားတာလဲဟင်"

"ဖျက်ဆီးတဲ့လူတွေဟာ တူသောအကျိုးပေးပြီး ဘေးအန္တရာယ်ဆိုးတွေကြောင့် အသက်သေပါစေသားလို့ ကျိန်စာတွေ ရေးထားတာပါ"

ထိုစကားကြားသောအခါ သူဇာမြတ်ကောင်းမှာ အနည်းငယ် လန့်သွားဟန်ရှိလေသည်။

"တကယ်လို့ အခြားရှယ်ယာဝင်တွေရဲ့သဘောတူမှုနဲ့ လေလံဆွဲလာရင်တော့ ဒုက္ခပါပဲ၊ ကျွန်မစိတ်ထဲမှာ တစ်မျိုးဖြစ်နေလို့ မေးတာပါ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ မသူဇာ၊ အခုချက်ချင်းလည်း ဝယ်ဖြစ်သေးတာမှ မဟုတ်တာ၊ တကယ်လို့ ဝယ်လာရင်တော့လည်း အခြေအနေ ကြည့်လုပ်ရမှာပေါ့"

ဒေါက်တာမင်းထင်ကျော် သူဇာမြတ်ကောင်း စိတ်သက်သာရာ ရစေရန် ပြောလိုက်ခြင်းဖြစ်သည်။

"ဒီလို ကျိန်စာဆိုထားရင်ကော ဘယ်လိုဖြစ်နိုင်သလဲ၊ တကယ်ရော ဖြစ်နိုင်သလားဟင်"

"ကျိန်စာဆိုတာ အကာအကွယ် ပြုလုပ်ထားခြင်း တစ်မျိုးလို့ ပြောလို့ရပါတယ်၊ ကျိန်စာသင့်တယ်ဆိုတာ သုံးမျိုးလောက် ရှိပါတယ်၊ တစ်မျိုးက ကာယကံရှင်တွေရဲ့သစ္စာစွမ်းအား ကောင်း





လို့ ကျိန်စာသင့်တာ ရှိပါတယ်"

"ဟုတ်ကဲ့"

"နောက်တစ်ခုက သက်ဆိုင်ရာ အစောင့်အရှောက် ပုဂ္ဂိုလ်တွေက နှောင့်ယှက်လို့ ကျိန်စာသင့်တာလည်း ရှိပါတယ်၊ ဥပမာ-ဘုရားဖျက်လို့ ဘုရားမှာ စောင့်နေတဲ့နတ်တွေ ပရလောကသားတွေလက်ချက်ကြောင့် ဘေးအန္တရာယ် တွေ့ကြတာလည်း ရှိပါတယ်"

"ဟုတ်ကဲ့. . . နောက်တစ်မျိုးကရော"

"နောက်တစ်မျိုးက ဥပါဒါန်ကြောင့် ဖြစ်တာပါ၊ လုပ်ခဲ့စဉ်က ကျိန်စာကို သတိမရပေမယ့် စွဲလမ်းမှုလို့ခေါ်တဲ့ ဥပါဒါန်က ရင်ထဲမှာ ရှိနေတယ်၊ တစ်ချိန်ချိန် အကြောင်းတိုက်ဆိုင်လာတဲ့အခါ ပြန်ပေါ်လာပြီး ကိုယ့်စိတ်က ကိုယ့်ကိုပြန်ပြီး ဒုက္ခပေးတတ်တာမျိုးတွေလည်း ရှိကြပါတယ်"

"ကျွန်မတော့ ဖေဖေ့အဲဒီရုပ်တုကို မဝယ်ဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရတော့မှာပဲ"

ဟု ပြောလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်လည်း သူမကို နှုတ်ဆက်ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

# မိစ္ဆာရုပ်တုနှင့် ကြမ္မာဆိုးများ

နရဏီကုမ္ပဏီ၏အဖြစ်ကတော့ အတော်ကို ဆန်းကြယ်လှပေသည်။ တစ်ပတ်လုံး လေလံပွဲ ပြုလုပ်နေသဖြင့် လူများစည်ကားနေခဲ့သည်။

၎င်းအမိကထားပြီး လေလံပစ်သော ထူးဆန်းသော ရုပ်[illegible]ကတော့ မရောင်းရပေ။ ဝယ်ဝံ့သူ မရှိသည်ကတစ်ကြောင်း၊ ခေါ်ထားသောဈေး မြင့်နေသည်က တစ်ကြောင်းကြောင့် ယခု ထိသို့ ကျန်နေခြင်း ဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အချို့ကလည်း စိတ်ဝင်စားသဖြင့် လာရောက်ကြည့်ရှုကြသည်။ ထိုနေရာရောက်သောအခါမှ အခြားသူများ ပြောသောစကားများကို ကြားပြီး မဝယ်ဝံ့ဘဲ ရှိကြလေသည်။

"ဒီအရုပ်က မိစ္ဆာရုပ်တုလို့ ပြောသံကြားတယ်၊ ဒီအရုပ်လက်ထဲမှာ ထားတဲ့လူဟာ ဘေးအန္တရာယ်ဆိုးတွေနဲ့ တွေ့ရလိမ့်မယ်လို့ ပြောသံကြားတယ်"

"ဒီလိုဆိုရင်တော့ ကြောက်စရာပဲပေါ့၊ ပိုက်ဆံလိုချင်လို့လုပ်ပါတယ်၊ ပိုက်ဆံမရဘဲ အန္တရာယ်ရတဲ့အလုပ်မျိုးတော့ မဖြစ်ဘူး"

ဟု အချင်းချင်း ပြောကြရင်းမှ ထိုစကားများက တဖြည်းဖြည်းနှင့် ပြန့်နှံ့သွားလေသည်။

"ရုပ်တုကတော့ အတော်ထူးဆန်းတယ်၊ ကျွန်တော်တို့လည်း ရှေးဟောင်းရုပ်တုအတော်များများကို တွေ့ဖူးပါရဲ့၊ ဒီလိုအရုပ်မျိုးတော့ မတွေ့ခဲ့ဖူးသေးဘူး"

"ဒါတင် ဘယ်ကမလဲ၊ ရုပ်တုတစ်ခုလုံး ရွှေနဲ့ ထုထားတာဗျ၊ ဒါ့အပြင် ပတ္တမြားကြီးတစ်လုံးတောင် ပါသေးတယ်၊ အခုကာလပေါက်ဈေးနဲ့ တွက်ရင်တောင် ပတ္တမြားရဲ့ဈေးက နည်းမှာမဟုတ်ဘူး"

ဟု အချင်းချင်း ပြောနေကြသော်လည်း လက်တွေ့ဝယ်ယူဝံ့သူတော့ မပေါ်ခဲ့ပေ။

ဤသို့ဖြင့် လေလံပွဲ ပြုလုပ်နေသည်မှာ တစ်ပတ်ခန့်ရှိခဲ့လေပြီ။





အခြားပစ္စည်းများသာ အရောင်းအဝယ် ဖြစ်သွားခဲ့သော်လည်း ထိုရုပ်တုကတော့ ကျန်နေခဲ့သည်။

တစ်ပတ်ခန့် ကြာသောအခါ နရဏီကုမ္ပဏီ တည်ရှိရာ အဆောက်အအုံတစ်ခုလုံး မီးလောင်ကျွမ်းခဲ့လေသည်။

ထိုသို့ မီးလောင်ရသောအကြောင်းမှာလည်း ထူးဆန်းလှပေသည်။

နာရသန်က ငှင်းရလာသော ရတနာသေတ္တာကိုတော့ သိမ်းထားပြီး နက္ခတ်တာရာရုပ်တုနှင့် အခြားပစ္စည်းများကိုသာ လေလံပစ်ပြီး ရောင်းချခဲ့လေသည်။

အခြားပစ္စည်းများသာ ရောင်းရပြီး ထိုရုပ်တုကတော့ ရောင်းခဲ့ရပေ။

တစ်ပတ်ခန့်ကြာသောအခါ နာရသန်က ငှင်းရလာသော ပုရပိုက်များကို အရည်ကျိုပစ်ရန် စေခိုင်းလေသည်။ ရွှေပုရပိုက်၊ ငွေပုရပိုက်၊ ကြေးပုရပိုက်ကိုပါ အရည်ကျိုပစ်ရန် ကုလားအလုပ်သမားများကို စေခိုင်းလေသည်။

ငှင်းကုမ္ပဏီဖွင့်ထားသောတိုက်၏ အနောက်ဘက်တွင် ရွှေငွေများ အရည်ကျိုသောဖိုခန်း ရှိသည်။

သာမန်မဟုတ်ဘဲ မီးဖိုကြီးများနှင့် မီးပြင်းထိုးတာ အရည်ကျိုသောနေရာလည်းဖြစ်သည်။

တိုက်၏အနောက်ဘက်အခန်းထဲတွင် သီးသန့်ပြုလုပ်ထားခြင်းဖြစ်သည်။

ကုလားအလုပ်သမားများက ပုရပိုက်များကို အရည်ကျို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ရန် ပြင်ဆင်နေစဉ် ပထမ မြွေတွန်သံ ကြားရသည်။

"ရှီ. . . ရှီ. . . ရှီ"

ကုလားသုံးယောက်မှာ မြွေတွန်သံ ကြားသဖြင့် များစွာ ထိတ်လန့်သွားကြသည်။

ထိုအခန်းမှာ အမြဲတစေ တံခါးပိတ်ထားသောအခန်း ဖြစ်သောကြောင့် မြွေတွန်သံ ကြားရသောအခါ အံ့ဩသွားကြသည်။ မီးထိုးထားသောမီးဖိုမှ မီးတောက်ကြီးများက တဖြည်းဖြည်းနှင့် အရှိန်တက်လာချေပြီ။

စိတ်မချသဖြင့် အခန်းထဲမှာ လိုက်ရှာကြည့်တော့လည်း ဘာမှမတွေ့ရချေ။

နောက်တစ်ကြိမ် ပုရပိုက်များကို အရည်ကျိုရန် ပြင်နေစဉ်မှာ ခွေးတစ်ကောင်၏မာန်ဖီသံကြီးကဲ့သို့ တဂီးဂီးနှင့် အသံကြီး ပေါ်လာသည်။

ဒီတစ်ကြိမ်တော့ အသံကြားရသလို အကောင်အထည်လည်း မြင်ကြရသည်။

အခန်းပေါက်ဝမှာ ဆောင့်ကြောင့်ထိုင်နေသောအနက်ရောင် ဝံပုလွေကြီးတစ်ကောင်ကို တွေ့ကြရသည်။

အလုပ်သမားများကို ကြီးကြပ်နေသူမှာ စူရတီဖြစ်ပြီး ၎င်းနှင့်အတူ ကုလားနှစ်ယောက်လည်း ရှိနေရာ မမျှော်လင့်ဘဲ ဝံပုလွေကြီးကို မြင်တွေ့သောအခါ ကုလားသုံးယောက်တို့မှာ ထိတ်လန့်သွားကြလေသည်။

ထိုအခိုက်မှာပင် အခန်းပေါက်ဝ တံခါးက 'ဝုန်း' ခနဲ





ပိတ်သွားပြီး ဝံပုလွေကြီးလည်း ကွယ်ပျောက်သွားလေတော့သည်။

"ဘယ်ရောက်သွားပြီလဲ"

"မသိဘူး. . . ဒီအကောင်ကြီးက ဒီအခန်းထဲ ဘယ်လိုရောက်လာတာလဲ"

"ဘယ်သိမှာလဲ"

"သူဌေးခိုင်းတဲ့အတိုင်း ဒီပုရပိုက်အထုပ်တွေကို အရည်ကျိုရမှာပေါ့. . ဖြစ်ပါ့မလား"

"သူခိုင်းတာမလုပ်ရင် အလုပ်ဖြုတ်ပစ်မှာပေါ့၊ မထူးပါဘူး. . . ခပ်မြန်မြန် လုပ်ကြရအောင်"

ဟု ပြောပြီး စူရတီက မီးဖိုအနီးသို့ တိုးကပ်သွားလေသည်။

ထိုအခိုက်မှာပင် အရှိန်ပြင်းပြင်းနှင့် တောက်လောင်နေသော မီးဖိုအတွင်းမှ မီးလုံးကြီးတစ်လုံးက ဝုန်းခနဲ ထွက်လာပြီး စူရတီကိုယ်ကို လာကပ်လေသည်။

"ဝုန်း. . ."

"ဟ. . . လုပ်ကြပါဦးဟ"

အခန်းတွင်း ရေများများမရှိသောကြောင့် လိုက်ရှာနေရင်းမှ မီးတောက်မှာ များလာလေသည်။

ထို့နောက်မှာတော့ အခြားကုလားနှစ်ယောက်ဆီကိုလည်း မီးလုံးကြီးများ ဝဲပျံရောက်လာပြီး တစ်ကိုယ်လုံး လောင်လေရာ ကုလားသုံးယောက်စလုံး ပြေးလွှားရင်းမှပင် တိုက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး မီးစွဲလောင်ရခြင်းဖြစ်သည်။

တစ်ညလုံး လောင်ကျွမ်းခဲ့သောမီးမှာ နောက်တစ်နေ့
နံနက်ပိုင်းရောက်မှ ငြိမ်းသွားတော့သည်။

ထိုအချိန်မှာ တိုက်တစ်ခုလုံး နံရံသာ ကျန်ခဲ့တော့သည်။

ဦးမြတ်ကောင်းက တယ်လီဖုန်းဆက်ပြီး သတင်းပေး
သောကြောင့် ဒေါက်တာမင်းထင်ကျော်လည်း ထိုနေရာသို့ ကား
ဖြင့် သွားလေသည်။

ကုမ္ပဏီရောက်လာသောအခါ သူဇာမြတ်ကောင်းနှင့်
တွေ့ရသည်။

"ကိုမင်းထင်ကျော်ပြောတဲ့အတိုင်း အန္တရာယ်တွေတော့
ဝင်လာပြီထင်တယ်"

"ဒါထက်. . ဦးဘယ်မှာလဲ"

"ဖေဖေတော့ အဲဒီတိုက်က နာရသန်နဲ့ တွေ့ရအောင်
အစောကြီးကတည်းက ထွက်သွားတာပဲ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း မီး
လောင်ခံထားရသော တိုက်ဘက်သို့ သွားလေသည်။

လွန်ခဲ့သောရက်များက လေလံပွဲပြုလုပ်ခဲ့သည့် ခမ်းနား
ကြီးကျယ်သော တိုက်ကြီးတစ်ခုလုံးမှာ အုတ်နံရံအချို့သာ ကျန်
ပြီး မီးသွေးပုံဘဝသို့ ရောက်သွားခဲ့လေပြီ။

ထိုနေရာရောက်တော့ နာရသန်နှင့် တွေ့ရလေသည်။

"ခင်ဗျားအတွက် စိတ်မကောင်းပါဘူးဗျာ"

ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ နာရသန်





က များစွာစိတ်ပျက်နေသောအသံဖြင့် ပြောလေသည်။

"ခင်ဗျားပြောတဲ့အတိုင်း မှန်နေပြီလား မသိပါဘူး၊ ဒီ
ပစ္စည်းတွေ ရလာကတည်းက တစ်ချက်မှ မကောင်းသေးဘူး၊
အခုလည်း ကျုပ်တပည့်သုံးယောက်စလုံး မီးလောင်လို့ သေသွား
ကြတယ်၊ ရှိသမျှပစ္စည်းတွေလည်း မီးလောင်လို့ ကုန်သွားပြီ"

"စိတ်မကောင်းပါဘူးဗျာ. . . ဘယ်လိုကြောင့် အခုလို
ဖြစ်တာလဲ"

"ခင်ဗျားကြည့်သွားတဲ့ ပုရပိုက်တွေကို အရည်ကျိုဖို့ လုပ်
နေရင်းက အခုလိုဖြစ်တာပါပဲ"

"ကျွန်တော် အဲသည်နေရာကို တစ်ချက်လောက် ဝင်
ကြည့်ပါရစေ"

ဟု ပြောပြီး နောက်ဘက်အခန်းသို့ ဝင်ကြည့်လေသည်။

ထိုနေရာတစ်ဝိုက်မှာလည်း အပျက်အစီးများနှင့် မီး
သွေးပုံ ပြာပုံများ တွေ့ရသည်။

ထိုနေရာမှ အပျက်အစီးများကို ဖယ်ရှားပြီး ရှာဖွေကြည့်
သောအခါ ကြေးပုရပိုက်၊ ငွေပုရပိုက်၊ ရွှေပုရပိုက်များအပြင်
ကျိန်စာရေးထားသည့် ရွှေဖြူပုရပိုက်ပါ တွေ့ရသဖြင့် အပြင်သို့
ယူလာလေသည်။

ပြာမှုန့်များ မီးသွေးများကြောင့် အရောင်အဆင်းပင်
မပေါ်တော့သည့် ပုရပိုက်ချပ်များကို ကြည့်ပြီး နာရသန်က စိတ်
ပျက်လက်ပျက် ဖြစ်နေဟန်ရှိသည်။

ထို့ပြင် ကြောက်ရွံ့နေပုံလည်း ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအတွက် အသုံးမလိုတော့ဘူးဆိုရင် ဒီပုရပိုက်ချပ်တွေကို ကျွန်တော် ဝယ်ချင်ပါတယ်"

"ရှိသမျှအားလုံး မီးထဲပါသွားပြီဆိုမှတော့ ဒါတွေလည်း ဘာတစ်ခုမှ မမက်တော့ပါဘူး၊ ခင်ဗျားပေးချင်သလောက်ပေးပြီး ယူသာ သွားပါတော့၊ ကျုပ်လည်း ဒီမှာ မနေချင်တော့ပါဘူး ဒီရက်ပိုင်းအတွင်း စီစဉ်စရာတွေ စီစဉ်ပြီး အိန္ဒိယ ပြန်ပါတော့မယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း သင့်တော်သောဈေးနှုန်းဖြင့်ပြီး ပုရပိုက်ချပ်များ ဝယ်ယူလိုက်သည်။

"ဒါထက် လေလံပစ်တဲ့ရုပ်တုကရော ဘယ်ရောက်သွားပြီလဲဗျ"

အံ့ဩသွားသောအမူအရာဖြင့်. . .

"ခင်ဗျား မသိသေးဘူးလား၊ ဒီကနေ့ မနက်ပိုင်းက ဦးမြတ်ကောင်း ဝယ်သွားပြီဗျ"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ထိုကဲ့သို့ ဝယ်ယူခြင်းမှာ ကုမ္ပဏီလုပ်ငန်းအနေနှင့် ဝယ်ယူခြင်း မဟုတ်ဘဲ ဦးမြတ်ကောင်း တစ်ဦးတည်းအနေနှင့် စီးပွားရေးလုပ်ရန် ဝယ်ယူခြင်းဖြစ်မည်ဟု တွေးထင်လိုက်လေသည်။

ထို့နောက် ပုရပိုက်များကို မိမိနေအိမ်သို့ ယူဆောင်သွားပြီးနောက် အသေအချာ လေ့လာဖတ်ရှုကြည့်လေသည်။

ကြေးပုရပိုက်တွင် ရေးထားသောအဓိပ္ပာယ်မှာ. . .





နက္ခတ်တာရာနှင့် ပတ်သက်သော ရုပ်တုများ စီရင်ပြုလုပ်ပုံများကို ရေးသားဖော်ပြထားသည်။

ငွေပုရပိုက်တွင် နက္ခတ်တာရာနှင့် ၎င်းနတ်တို့ကို ပူဇော်သပုံ နည်းများကို ရေးသားဖော်ပြထားသည်။

ရွှေပုရပိုက်ချပ်တွင် လောကီနှင့် သက်ဆိုင်သော အစီအရင်များကို ရေးသားဖော်ပြထားသည်။

(ထိုအချက်များအပြင် နက္ခတ်တာရာစောင့်နတ်များနှင့် ပတ်သက်ပြီး ဆောင်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များလည်း ပါဝင်လေသည်။)

ရွှေဖြူပုရပိုက်မှာတော့ မိစ္ဆာရုပ်တုနှင့် ပတ်သက်ပြီး ကျိန်စာများ ရေးထားပေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ မကျေနပ်သဖြင့် မှန်ဘီလူးဖြင့် ရွှေဖြူပုရပိုက်ကို သေချာစွာ လေ့လာကြည့်သောအခါ စာလုံးကလေးများကို ထပ်တွေ့ရလေသည်။

"ဒီစာလုံးလေးတွေဟာ သာမန်တော့ ဟုတ်ဟန်မတူဘူး နောက်မှ အသေအချာ လေ့လာကြည့်ရမယ်၊ ဒီလို လေ့လာကြည့်ရင် အဖြေတစ်ခုတော့ ထပ်ရလာနိုင်တယ်"

ဟု တွေးမိလေသည်။

နောက်ထပ် တစ်ပတ်ခန့် ကြာသောအခါ စိတ်မချမ်းမြေ့စရာ သတင်းတစ်ခု ကြားရလေသည်။

ရှိသမျှပစ္စည်းများကို ထုခွဲရောင်းချပြီး အိန္ဒိယသို့ ပြန်သွားခဲ့သော နာရာယန် လိုက်ပါသွားသော သင်္ဘောမှာ မြုပ်မ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ နယ်နိမိတ် မကျော်ခင်မှာပင် မုန်တိုင်းမိကာ ပင်လယ်ပြင်၌ နစ်မြုပ်ပျက်စီးသွားသည် ဆိုသောသတင်းပင်ဖြစ်ပေသည်။

ထိုအချိန်မှစပြီး နာရသန်နှင့် ပက်သက်သည့်သတင်းကို နောက်ထပ်မကြားရတော့ပေ။

တစ်နေ့သ၌ သူဇာမြတ်ကောင်းထံမှ တယ်လီဖုန်းဆက်ပြီး မှာသဖြင့် ဒေါက်တာမင်းထင်ကျော် သွားတွေ့လေသည်။

"ဘာများ ကိစ္စထူးလို့လဲ မသူဇာ"

သူဇာမြတ်ကောင်းမှာ မျက်စိမျက်နှာ သိပ်မကောင်းပေ။

"ဖေဖေ ပြန်မလာတာ တစ်ပတ်ကျော်သွားပြီ၊ သတင်းအဆက်အသွယ်လည်း မရတော့ဘူး"

ဒေါက်တာမင်းထင်ကျော်မှာ သူမ ပြောနေသော အကြောင်းများကို နားမလည်သဖြင့် ပြန်မေးလိုက်သည်။

"ဦးက ဘယ်ကိုသွားတာလဲ၊ ဘယ်လိုကြောင့် အဆက်အသွယ်ပြတ်သွားတာလဲ၊ အစကနေ ပြန်ပြောပြပါလား"

ထိုအခါ သူဇာမြတ်ကောင်းက အဖြစ်အပျက်အချို့ကို ပြန်ပြောပြသည်။

လေလံပွဲမှ ပြန်ရောက်လာကတည်းက ဦးမြတ်ကောင်းမှာ အစွဲအလမ်းတစ်ခု ပါလာသည်၊ အခြားမဟုတ်ပေ. . .။

နာရသန် လေလံပစ်နေသောရုပ်တုကို လိုချင်သောကြောင့် စွဲလမ်းမှု ဖြစ်နေခြင်းပင်ဖြစ်သည်။

"ဖေဖေ အဲဒီရုပ်တုက မိစ္ဆာရုပ်တုတစ်ခုလို့ ပြောတယ်





ထားတဲ့လူတိုင်း ဘေးအန္တရာယ်ဆိုးတွေနဲ့ တွေ့ကြုံရမယ်လို့ မင်းထင်ကျော်က ပြောသွားတယ်"

"ဖေဖေက အဲဒါမျိုးတွေ အယုံအကြည် မရှိပါဘူး၊ ဘယ်အလုပ်မဆို အကျိုးအမြတ် ရှိမရှိ ဆိုတာကိုပဲ ကြည့်ပြီး အလုပ်လုပ်တယ်၊ ဒီအရုပ်က သာမန်မဟုတ်ဘူး၊ လောကမှာ နှစ်ခါပြန်တွေ့နိုင်တဲ့အရာမျိုးပဲ၊ ရွှေရဲ့အလေးချိန်ကလည်း မနည်းဘူး၊ ကြားထဲ ပတ္တမြားကြီးတစ်လုံးကလည်း ပါသေးတယ်"

"ဒါ. . ဒါပေမယ့်. . ."

"ဒီမှာ. . သမီးကို ဖေဖေပြောမယ်၊ လောကမှာ အခွင့်အရေးဆိုတာ နှစ်ခါပြန်မရနိုင်ဘူး၊ ကံကြမ္မာပေးတဲ့ အခွင့်အရေးကို မယူရင် မိုက်မဲရာ ရောက်တော့မှာပေါ့၊ ဒီရက်ထဲမှာ နိုင်ငံခြားကုန်သည်တွေပါတဲ့ မှောင်ခိုသင်္ဘော ရောက်လာလိမ့်မယ်"

သူဇာမြတ်ကောင်းက ဖခင်ဖြစ်သူကို တအံ့တဩ ကြည့်နေသည်။

"နိုင်ငံခြားသား မှောင်ခိုသမားတွေက ရှေးဟောင်းလက်ရာနဲ့ ထုလုပ်ထားတဲ့ရုပ်တုတွေဆိုရင် သိပ်ပြီး သဘောကျကြတယ်၊ ပြောတဲ့ဈေးအတိုင်း ပေးဝယ်ကြတယ်၊ ဒီရုပ်တုတစ်ခုတည်းနဲ့ ဒီတစ်ခါတော့ အချိုကြီး ရနိုင်တယ်"

"ဖေဖေ ဒီလိုလုပ်ရင် ကုမ္ပဏီမှာရှိတဲ့ ရှယ်ယာရှင်တွေနဲ့ တွေ့ပြီး သူတို့ကို အသိပေးရမှာ မဟုတ်လား"

"ဟိုနေ့ကပဲ အစည်းအဝေး ခေါ်ပြီး အသိပေးပြီးပြီလေ၊ အတော်များများက သဘောမတူကြဘူး၊ ဒီတော့ ဒီကိစ္စကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ အသိမပေးတော့ဘဲ ဖေဖေတစ်ယောက်တည်းပဲ လုပ် တော့မယ်၊ နာရသန်ဆီက ရုပ်တုကို ရအောင်ဝယ်မယ်၊ ပြီးရင် နိုင်ငံခြားမှောင်ခိုကုန်သည်တွေနဲ့ ဆက်သွယ်ပြီး ရောင်းမယ် ရတဲ့အမြတ်အစွန်းကိုလည်း ဘယ်သူ့ကိုမှ ခွဲပေးစရာ မလိုတော့ ဘူးပေါ့"

ဟု ပြောပြလေသည်။

သူဇာမြတ်ကောင်းကတော့ ဖခင်သဘောကို ဆန့်ကျင် ပြောဆိုနိုင်သည့် အခွင့်အရေး မရှိသဖြင့် စိတ်မသက်မသာနှင့် ငြိမ်နေရလေသည်။

နောက်တစ်နေ့မှာပင် နာရသန်၏ နရဏီ ကုမ္ပဏီတည် ထောင်ထားသော တိုက်ကြီးတစ်ခုလုံး မီးလောင်ရာ နော တစ်နေ့ နံနက်ပိုင်းအချိန်ရောက်မှ ကုန်ကာ ပြီးသွားလေတော့ သည်။

မိုးလင်းသည်နှင့် ဦးမြတ်ကောင်းလည်း နာရသန်နှ သွားတွေ့ပြီး ဝယ်ယူခဲ့လေသည်။

နာရသန်ကလည်း ထိုရုပ်တုနှင့် ပတ်သက်ပြီး အတေ ကို စိတ်ပါတ်ကျနေပြီဖြစ်သောကြောင့် ဦးမြတ်ကောင်း ပြေ သည့်ဈေးနှင့်ပင် ရောင်းလိုက်တော့သည်။

ဦးမြတ်ကောင်း ထိုရုပ်တုကို ရလာခဲ့ပြီးနောက်တွင် မည် သူ့ကိုမှ အသိမပေးတော့ဘဲ လုံခြုံသောနေရာ၌ သိုဝှက်သွား လေသည်။

သူသည် နိုင်ငံခြားကုန်သည်များ ရောက်လာမည့်ရ





ကို စောင့်မျှော်နေလေသည်။

ထိုရုပ်တုရောက်လာပြီးသည့်နောက်ပိုင်းတွင် ညအချိန် ရောက်လာလျှင် ကောင်းစွာမအိပ်ရအောင် နှောင့်ယှက်ခြောက် လှန့်မှု အမျိုးမျိုးနှင့် ကြုံရလေသည်။

ညဉ့်နက်ပိုင်း ရောက်လာလျှင် တိုက်အတွင်းမှသော် လည်းကောင်း၊ အပြင်မှသော်လည်းကောင်း၊ မြွေသံများ၊ ဝံပု လွေ မာန်ဖီသံများ ကြားရသည်။

အစောင့်များက လိုက်ရှာသော်လည်း မည်သည့်သတ္တဝါ မှ မတွေ့ကြရပေ။

အစောင့်တစ်ယောက်ကတော့ ပြောသည်။

"ခွေးတွေ မာန်ဖီသံလိုအသံမျိုး ကြားရလို့ အဲဒီနေရာကို သွားကြည့်တော့ အမှောင်ထဲက မျက်လုံးနီနီကြီးနဲ့ လှမ်းကြည့် နေတာ မြင်ရတယ်၊ လူစုပြီး အနားသွားကြည့်တော့လည်း ဘာမှ မတွေ့ရဘူး"

သို့သော်လည်း ဦးမြတ်ကောင်းကတော့ လက်မခံပေ။

"ရန်ကုန်မြို့လယ်မှာ ဘယ်က တောတိရစ္ဆာန်တွေက ရောက်လာမှာလဲ၊ မင်းတို့ စိတ်ထင်ပြီး ကြောက်နေတာပဲ ဖြစ်မှာ ပါ၊ ဘာပဲဖြစ်ဖြစ် ဂရုစိုက်ပြီး စောင့်ကြ"

ဟု ပြောသည်။

ထိုရက်များအတွင်းမှာ ဦးမြတ်ကောင်းကိုယ်တိုင်က လည်း လိုင်စင်ဖြင့် ကိုင်သောသေနတ်ကို လက်မှမချဘဲ သတိ ဝီရိယဖြင့် နေထိုင်ဟန်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညတွင် သူဇာမြတ်ကောင်းသည် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်လေသည်။

အိပ်မက်ထဲတွင် ဦးမြတ်ကောင်း ဝယ်ယူလာသော ရုပ်တုကြီးကို တွေ့မြင်နေရသည်။

ကြည့်နေရင်းမှပင် ထိုရုပ်တုကြီးမှ အလင်းရောင်များ ထွက်လာပြီး ထိုရုပ်တုကြီးအတွင်းမှ ထူးဆန်းသောအဝတ်အစားများနှင့် လူတစ်ယောက် ထွက်လာလေသည်။ ထိုလူကြီးမှာ ကုလားလူမျိုးများ ယုံကြည်ကိုးကွယ်သော နတ်ဘုရားရုပ်နှင့် ပုံသဏ္ဌာန်တူပြီး ကြောက်မက်ဖွယ်ရာ ပုံသဏ္ဌာန် ရှိလေသည်။

မျက်လုံးနှစ်လုံးမှာ မီးကျီခဲကဲ့သို့ ရဲရဲနီနေပြီး ဒေါသထွက်နေသော အမူအရာဖြင့် လှမ်းကြည့်နေသည်။

အတန်ကြာတော့ ထိုလူကြီးက ရုပ်တုကြီး ရှိရာဘက်သို့ လှည့်ပြီး အမိန့်ပေးလိုက်ရာ ရုပ်တုကြီးမှာ ငြိမ်သက်နေရာမှ အသက်ဝင်သကဲ့သို့ လှုပ်ရှားလာသည်။

မြွေခွေးနှင့်မြွေက တစ်ကောင်ချင်းစီ သီးခြားဖြစ်သွားပြီး အကောင်အရွယ်အစားကလည်း ကြီးမားလာလေသည်။

သူဇာမြတ်ကောင်းမှာ ထိုမြင်ကွင်းကို မြင်ရသောအခါ များစွာထိတ်လန့်ကြောက်ရွံ့သွားသဖြင့် အော်ဟစ်ရန် ကြိုးစားသော်လည်း အသံက မထွက်တော့ပေ။

လူကလည်း လုံးဝလှုပ်မရတော့ပေ။

မျက်လုံးများမှာ မီးတောက်များ ထွက်နေသကဲ့သို့ ရဲရဲနီနေကြသော မြွေနှင့်မြွေခွေးနှစ်ကောင်မှာ သူမရှိရာသို့ တရွေ့





ရွေ့နှင့် လာနေကြသည်။

အနီးရောက်သောအခါ မြွေက တစ်ကိုယ်လုံးကို မလှုပ်သာအောင် ရစ်ပတ်ထားလိုက်လေသည်။

ထိုသို့ရစ်ပတ်ထားပြီး မြွေခွေးက တစ်ကိုယ်လုံး လိုက်၍ နမ်းကြည့်သည်။

သူဇာမြတ်ကောင်းမှာ ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်နေသော်လည်း လှုပ်မရပေ။

အတန်ကြာတော့ မြွေခွေးက ဘာမှမလုပ်ဘဲ အနားမှ ပြန်ထွက်သွားသည်။

ထိုအခါ မြွေကလည်း တစ်ရစ်ချင်း ပြန်လျှော့ပြီး ဖြေပေးလိုက်သည်။

ပြီးလျှင် မြွေခွေးရော မြွေပါ သူမအနားမှ ထွက်သွားကြတော့သည်။

ထိုအခါမှ သက်ပြင်းချနိုင်ပြီး အသက်ဝအောင် ရှူရတော့သည်။ သို့သော်လည်း သူမအနေနှင့် ခဏကြာသောအခါ ထိုထက် ကြောက်မက်ဖွယ်ကောင်းသောမြင်ကွင်းကို တွေ့ရလေသည်။ အခြားမဟုတ်ပေ . . .။

သူမအနီးမှ ထွက်သွားသော မြွေနှင့်မြွေခွေးတို့က မနီးမဝေးတွင် ရှိနေသော ဦးမြတ်ကောင်းရှိရာသို့ ရောက်သွားကြသည်။

ထိုအချိန်မှာ ဦးမြတ်ကောင်းက အိပ်ပျော်နေလေသည်။ အနီးသို့ ရောက်သောအခါ ဦးမြတ်ကောင်းတစ်ကိုယ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်နိုင်အောင် မြွေက ရစ်ပတ်ထားလိုက်သည်။

ကြိုးဖြင့် တုပ်ထားသကဲ့သို့ မလှုပ်နိုင်တော့မှ မြေခွေးက အနားရောက်လာပြီး ဦးခေါင်းမှ စကာ တစ်ကိုယ်လုံးကို ကိုက်ဝါးလေသည်။

"အဖေသေပါပြီ. . . အဖေသေပါပြီ"

ထိုသို့ ဗလုံးဗထွေး အော်ဟစ်ရင်းနှင့် အိပ်ရာမှ ပြန်လန့်နိုးလာသည်။

"အဲ့ဒီနောက်ပိုင်းမှာလည်း အဲ့သည်လို အိပ်မက်မျိုး မကြာခဏ မက်နေတော့ ကျွန်မ မအိပ်ဝံ့အောင် ဖြစ်နေရပါတယ်"

သူဇာမြတ်ကောင်းက သူမ သိသမျှ အဖြစ်အပျက်အချို့ကို ဒေါက်တာမင်းထင်ကျော်ကို ပြန်ပြောပြနေသည်။

ယခုအခြေအနေထိတော့ ဦးမြတ်ကောင်း မည်သို့မည်ပုံ ပျောက်သွားသည်ကို သိနိုင်မည်မဟုတ်ပေ။

"နောက်ထပ် ဖြစ်ပျက်တဲ့အကြောင်းတွေလည်း ဆက်ပြောပြပါဦး မသူဇာ"

"နောက်ထပ်နှစ်ရက်လောက်ကြာတော့ နိုင်ငံခြားက မှောင်ခိုကုန်သည်တွေ ရောက်လာပြီလို့ သတင်းလာပေးပါတယ်"

"သူတို့က ဘယ်နေရာမှ စခန်းချကြသလဲ၊ မသူဇာ သိလား"

"ဖေဖေ ပြောပုံအရတော့ ပင်လယ်ဝမှာ စောင့်နေ





တယ်လို့တော့ ပြောသံကြားလိုက်မိတယ်၊ အဲ့ဒီနောက်တော့ ဖေဖေလည်း အဲ့ဒီရုပ်တုကြီးနဲ့ သူစုဆောင်းထားတဲ့ပစ္စည်းတွေကို ယူပြီး ထွက်သွားတာပါပဲ"

"သူ ဘာနဲ့ သွားတာလဲ"

"စက်လှေနဲ့ပဲ သွားတာပါ"

"စက်လှေပေါ်မှာ ဘယ်သူတွေ ပါသွားသလဲ၊ ဘယ်နှယောက် ပါသွားသလဲ၊ မသူဇာ သိလိုက်သလား"

"ဟင့်အင်း. . . အဲ့ဒါတော့ ကျွန်မ မသိလိုက်ဘူး"

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေလေသည်။

"ဦး ထွက်သွားတာ ဘယ်လောက်ကြာပြီလဲ မသူဇာ"

"တစ်ပတ်လောက် ရှိနေပြီ"

"ခါတိုင်း ခရီးထွက်သွားရင်ကော ဒီလိုပဲ ကြာတတ်သလား"

"ကြာတဲ့အခါလည်း ကြာတတ်ပါတယ်၊ ဒါပေမယ့် သူ ဘယ်ရောက်နေတယ်၊ ဘယ်မှာ ရှိနေတယ်ဆိုတာတော့ ကျွန်မ သိအောင် သတင်းပို့ပေးတတ်ပါတယ်၊ အခုတစ်ခေါက်ကျမှသာ ဘာမှ မသိရတော့တာ"

"ဒါထက် ဦး ခရီးထွက်သွားတာ ကုမ္ပဏီက အစုရှယ်ယာဝင်တွေ သိကြသလား"

"အတော်များများတော့ သိကြဟန်မတူဘူး၊ ကျွန်မသိတာတော့ တစ်ယောက်နှစ်ယောက်တော့ သိပုံရတယ်၊ အဲ့ဒီလူ



www.burmeseclassic.com

တွေလည်း ဖေဖေနဲ့အတူ ပါသွားကြပုံရတယ်”

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်က သူဇာမြတ်ကောင်း ပြောသမျှ အကြောင်းအရာများကို လေးလေးနက်နက် စဉ်းစားနေလေသည်။

“ဦးနဲ့အတူလိုက်သွားတဲ့ အစုရှယ်ယာဝင်ဇ္တွေရဲ့ အမည်ကိုရော မသူဇာသိလား”

“ဟင့်အင်း. . ကျွန်မ မသိလိုက်ဘူး”

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“ဖေဖေ့သတင်း သိရအောင် စုံစမ်းပေးပါ ကိုမင်းထင်ကျော်ရယ်”

“ဒီလောက်လည်း စိတ်မပူပါနဲ့၊ ဘာဖြစ်တယ်လို့ သေသေချာချာ မသိရမချင်း မျှော်လင့်ချက် ရှိပါသေးတယ်၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပေးပါ့မယ်”

ဟု ကတိပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ် ကိုမင်းထင်ကျော်ရယ်”

သူဇာမြတ်ကောင်းက အားကိုးသောအကြည့်မျိုးနှင့် သူ့ကို ကြည့်နေလေသည်။





## အခန်း(၈)

# မမျှော်လင့်ဘဲ ကံကောင်းကြသူများ

သည်နေရာတွင် ကြီးပွားရေးကုမ္ပဏီပိုင်ရှင် ဦးနေဒွန်း အကြောင်းကိုလည်း ရေးသားဖော်ပြရပေမည်။

ဦးနေဒွန်း ပိုင်ဆိုင်သော ကြီးပွားရေးကုမ္ပဏီ ဖွင့်ထားသောတိုက်မှာ ကမ်းနားလမ်းမှာပင် ရှိသည်။

ယခင် ကုလားသူဌေး နာရသန်ပိုင်သောကုမ္ပဏီ၊ သူဌေးဦးမြတ်ကောင်းပိုင်သော မြတ်ကောင်းကုမ္ပဏီတို့နှင့်မဝေး

www.burmeseclassic.com

လှဘဲ သုံးပင်တန်း အောက်လမ်း (ယခု (၁၅)လမ်း)ထိပ်တွင် တည်ရှိလေသည်။

ကုမ္ပဏီသုံးခုမှာ လမ်းသာခြားပြီး မနီးမဝေးမှာ ရှိကြသည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦး အကြောင်းသိကာ အပြိုင်အဆိုင်လည်း ရှိကြလေသည်။

ဦးနေဒွန်းသည် အသက်(၅၀)ကျော်အရွယ်ခန့်သာ ရှိသေးပြီး ရခိုင်တိုင်းရင်းသား ဖြစ်သည်။

ဂင်းမှာ စက်လှေများ ပိုင်ဆိုင်ထားပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများနှင့် ကုန်ရောင်းကုန်ဝယ်သွားလာနေသူဖြစ်သည်။ ဦးနေဒွန်းသည် ကုမ္ပဏီ ထောင်ထားသော်လည်း ကုမ္ပဏီမှာ အမြဲနေသူ မဟုတ်ပေ။

ကုမ္ပဏီတွင် သမီးဖြစ်သူ တင်မေနွဲ့က စီမံအုပ်ချုပ်ပြီး အခြားစိတ်ချယုံကြည်ရသူများနှင့် ကိုယ်တိုင်လိုက်ကာ အရောင်းအဝယ် ပြုလုပ်လေ့ရှိသည်။

ရန်ကုန်မှ ဆန်၊ ဆီ၊ ရေနံ၊ အခြားအသုံးအဆောင်များ သယ်ယူသွားပြီ ရေး၊ ဘိတ်၊ ထားဝယ်မြို့များသို့ သွားရောက်ရောင်းချသည်။

မိုးလေဝသ အခြေအနေ ကောင်းပါက ကော့သောင်းအထိရောက်အောင်ဆင်းကာ ပါသွားသောပစ္စည်းကို ဆက်သွယ်ထားသော ကုန်သည်များထံမှာ ရောင်းသည်။

ပြီးပါက ထိုဒေသမှ ထွက်သော ပုလဲ၊ ငှက်သိုက်၊ ငါးခြောက် စသော ဒေသထွက်ကုန်များ တင်လာသည်။





ထို့ပြင် ယိုးဒယားဘက်မှ ဝင်လာသော မှောင်ခိုပစ္စည်းများပါ တင်ဆောင်လာသည်။

ထိုအချိန်က ယိုးဒယားမှ မှောင်ခိုဝင်လာသော အာဂျီနိုမိုတို အချိုမှုန့်၊ ပလတ်စတစ် ပစ္စည်းများ၊ ရေဒီယို၊ နာရီ စသော ပစ္စည်းများ၊ ဆင်ကြယ်ဖိနပ်ကဲ့သို့သော ရာဘာဖိနပ်တို့မှာ မြန်မာပြည်ဈေးကွက်တွင် လူကြိုက်အများဆုံးနှင့် ဈေးကွက်အဝင်ဆုံး ဖြစ်နေလေသည်။

ထိုပစ္စည်းများကို ရန်ကုန်ရောက်သည်အထိ သယ်ယူနိုင်ပြီး ရောင်းချပါက အကျိုးအမြတ်များစွာ ရလေသည်။

သို့သော်လည်း လွယ်လွယ်ကူကူနှင့်တော့ သယ်ယူ၍ ရပေ။ ပင်လယ်ပြင် အစောင့်တပ်ဖွဲ့များ၊ ပင်လယ်ဓားပြများရန်ကို လွတ်အောင်ရှောင်နိုင်မှ ရန်ကုန်သို့ ရောက်သည်အထိ သယ်ယူနိုင်ပေသည်။

ထိုအချိန်ကာလက ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာ ပင်လယ်ဓားပြအဖွဲ့များ ရှိနေသေးသည်။

ပင်လယ်ပြင် ခရီးသွားကုန်သည်လှေများကို လုယက်တိုက်ခိုက်ကြသည်။

သို့ကြောင့် ဦးနေဒွန်းတို့လို စက်လှေများပေါ်မှာ လိုင်စင်ဖြင့်ကိုင်သော သေနတ်များအပြင် အခြားတရားမဝင် သေနတ်များပါ ဆောင်ထားရပြီး ပင်လယ်ဓားပြများနှင့်တွေ့လျှင် ပစ်ခတ်တိုက်ခိုက်ရသည်။

ပင်လယ်စောင့်တပ်ဖွဲ့များနှင့်တွေ့လျှင် လွတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြေးရသည်။

အကယ်၍ မလွတ်လျှင်တော့ လူရောစက်လှေပါ အဖမ်းခံရသည်။

သို့စေကာမူ မှောင်ခို စက်လှေသမားများကတော့ လွတ်သာလျှင် လူတော့ အမိမခံပေ။

နီးစပ်ရာကျွန်းများပေါ်သို့ တက်ပြေးကြသည်။

စက်လှေနှင့် ပါသောကုန်များ အဖမ်းခံရလျှင်လည်း အရေးမကြီးလှပေ။

နောက်တစ်ခေါက် လွတ်လျှင် ယခင်တစ်ခေါက် ဆုံးရှုံးသောငွေကို ပြန်ရနိုင်သည်၊ တစ်ခေါက်တည်းနှင့် အရင်းပြန်ကျေလေသည်။

ဦးနေဒွန်းကလည်း သူ့လူများကို ဒီတိုင်းပဲ မှာထားသေးသည်။

"ပစ္စည်းပါချင်ပါသွားပစေ. . . လူတော့ အမိမခံနဲ့ ဖြစ်တဲ့နည်းနဲ့ ငါ့ဆီ ပြန်လာခဲ့ကြ၊ ဒီတစ်ခေါက် ပါသွားရင် နောက်တစ်ခေါက် ပြန်ရအောင် လုပ်ရမယ်"

ပင်လယ်ပြင်မှာ စွန့်စားသွားလာခြင်းမှာ အကျိုးအမြတ်များစွာရသည်ဆိုသော်လည်း မြင်ရသော အန္တရာယ်၊ မမြင်ရသောအန္တရာယ်များအပြင် မမျှော်လင့်သောအန္တရာယ်များနှင့်လည်း တွေ့ရတတ်ပေသည်။

မုန်တိုင်း၊ လှိုင်းနှင့် ရေသတ္တဝါကြီးများ၏ အန္တရာယ်များကြောင့်လည်း လူနှင့် စက်လှေ၊ သင်္ဘောများ ပျက်စီးဆုံးရှုံးတတ်





ပေသည်။

သို့ကြောင့် ပင်လယ်ခရီးထွက်ရာမှာ ယုံကြည်အားကိုးရသော တပည့်များအပြင် သတ္တိရှိသူများလည်း မွေးထားရသည်။

အရေးကြုံပါက အသက်စွန့်ပြီး တိုက်ခိုက်ဝံ့သူများကို ရွေးချယ်ထားရသည်။

ထို့ပြင် လုပ်ငန်းတွင် အစုရှယ်ယာ ထည့်ထားပြီး ကိုယ်တိုင်လည်း လိုက်ပါဆောင်ရွက်နိုင်သူများနှင့်လည်း ပူးပေါင်းထားရသေးသည်။

၎င်းတို့မှာ ဦးထွန်းဖေနှင့်ဦးလူကျော်တို့နှစ်ယောက် ဖြစ်သည်။

၎င်းတို့နှစ်ဦးမှာလည်း ဦးနေဒွန်းနှင့် သက်တူရွယ်တူ သူမျိုးတူများဖြစ်ကြသည်။

ထို့ပြင် စိတ်တူကိုယ်တူလည်းရှိပြီး အစစအရာရာ ယုံကြည်စိတ်ချရသူများလည်းဖြစ်သည်။

ခရီးသွားလျှင် စက်လှေ(၃)စီးကို တစ်ယောက်တစ်စီးကျစီ တာဝန်ယူ လိုက်ပါကြပြီး ရရှိသောအကျိုးအမြတ်များကို အချိုးကျ ခွဲဝေယူကြလေသည်။

တစ်နေ့သ၌ ကမ်းရိုးတန်းဘက်မှ ပြန်လာကြရာ ညဥ့်ဦးပိုင်းအချိန်ခန့်တွင် ရန်ကုန်မြစ်ဝနှင့် မနီးမဝေးနေရာသို့ ပြန်ရောက်လာကြသည်။

ထိုအချိန်မှာပင် ပင်လယ်ဝ တစ်နေရာဆီမှ သေနတ်သံများ ဆူညံစွာ ပေါ်ထွက်လာသောအသံကို ကြားကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်းတို့မှာ အတွေ့အကြုံရှိကြပြီးသူများမို့ သေနတ်သံ ကြားရခြင်းမှာ အဆန်းတကြယ် မရှိကြတော့ပေ။ မှောင်ခိုသမားများနှင့် ပင်လယ်ဓားပြများ တွေ့ပြီး တိုက်ပွဲဖြစ်နေကြသလား၊ ဒါမှမဟုတ် ကမ်းခြေစောင့်တပ်များနှင့် ပင်လယ်ဓားပြများ တွေ့ပြီး တိုက်ပွဲဖြစ်နေကြသလားဟုသာ တွေးလိုက်မိကြသည်။

သူတို့အတွေ့အကြုံအရ မှောင်ခိုသမားများမှာ ပင်လယ်ဓားပြများနှင့် တွေ့သောအခါမှသာ ပြန်လှန်ပစ်ခတ်ကြပြီး ကမ်းစောင့်တပ်များနှင့် တွေ့ပါက ရင်ဆိုင်တိုက်ခိုက်သည်မျိုး မရှိဘဲ လွတ်အောင် ထွက်ပြေးတိမ်းရှောင် သွားလေ့ရှိကြောင်း သိထားကြလေသောကြောင့်ပင်ဖြစ်ပေသည်။ ထိုကဲ့သို့ တိုက်ပွဲများနှင့်တွေ့ရလျှင် ခရီးသွားရင်းလာရင်းနှင့် မမျှော်လင့်ဘဲ ပွပေါက်တိုးသည်များလည်း တွေ့ကြုံဖူးလေသည်။

အချိန်က ညဉ့်ဦးပိုင်းအချိန်ကျော်စပြုလာပြီ ဖြစ်သောကြောင့် ပင်လယ်ပြင်မှာ အမှောင်ရိပ်များ သမ်းလာပြီဆိုသော်လည်း မိုးလေကင်းနေသောကြောင့် ကောင်းကင်မှာ အလင်းရောင်များ ရှိနေသေးသည်။ ထိုအလင်းရောင်များကြောင့် ရေပြင်ပေါ် အတန်အသင့် လှမ်းမြင်နိုင်သည်။

"ဘယ်လိုလဲ ဦးနေဒွန်း၊ ကျုပ်တို့ ရန်ကုန်မြစ်ဝကို ချ...ချင်း ဝင်လို့ သင့်ပါ့မလား"

"ဘာကြောင့်လဲ ဦးထွန်းဇံရဲ့"

"သေနတ်သံတွေ ကြားနေရတာ ဒီနေရာနဲ့ သိပ်မဝေးလှဘူးလေ၊ တော်ကြာ ကမ်းခြေစောင့်တပ်တွေနဲ့ တိုးနေမှာစိုးရတယ်"

ထိုအခါ ဦးလူကျော်ကပါ ဝင်ပြောသည်။

"သူပြောတာ ဟုတ်တယ် ဦးနေဒွန်း၊ ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုသလိုတော့ ကော့သောင်းကနေ ဒီနေရာအထိ ချောချောမောမော ဖြစ်လာခဲ့ပြီးမှ ရန်ကုန်ဝင်ကာနီး မြစ်ဝရောက်မှ ကင်းသင်္ဘောနဲ့ တိုးနေမှာစိုးရတယ်"

ဦးနေဒွန်းက ခေါင်းဆောင်ဖြစ်သော်လည်း ကျန်နှစ်ယောက်၏ဆန္ဒကို ဆန့်ကျင်ဘက် မလုပ်လိုပေ။

"ဒီတော့ ခင်ဗျားတို့က ဘယ်လိုလုပ်ချင်သလဲ"

"တစ်နေရာမှာ ဝင်နေပြီး အခြေအနေ ငြိမ်သွားတော့မှ ဆက်သွားကြရင် မကောင်းဘူးလား၊ အခုအချိန်က ရေကျချိန်လည်း ဖြစ်တယ်၊ ရေတက်တော့မှ ရေစုန်နဲ့ စက်ရှိန်လျှော့မောင်းသွားရင် ပိုကောင်းမယ်ထင်တယ်"

ဟု မိတ်ဆွေနှစ်ယောက်က အကြံပေးကြသဖြင့် ဦးနေဒွန်းလည်း မငြင်းတော့ဘဲ စက်လှေ(၃)စီးစလုံးကို ကမ်းနှင့် မနီးမဝေးနေရာတွင် ကျောက်ဆူးချ ရပ်နားရန် ပြောလေသည်။

ထိုသို့ ရပ်နားပြီးနောက် စားကြသောက်ကြရင်းနှင့် အနားယူကြလေသည်။

ညဉ့်ဦးပိုင်းတစ်လျှောက်လုံး ကြားနေရသော သေနတ်သံများမှာ အချိန်အတော်ကြာတော့ ငြိမ်သက်သွားလေသည်။

ထိုအချိန်မှာ မိုးလေကင်းရှင်းပြီး လရောင်ကလေးပင်







www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသဖြင့် ပတ်ဝန်းကျင်ကိုပင် အတော်ဝေးဝေး လှမ်းမြင်ရလေသည်။

ပင်လယ်ရေကလည်း တဖြည်းဖြည်းနှင့် ငြိမ်စပြုလာခဲ့ပြီ။ မကြာမီ ပင်လယ်ဒီရေ ပြန်တက်လာတော့ပေမည်။

ထိုရေစီးနှင့် လိုက်သွားပါက စက်အားမသုံးရဘဲနှင့် ရန်ကုန်မြစ်ဝသို့ အလွယ်တကူ ဝင်ရောက်နိုင်ကြပေမည်ဖြစ်သည်။

ယခုအချိန်ထိတော့ ကမ်းစောင့်ကင်းလှည့်သင်္ဘောများ၏အရိပ်အယောင်ကိုမျှ မတွေ့ရသေးပေ။

ထိုသို့ဆိုလျှင်တော့ စောစောက ကြားရသော သေနတ်သံများမှာ မှောင်ခိုသမားအချင်းချင်းသော်လည်းကောင်း၊ ပင်လယ်ဓားပြများသော်လည်းကောင်း ဖြစ်ရမည်ဟု ခန့်မှန်းမိကြလေသည်။

သန်းခေါင်ယံအချိန်ရောက်သောအခါ ပင်လယ်ဒီရေ ပြန်တက်လာလေပြီ။

သို့ကြောင့် စက်လှေများကို ကျောက်ဆူးနှုတ်ပြီး ခရီးဆက်ကြလေသည်။

အပြန်ခရီးဖြစ်သောကြောင့် ဦးထွန်းဖံနှင့်ဦးလူကျော်တို့ ဦးနေဒွန်းစက်လှေပေါ်မှာပင် စကားပြောရင်း အတူလိုက်လာကြသည်။

ရန်ကုန်မြစ်ဝနှင့် မဝေးလှသည့်နေရာ ရောက်သောအခါ ရေပြင်ပေါ်မှာ မျောနေသောအရာဝတ္ထုကို တွေ့မြင်သွားကြလေသည်။





"ဟိုမှာ ဘာလဲဗျို့ . . . အနားရောက်အောင် မောင်းပြီးကြည့်ကြရအောင်"

ဟု ပြောပြီး ပဲ့နင်းဖြစ်သူကို ထိုနေရာဘက်သို့ ဦးတည်ကာ မောင်းခိုင်းရာ အတန်ကြာတော့ ထိုနေရာသို့ ရောက်သွားကြသည်။ အနီးရောက်တော့မှ မြင်ကွင်းကို မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

ဘောကွင်းတစ်ကွင်းကို ဖက်လျက် ရေကူးနေသည့် လူတစ်ယောက်ကို တွေ့ရသည်။

ထိုလူက သူ့ကို ကယ်ပေးရန် လက်ပြ အကူအညီတောင်းနေသောကြောင့် အနားရောက်သောအခါ စက်ရှိန်လျှော့ပြီး ကြိုးတစ်ချောင်း ပစ်ပေးလိုက်သည်။

ကြိုးစကို မိသွားသောအခါမှ တဖြည်းဖြည်း ဆွဲယူပြီး အနားရောက်လာသောအခါ စက်လှေပေါ် ဆွဲတင်လိုက်သည်။

ကျောဘက်တွင် အထုပ်တစ်ထုပ်ကို သိုင်းလွယ်ထားသည့် လူတစ်ယောက်ပင်ဖြစ်သည်။

စက်လှေပေါ် ရောက်လာသူမှာ အခြားသူမဟုတ်ပေ။

သူတို့နှင့် စီးပွားပြိုင်ဘက်ဖြစ်သော မြတ်ကောင်းကုမ္ပဏီ၏ သူဌေးဦးမြတ်ကောင်းပင်ဖြစ်တော့သည်။

"ဟင် . . . ဦးမြတ်ကောင်းပါလား"

"ဟာ . . . ဦးနေဒွန်းနဲ့ တွေ့ရတာပါလား၊ အား . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

"ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ၊ ဒဏ်ရာရလာသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဦးမြတ်ကောင်းဒဏ်ရာမှာ လက်ဖြင်မှ ဖောက်ဝင်လာသော သေနတ်ကျည်ဆန်ရာပင် ဖြစ်သည်။

"ခင်ဗျားဒဏ်ရာက မနည်းဘူး၊ တစ်ခုခုလုပ်မှ ဖြစ်မယ်၊ ခင်ဗျားကျောမှာ လွယ်ထားတဲ့အထုပ်ကြီးက ဘာထုပ်ကြီးလဲ၊ အဲ့ဒါကို ဖယ်ကြည့်မှ ရမယ်"

ဦးမြတ်ကောင်း ကျောမှာ လွယ်ထားသောအထုပ်ကို ဖယ်ပေးလိုဟန် မရှိပေ။

သို့သော် သူ့ဒဏ်ရာက မနည်းလှသောကြောင့် မတတ်သာတော့သဖြင့် ဖြုတ်ချပေးလိုက်သည်။

ဦးနေဒွန်းတို့သုံးယောက်က ဒဏ်ရာကို ကြည့်နေစဉ်မှာပင် ဦးမြတ်ကောင်းမှာ သွေးထွက်လွန်ပြီး သတိမေ့သွားလေတော့သည်။

သို့ကြောင့် ထွေထွေထူးထူး လုပ်မနေတော့ဘဲ ထိုနေရာကို အဝတ်စတစ်စနှင့် သိုင်းပတ်ပေးထားလိုက်ပြီး သုံးယောက်သား ထိုအထုပ်ကိုယူပြီး ဦးခန်းထဲသို့ ဝင်ပြီး တံခါးပိတ်ထားလိုက်လေသည်။

"စောစောက သေနတ်သံတွေ ကြားတာ သူတို့ပဲ ဖြစ်မယ်"

"ဒဏ်ရာက အတော်များတယ်. . . ဘယ်လိုလုပ်ကြမလဲ"

"ရန်ကုန်ရောက်အောင် ခေါ်သွားပြီး ဆေးရုံတင်ပေး





လိုက်ရရင် မကောင်းဘူးလား"

"ဒီလိုလုပ်လို့ မသင့်ဘူးထင်တယ်၊ သူတို့က ဘာတွေလုပ်ပြီး ဘာတွေဖြစ်လာတယ်ဆိုတာ မသိသေးဘူး၊ တော်ကြာ ပုလိပ်တွေက ဟိုမေးဒီမေးနဲ့ ရှုပ်လာရင် ကျုပ်တို့ပါ အမှုပတ်နေလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"နောက်တော့မှ အခြေအနေကြည့်ပြီး လုပ်ကြတာပေါ့၊ လောလောဆယ်တော့ သူ့အထုပ်ထဲမှာ ဘာတွေပါသလဲဆိုတာ သိရအောင် ဖြေကြည့်ရမယ်"

ဟု ပြောကာ ဦးနေဒွန်းက အိတ်ထဲမှ အထုပ်ကို ယူပြီး ဖြေကြည့်လိုက်သည်။

"ဟာ. . ."

မီးရောင်အောက်မှာ အရောင်တလက်လက် ထွက်နေသောအရာမှာ အခြားမဟုတ်ပေ။

နာရာယန်ထံမှ ဝယ်ယူခဲ့သော မိစ္ဆာရုပ်တုပင် ဖြစ်ပေတော့သည်။

"ဒီရုပ်တုက ဟိုတလောက ကုလားသူဌေးနာရာယန် လေလံပစ်နေတဲ့အရုပ် မဟုတ်လား"

"ဟုတ်တယ်. . . ဒီရုပ်တုက သူ့ဆီကို ဘယ်လိုရောက်နေတာလဲ"

"သူဝယ်ခဲ့တာ ဖြစ်မှာပေါ့"

သုံးယောက်သား ထိုရုပ်တုကို တစ်ယောက်တစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ယူ၍ အသေအချာ ကြည့်ကြလေသည်။

"အင်း. . . တစ်ခုလုံး ရွှေသားနဲ့ချည်း လုပ်ထားတာဆိုတော့ တန်ဖိုးကတော့ မနည်းဘူး၊ ရှေနောက်ပြီး ပတ္တမြားတစ်လုံးလည်း ပါသေးတယ်"

"ကျုပ်တို့တစ်တွေ စားရကံ ကြုံလို့ မှတ်ဆိတ်ပျားစွဲတာပဲ"

ဟု ပြောကာ သုံးယောက်သား ခေါင်းချင်းရိုက်ပြီး တိုင်ပင်နေကြလေသည်။

ထိုအခိုက်မှာပင် ပိတ်ထားသောတံခါး ပွင့်လာပြီး အပေါက်ဝမှာ သင်္ဘောသားတစ်ယောက် ရပ်နေလေသည်။

မိုးသီးဆိုသူဖြစ်သည်။

"မိုးသီး ဘာလဲ"

"ဟိုလူကြီး သတိပြန်ရလာပြီး အော်နေလို့ လာပြောတာပါ ဆရာကြီး"

"အေး. . အေး. . ပြီးတော့မှ လာခဲ့မယ်၊ မင်းသွားတော့"

ဟု ပြောလိုက်သဖြင့် မိုးသီးက ဦးနေဒွန်းလက်ထဲမှာကိုင်ထားသော ရွှေရုပ်တုကို တစ်ချက်လှမ်းကြည့်ပြီး ပြန်ထွက်သွားလေသည်။

အတန်ကြာသောအခါ ဦးနေဒွန်းတို့စက်လှေပေါ်မှ မည်းမည်းသဏ္ဌာန်တစ်ခု ရေထဲသို့ ကျသွားသည်ကိုတော့ မိုးသီးတစ်ယောက်မှလွဲပြီး ကျန်သည့်သင်္ဘောသားများ မသိလိုက်ကြ






ပေ။

အမှောင်ရိပ်များ ဖုံးလွှမ်းနေသောရေပြင်ပေါ်မှာ လူတစ်ယောက်၏ဘဝ အဆုံးသတ်သွားခဲ့သည်ကိုတော့ မိုးသီးတစ်ယောက်တည်းသာ သိလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com



# အခန်း(၉)

# မင်းလယ်ပြင်မှ တစ္ဆေသင်္ဘော

ဦးမြတ်ကောင်း ပျောက်နေသည်မှာ နှစ်ပတ်ခန့် ကြာသောအခါ ကုမ္ပဏီမှာ အစုဝင်ထားသော ရှယ်ယာပိုင်ရှင်များက မကျေမနပ်ဖြစ်လာသည်။

ဦးမြတ်ကောင်း ထွက်ပြေးနေသယောင်၊ တမင်ရှောင်တိမ်းနေသယောင် ထင်လာပြီး ၎င်းတို့ ထည့်ဝင်ထားသည့် အစုရှယ်ယာများ ပြန်ထုတ်လိုလာကြသည်။

“နောက်တစ်ပတ်လောက်အထိတော့ စောင့်ပေးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ အဲ့သည်အချိန်ထိမှ ကုမ္ပဏီအစည်းအဝေး မခေါ်ဘဲ သူရှောင်နေမယ်ဆိုရင် ကျုပ်တို့ ထည့်ဝင်ထားတဲ့ ရှယ်ယာတွေနဲ့ ရသင့်တဲ့အမြတ်ငွေတွေကို ပြန်ထုတ်ချင်တယ်"

"ဟုတ်တယ်. . . တကယ်လို့ ဦးမြတ်ကောင်းအနေနဲ့ ကျုပ်တို့နဲ့ အတွေ့မခံဘဲ ရှောင်နေမယ်ဆိုရင်တော့ တရားဥပဒေကြောင်းအရ ဆောင်ရွက်ရလိမ့်မယ်"

"ကုမ္ပဏီနဲ့ သက်ဆိုင်တဲ့အလုပ်မှန်သမျှ ရှယ်ယာဝင်ထားတဲ့လူတွေကိုတော့ အသိပေးသင့်တာပေါ့၊ အခု ကျုပ်တို့အားလုံး ဘာမှမသိရဘဲ ခြေရာပျောက်နေတာတော့ မကောင်းပါဘူး"

"ဟုတ်တယ်. . နောက်ထပ်ခုနစ်ရက်အထိ အချိန်ပေးမယ်၊ ဒီအချိန်အတွင်းမှာမှ ကျုပ်တို့ ကျေနပ်လောက်အောင် ဖြေရှင်းချက် မပေးနိုင်ရင်တော့ တရားဥပဒေ ရှိတဲ့အတိုင်း ဆောင်ရွက်ရမှာပဲ"

ထိုသို့ ရှယ်ယာဝင်ထားသူများက အကျပ်ကိုင်လာသောအခါ သူဇာမြတ်ကောင်းအနေနှင့် မည်သို့ဖြေရှင်းရမည် မသိအောင် ဖြစ်နေသောကြောင့် ရှယ်ယာဝင်တစ်ဦးဖြစ်သူ ဒေါက်တာမင်းထင်ကျော်က ကြားမှ ဝင်ပြီး အာမခံပေးနေရလေသည်။

"ဒီလောက်လည်း စိတ်မပူကြပါနဲ့၊ ဦးမြတ်ကောင်းအနေနဲ့ အကြောင်းတစ်ခုခုနဲ့ ခရီးလွန်နေတာ ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်၊ ကျွန်တော်တို့လည်း တတ်နိုင်သလောက် စုံစမ်းနေကြပါတယ်"





ထိုစကားကြောင့် အားလုံးက ဒေါက်တာမင်းထင်ကျော်ကို စိတ်ဝင်စားစွာ ကြည့်လိုက်ကြသည်။

"တကယ်လို့ ခုနစ်ရက်အတွင်း စုံစမ်းလို့ အကြောင်းမထူးရင်တော့ မိတ်ဆွေတို့ရဲ့အစုရှယ်ယာတွေအတွက် အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ ကျွန်တော် တာဝန်ယူပါတယ်"

"ဒေါက်တာ့အနေနဲ့ တာဝန်ယူပေးမယ်ဆိုရင်တော့လည်း ဒီလိုပဲ သည်းခံပြီး စောင့်ပေးပါမယ်"

ထိုသို့ ဝင်ရောက်ဖြေရှင်းလိုက်တော့မှ အစုရှယ်ယာဝင်များ ပြန်သွားကြလေသည်။

သူဇာမြတ်ကောင်းမှာတော့ တစ်ပူပေါ် နှစ်ပူဆင့်သောအဖြစ်မျိုးနှင့် ကြုံတွေ့နေရလေသည်။

ဖခင်ဖြစ်သူ ပျောက်နေသောကြောင့် စိုးရိမ်သောကရောက်နေရသည့်ကြားထဲမှ အစုရှယ်ယာဝင်များက ပြဿနာတက်လာသောကြောင့် မည်သို့ရှင်းရမှန်းမသိအောင် ဖြစ်နေတော့သည်။

ကြားထဲမှ ဒေါက်တာမင်းထင်ကျော်က ဝင်ရှင်းပေးသောကြောင့်သာ အနည်းငယ် သက်သာခွင့် ရခဲ့ခြင်းဖြစ်၏။

"ကျွန်မတို့အခြေအနေကတော့ တကယ့်ကို အကျပ်အတည်း ဖြစ်နေရပါပြီ၊ ဖေဖေ ပျောက်နေတဲ့ကြားထဲက အစုရှယ်ယာဝင်တွေကပါ ပြဿနာ တက်လာကြပြီ၊ ကျွန်မတစ်ယောက်တည်းနဲ့ ဘယ်လိုမှ ဖြေရှင်းလို့ ရနိုင်မယ် မထင်ဘူး၊ ကိုမင်းထင်ကျော် အခုလို ဝင်ပြီးကူညီဖြေရှင်းပေးတာ ကျေးဇူးတင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်"

"ဒီလောက်လည်း မလိုပါဘူး မသူဇာ၊ မသူဇာတို့နဲ့ ကျွန်တော်တို့က စီးပွားဘက်တွေပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ဦးက ကူညီပေးရမှာပေါ့"

"ဒါထက် အခုအချိန်ထိ ဖေဖေ့သတင်းကလည်း အစအနတောင် မကြားရသေးဘူး၊ ဘယ်ရောက်လို့ ဘယ်လိုများ ဖြစ်နေပြီလဲ မသိဘူး၊ ကျွန်မတို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ ဟင်"

"ကျွန်တော် လိုက်ပြီးသတင်းစုံစမ်းဖို့ စီစဉ်ထားပြီးပါပြီ"

"ဒီလိုဆိုရင် ကျွန်မပါ လိုက်ခဲ့ပါရစေရှင်၊ ဒီအတိုင်းနေတာနဲ့စာရင် ကိုမင်းထင်ကျော်တို့နဲ့ လိုက်ရှာတာကမှ စိတ်သက်သာရာရဦးမယ်"

ဟု ပြောပြီး သူမပါ လိုက်လာခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် ရှာဖွေရေးလုပ်ငန်းမစခင် ဘုန်းကြီးလမ်း ဂါတ်တဲသို့ အရင်သွားလေသည်။ ထိုဌာနမှာရှိသော ဌာနအုပ်ဦးထွန်းဆိုင်နှင့် စုံထောက်ကျော်စွာတို့မှာ သူနှင့် ခင်မင်ရင်းနှီးသူများ ဖြစ်ကြလေသည်။ ဌာနအုပ်ဦးထွန်းဆိုင်နှင့် တွေ့သောအခါ မြတ်ကောင်းကုမ္ပဏီမှ သူဌေးဦးမြတ်ကောင်း ပျောက်ဆုံးနေကြောင်း တိုင်ချက်ဖွင့်သည်။

ပြီးမှ စုံထောက်ကျော်စွာနှင့်တွေ့ပြီး အကျိုးအကြောင်း ပြောပြရလေသည်။

စုံထောက်ကျော်စွာသည် ဒေါက်တာမင်းထင်ကျော်နှင့်





ခင်မင်ရင်းနှီးသူဖြစ်ပြီး အကြောင်းရှိလျှင် အကူအညီပေးတတ်သူဖြစ်သည်။

နှစ်ယောက်ချင်းတွေ့တော့မှ သူက မေးသည်။

"ဦးမြတ်ကောင်းနဲ့ ပတ်သက်ပြီး ဆရာသိသမျှ ကျွန်တော့်ကို ပြောပြပါ"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ရုပ်တုနှင့် ပတ်သက်သောအကြောင်းအရာအချို့နှင့် နိုင်ငံခြားမှ တရားမဝင်ဝင်ရောက်လာသော ကုန်သည်များနှင့်ရောင်းချရန် အစီအစဉ်ရှိကြောင်း ပြောပြလိုက်သည်။

"ဒီလိုဆိုရင်တော့ ဆိပ်ကမ်းမှာ တာဝန်ကျနေတဲ့ ဂါတ်တဲကို အရင်သွားပြီး စုံစမ်းကြည့်ရင် ကောင်းမယ်ထင်တယ် ဆရာ"

ဟု ပြောပြီး သူပါ လိုက်လာသည်။

မော်တင်လမ်းထိပ်မှာရှိသော ဂါတ်တဲမှာ ဝင်ရောက်စုံစမ်းကြည့်တော့ တာဝန်ကျနေသောရဲကြပ်က ဘာမှထူးခြားမှုမရှိကြောင်း ပြောပြသည်။

ဘုန်းကြီးလမ်းထိပ် ဂါတ်တဲ၊ ညောင်ပင်လေးဈေး ဂါတ်တဲများကို ဝင်မေးကြည့်တော့လည်း အခြေအနေ ထူးခြားမှု မရှိပေ။

နောက်ပိုင်း ဗိုလ်တထောင်ဆိပ်ကမ်းဘက်မှာ တာဝန်ကျနေသော ဂါတ်တဲရောက်မှ သိတန်သရွေ့ သိရလေတော့သည်။ ထိုဂါတ်တဲမှ ရဲကြပ်ကြီးက ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က ပင်လယ်ဝဘ မှာ မှောင်ခိုစက်လှေအချင်းချင်း တိုက်ပွဲဖြစ်တယ်လို့တော့ တင်းတွေ ကြားရတယ်၊ အဲ့ဒီဘက်ကို ကင်းလှည့်သွားတဲ့သူ ပြောပုံအရတော့ စက်လှေတစ်စီး နစ်မြုပ်သွားပုံရတယ်"

ထိုသို့ သတင်းရသောကြောင့် ပင်လယ်ဝဘက်သို့ လှေဖြင့် ထွက်ပြီး စုံစမ်းရန် ပြင်ဆင်ရလေသည်။

ကုမ္ပဏီတွင် ရေအောက်ရတနာ ရှာဖွေရာတွင် အ ပြုသော သင်္ဘောတစ်စင်းရှိပြီး ရေငုပ်ကိရိယာနှင့် ရေငုပ်သ များလည်း အဆင်သင့်ရှိသည်။

ထို့ပြင် ဒေါက်တာမင်းထင်ကျော်က အရေးအကြော ရှိပါက အကူအညီရနိုင်စေရန် ဦးဇန်ကောင်း၊ စောထီးနှင့် အောင်တို့သုံးယောက်ပါ ခေါ်လာသည်။

စုံထောက်ကျော်စွာကလည်း စိတ်ဝင်စားသောကြော လိုက်လာလေသည်။

ထို့ပြင် သင်္ဘောပေါ်သို့ သေနတ်နှင့်လက်နက်များ အ အလင် ယူဆောင်ပြီးနောက် ပင်လယ်ဝဘက်သို့ ထွက်ခဲ့ သည်။

ထိုခရီးလမ်းကို ကျွမ်းကျင်သော ပဲ့နင်းဟု ခေါ်သ တက်မ,ကိုင်သူများ ပါသောကြောင့် လမ်းခရီးတွင် အခက်အ မရှိလှပေ။

ထိုခရီးလမ်းမှာ ဒေါက်တာမင်းထင်ကျော်တို့အတွ မသွားမလာဖူးသော ခရီးမျိုးတော့ မဟုတ်ပေ။





ရန်ကုန်မြစ်ဝသည် အတန်ငယ် ကျယ်သည်။

ဒီရေတက်ရာအရပ်ဖြစ်သောကြောင့် ကော်ဖီရောင် သို့ ညိုညစ်နေသော ရေပြင်ရှိသည်။

ထိုရေပြင်နေရာအနှံ့တွင် ဝမ်းစာအတွက် ငါးရှာထွက် သည့် တံငါလှေများနှင့် အစီအရီ မျောပါနေသော ဗေဒါအုံ း ရှိသည်။ ၎င်းတို့သည် ပင်လယ်ပိုင်း ဒီရေတက်ရာ အရပ် သများ၏ မရိုးနိုင်သော အလှတရားများဖြစ်ကြသည်။

ကမ်းဘေး ဝဲယာတစ်ဖက်တစ်ချက်မှာတော့ လတာပြင် င် လမုတောများ ရှိသည်။

တောင်ဘက်သို့ ဦးတည်ပြီး မောင်းလာသောသင်္ဘော ညနေပိုင်းအချိန်တွင် ပင်လယ်ဝသို့ ရောက်လာခဲ့ချေပြီ။ မပင်လယ်ကွေ့သည် ရှေးနှစ်ပေါင်းများစွာကရှိခဲ့သည့် အ အနေအတိုင်း နုံးနှစ်ရေများဖြင့် နောက်ကျိနေဆဲပင် ရှိသေး သည်။

ထိုနေရာရောက်သည်နှင့် ဒေါက်တာမင်းထင်ကျော်တို့ ရှာပုံတော်လုပ်ငန်းစဉ် စတင်ရပေတော့သည်။

အချိန်က နေ့လယ်ပိုင်းအချိန်ပင် ဖြစ်သော်လည်း ောင်းကင်ပြင်မှာ မိုးရိပ်များရှိနေပြီး အုံ့မှိုင်းလျက်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ပင်လယ်ရေပြင်ပေါ်မှ ခုန်အဆန် ခုတ်မောင်းမနေဘဲ ထိုရေပြင်တစ်ဝိုက်မှာ နေ့ည တ် ကျင်လည်နေကြသော တံငါလှေများကို စုံစမ်းကြသည်။ က်ချင်းတော့ သတင်းမရပေ။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေနှင့် မနီးမဝေးမှာ ဘဝင်းချရန် ပြင်ဆင်သော တံငါလှေတစ်စင်းကို ဝင်ရောက်စုံစမ်းတော့မှ သဲလွန်စ တစ်ခုရသည်။

"လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်ကတော့ ဒီနေရာ စက်လှေတစ်စင်း ကျောက်ချပြီး ရပ်ထားတာ တွေ့ရတယ်၊ လှေရဲ့ပုံစံက ခင်ဗျားတို့ အခုစီးလာတဲ့ စက်လှေပုံစံမျိုးပဲ"

"ဟုတ်ပြီ. . . ပြောပါဦး"

"ကျုပ်က ဒီနေရာတစ်ဝိုက်မှာပဲ အလုပ်လုပ်နေတာ ဆိုတော့ အဲဒီစက်လှေကို အသွားအပြန် မြင်နေရတယ်၊ တစ် ငါးဖမ်းပြီး ပြန်လာတော့ သူတို့စက်လှေက လှမ်းခေါ်တယ် တော့ ကျုပ်ဆီက ငါးဟင်းစား ဝယ်လို့ ရောင်းပေးခဲ့ရသေးတယ်"

"စက်လှေပေါ်မှာပါတဲ့ လူတွေရဲ့ပုံသဏ္ဌာန်တွေကို မှတ်မိသေးလား"

"တခြားလူတွေကိုတော့ သတိမထားမိပါဘူး၊ အသ ငါးဆယ်ကျော်အရွယ်လောက်ရှိပြီး ဝဝဖိုင့်ဖိုင့်နဲ့ ဆေးပြင်း ခဲထားတဲ့ လူကြီးတစ်ယောက်တော့ မှတ်မိလိုက်တယ်၊ သူ့ပုံ သူဌေးပုံပေါက်နေလို့ သတိထားလိုက်မိတာပါ"

"ဖေဖေတို့ပဲ ဖြစ်မှာပါ"

ဟု သူဇာမြတ်ကောင်းက ဝင်ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က ဆက်မေးသည်။

"နောက်တော့ ဘယ်လိုထူးခြားမှုတွေ တွေ့သေးလဲ. ပြောပါဦး"





"ညဘက်ရောက်တော့ ပင်လယ်ဘက်က သေနတ်သံ ကြားရတယ်၊ ဘာတွေဖြစ်နေတာလဲတော့ ကျုပ်မသိဘူး၊ နောက်တစ်နေ့မနက်ပိုင်းလာတော့ အဲဒီနေရာမှာ စက်လှေကို တွေ့ရတော့ဘူး"

ဘဝင်းချသောသူက သူမှတ်မိသမျှသော အကြောင်း ရာများကို စုံစုံလင်လင် ပြောပြလေသည်။

ထိုသို့သိရပြီးနောက်ပိုင်းမှာ ထိုနေရာတစ်ဝိုက်တွင် ညှိလည်ရှာဖွေကြည့်ကြသည်။

ပင်လယ်ရေပြင်တစ်လျှောက် လိုက်လံကြည့်သော်လည်း အစအနမျှပင် မတွေ့ရသောကြောင့် ကမ်းခြေတစ်လျှောက် လိုက်ကြည့်ကြပြန်သည်။

သို့သော် ဘာမှမတွေ့ကြရပေ။

ဤသို့ဖြင့် ညနေပိုင်းအချိန် ရောက်လာသည်။

မိုးတဖွဲဖွဲ ရွာသွန်းနေသောကြောင့် ပင်လယ်ပြင်မှာ မှုန်ဝါးလျက်ရှိနေသည်။

ဓမှာင်စပျိုးလာသောအချိန်တွင် ပင်လယ်ပြင်မှာ လိုက်လျှော်လည်း အကျိုးထူးမည် မဟုတ်သောကြောင့် ကမ်းနှင့်မနီးမဝေးနေရာမှာ ကျောက်ချရပ်နားကြသည်။

သူဇာမြတ်ကောင်းက ယခုတစ်ညတော့ ထိုနေရာတစ်ဝိုက်မှာနေပြီး အခြေအနေကြည့်ချင်သေးကြောင်း ပြောသဖြင့် ပြန်သေးဘဲ နားနေကြခြင်းဖြစ်သည်။ ထိုအချိန်မှာ ဒေါက်တာမင်းထင်ကျော်တို့က ဦးခန်းထဲမှာ ထိုင်ပြီး တိုင်ပင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါးရှာတဲ့လူ ပြောပုံအရဆိုရင်တော့ ဒီနေရာတစ်ဝို
ကို ဦးမြတ်ကောင်းတို့စက်လှေ ရောက်လာခဲ့တယ်ဆိုတာ အမှ
ဖြစ်နိုင်တယ်"

ဟု စုံထောက်ကျော်စွာက ထင်မြင်ချက်ပေးသည်။

"ဖြစ်နိုင်ပါတယ်. . . သူတို့ တစ်စုံတစ်ယောက်နဲ့ ချိ
ထားပြီးလို့ လာစောင့်နေကြတာ ဖြစ်မှာပေါ့"

ဦးဗန်ကောင်းကပါ ဝင်ပြောသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က သူဇာမြ
ကောင်းထံမှ သိထားသောအကြောင်းများကို ပြည့်စုံအော
ပြောပြလိုက်လေသည်။

"မသူဇာ ပြောပြပုံအရဆိုရင် ဦးမြတ်ကောင်းဟာ နို
ခြားက ဝင်လာမယ့် မှောင်ခိုကုန်သည်တွေနဲ့ ချိန်းထားလို့ လ
စောင့်နေတာ ဖြစ်မှာပါ။ ကျွန်တော်သိရသမျှတော့ ဦးမြ
ကောင်းဟာ နာရသန်ဆီက ရှေးဟောင်းရုပ်တုတစ်ခု ရခဲ့တယ

"ဘယ်လိုရုပ်တုမျိုးလဲ ဆရာ"

ကျော်စွာက စိတ်ဝင်စားစွာ မေးလိုက်သည်။

"နက္ခတ်တာရာနဲ့ သက်ဆိုင်တဲ့ရုပ်တုမျိုးပါ။ လက်ရာ
တော့ အတော့်ကို ရှေးကျတယ်၊ ဒါ့အပြင် ရုပ်တုတစ်ခုလုံး
ရွှေသားအစစ်နဲ့ လုပ်ထားတယ်၊ နောက်တစ်ခုက အရည်
သွေးကောင်းတဲ့ ပတ္တမြားကြီးတစ်လုံးလည်း ပါသေးတယ်"

"အတော်တန်ဖိုးရှိမှာပဲနော်"

"ပစ္စည်းအနေနဲ့ တန်ဖိုးရှိသလို ရှေးဟောင်းလက်





အနေနဲ့လည်း တန်ဖိုးမဖြတ်နိုင်ဘူး၊ ဦးမြတ်ကောင်းက အဲသည်ရုပ်တုကို နိုင်ငံခြားက မှောင်ခိုကုန်သည်တွေကို ရောင်းဖို့ စိတ်ကူးထားပုံရတယ်"

"အင်း. . . ဆရာပြောပုံအရ ဆက်စပ်ပြီး တွေးကြည့်ရင် ဒီလောက် တန်ဖိုးများတဲ့ရုပ်တုကို အလကား ယူချင်ကြတာနဲ့ ဟိုဘက်က လူတွေက ဦးမြတ်ကောင်းတို့တစ်ဖွဲ့လုံးကို အပြတ်ရှင်းလိုက်လေပြီလား"

ကျော်စွာ ပြောပြသောအချက်မှာ ကျောချမ်းစရာဖြစ်သည်။ ယခုအချိန်ကာလကလည်း အုပ်ချုပ်မှု မတည်ငြိမ်သေးသောကြောင့် မကောင်းမှု ဒုစရိုက်များက နေရာအနှံ့မှာ ပေါ်ပေါက်လျက်ရှိရာ လျှင်သူစားနေသော အချိန်ကာလ,လည်း ဖြစ်ပေသည်။

"ကိုကျော်စွာ ပြောတဲ့အချက်က ဖြစ်နိုင်ခြေ အများဆုံးအခြေအနေပါပဲ၊ ဒီလိုမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းပေးရတော့မှာပဲ"

အချင်းချင်း ပြောဆိုနေကြသည်။

အချိန်ကလည်း ညနေစောင်းအချိန်ပိုင်းသို့ ရောက်နေပြီး မိုးတဖွဲဖွဲ ရွာသွန်းနေသောကြောင့် ပတ်ဝန်းကျင်မှာ မှုန်မှိုင်းလျက် ရှိနေသည်။

ည၉ီးပိုင်းအချိန်ရောက်သောအခါ အဝေးမှ မောင်းလာသော စက်လှေတစ်စင်း၏စက်သံကို ကြားရသည်။

ထို့နောက် ဆလိုက်မီးရောင်ကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်လှေသံ ကြားရသဖြင့် အားလုံးက စိတ်ဝင်စားစွာ လှမ်းကြည့်နေကြသည်။

စက်သံက တဖြည်းဖြည်းနှင့် နီးလာသည်။

မီးရောင်ကိုလည်း ထင်ထင်ရှားရှား မြင်ရသဖြင့် ကြည့်နေကြစဉ် မောင်းလာသောစက်လှေက ကျောက်ချရပ်ထားသော သူတို့သင်္ဘောအနီးသို့ ရောက်လာသည်။

မောင်းလာသောစက်လှေတစ်စင်းလုံး မီးများ လင်းထိန်နေသည်။

မနီးမဝေးရောက်လာသောအခါ မောင်းလာသော စက်လှေ၏ပုံပန်းသဏ္ဌာန်ကို ကောင်းစွာလှမ်းမြင်ရသည်။

"ဟင်. . . ဟိုမှာ ဖေဖေတို့စက်လှေပါလား"

သူဇာမြတ်ကောင်းက ဝမ်းသာအားရ ပြောလိုက်သည်။

ကျန်လူများကလည်း တအံ့တသြဖြင့် လှမ်းကြည့်နေကြသည်။

ထိုအခိုက်မှာပင် မောင်းလာသောစက်လှေက သူတို့သင်္ဘောနှင့် မနီးမဝေးနေရာမှ ဖြတ်မောင်းသွားလေသည်။

ထိုစက်လှေမှ ထွက်လာသောလှိုင်းများကြောင့် သူတို့သင်္ဘောမှာ အတော်လှုပ်သွားလေသည်။

စက်လှေနှစ်စင်း ယှဉ်လျက်သား အနေအထားမျိုးမှ မောင်းသွားခြင်းဖြစ်သောကြောင့် ထိုစက်လှေပေါ်မှာ ရပ်နေသူများကို ကောင်းစွာလှမ်းမြင်လိုက်ရသည်။

"ဟင်. . . ဟိုမှာ ဖေဖေ"





"ဖေဖေ. . . ဖေဖေ. . . သမီးတို့သင်္ဘော ဒီမှာ. . . ဒီမှာ. . ."

သူဇာမြတ်ကောင်းက ဝမ်းသာအားရ လှမ်းအော်သော်လည်း ဦးမြတ်ကောင်းတို့ကတော့ ရပ်ထားသော သူတို့သင်္ဘောကိုလည်း မြင်ဟန်မတူ၊

သူဇာမြတ်ကောင်း အသံကိုလည်း ကြားဟန်မတူဘဲ ဆက်မောင်းသွားလေသည်။

ထိုအခြေအနေကို ကြည့်ပြီး ဒေါက်တာမင်းထင်ကျော်ကတော့ ကောင်းစွာသဘောပေါက်သွားလေပြီ။

စက်လှေတစ်စင်းနှင့်တစ်စင်း လေးငါးလံအကွာမှ ဖြတ်မောင်းသွားရာ ဒီဘက်က လူများကသာ လှမ်းမြင်ရပြီး ဟိုဘက်စက်လှေမှ လူများက ဘာမှမမြင်ရဘဲ ဆက်မောင်းသွားပြီ ဆိုကတည်းက ဦးမြတ်ကောင်းတို့အခြေအနေမှာ မျှော်လင့်ချက်မရှိတော့ကြောင်း သဘောပေါက်သွားလေတော့သည်။

သူဇာမြတ်ကောင်းကတော့. . .

"ကိုမင်းထင်ကျော်. . . ဟိုမှာ ဖေဖေတို့စက်လှေ ဖြတ်မောင်းသွားတယ်၊ စက်လှေပေါ်မှာ ဖေဖေ့ကိုလည်း ကျွန်မ တွေ့လိုက်တယ်၊ နောက်က လိုက်သွားကြရအောင်"

ဟု အလောတကြီး ပြောလေရာ ဒေါက်တာမင်းထင်ကျော် စိတ်မကောင်းသောအမူအရာဖြင့် ခေါင်းခါပြလိုက်သည်။

"မလိုက်ပါနဲ့တော့ မသူဇာ၊ ကျွန်တော် ဦးတို့အတွက် စိတ်မကောင်းပါဘူး၊ သူတို့ မရှိတော့ဘူးနဲ့ တူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာဖြစ်လို့လဲဟင်"

"သူတို့သင်္ဘောနဲ့ ကျွန်တော်တို့သင်္ဘောက အလွန်ဆုံး ဝေးမှ လေးငါးလံပဲပေါ့၊ ကျွန်တော်တို့ကတောင် မြင်နေရတာ၊ သူတို့က မမြင်စရာအကြောင်း မရှိပါဘူး၊ ဦးမြတ်ကောင်းအနေနဲ့ သူပိုင်တဲ့သင်္ဘောကိုလည်း မမှတ်မိစရာ မရှိဘူး၊ မသူဇာ လှမ်းခေါ်တဲ့အသံကိုလည်း မကြားနိုင်စရာ မရှိပါဘူး၊ မယုံရင် သူတို့ သင်္ဘောရှိတဲ့နေရာကို လှမ်းကြည့်လိုက်ပါ"

ဟု ပြောလိုက်ရာ သူဇာမြတ်ကောင်းက စောစောက မီးရောင်များ လင်းထိန်လျက်နှင့် မောင်းသွားသော သင်္ဘောရှိရာသို့ လှမ်းကြည့်လိုက်လေသည်။

မနီးမဝေး နေရာလောက်မှာပင် ရှိနေသေးသော သင်္ဘောဆီမှ မီးရောင်လည်း မမြင်ရ၊ အရိပ်အယောင်ကိုမျှ မမြင်ရရုံမကဘဲ တဒီးဒီးနှင့် ကြားနေရသော စက်သံပါ ပျောက်သွားခဲ့ချေပြီ။

သူဇာမြတ်ကောင်း၏ ငိုရှိုက်သံများက ပေါ်ထွက်လာလေသည်။ ယခုတော့လည်း ပတ်ဝန်းကျင်တစ်ခုလုံး ပုံမှန်အတိုင်း ပြန်လည်တိတ်ဆိတ်ငြိမ်သက်နေပြန်လေသည်။





# အခန်း(၁၀)

# ငြိုးရှု့ဘလဲ့တား အမှားတစ်ကွက်

လူလူချင်း အဆင့်အတန်း မခွဲခြားဟု ဆိုသော်လည်း ခရီးသွားလာရာတွင်သော်လည်းကောင်း၊ အလှူအတန်း ပွဲလမ်းသဘင် သွားလာရာမှာသော်လည်းကောင်း အနေအထိုင် ဝတ်စားဆင်ယင်မှုများက အဆင့်အတန်း ကွာခြားမှုများကို ပြသလေသည်။

အလှူအတန်း ပွဲလမ်းသဘင်များ၌ အဝတ်အစား၊ လက်ဝတ်ရတနာများကို အစွမ်းကုန် ဝတ်စားဆင်ယင်လျက် မိမိ



www.burmeseclassic.com

www.burmeseclassic.com



တို့အဆင့်အတန်းကို ပြသကြသလို ခရီးသွားလာသည့်အခါမှာတော့ နေရာထိုင်ခင်းနှင့် အဆင့်အတန်းမြင့်မြင့် သွားလာခြင်းဖြင့် ဂုဏ်သရေရှိမှုကို ပြသကြသည်။ မြစ်ကြောင်း၌ ပြေးဆွဲနေကြသော ဧရာဝတီသင်္ဘောများ၌သော်လည်းကောင်း၊ မီးရထားများ၌သော်လည်းကောင်း၊ ဒုတိယတန်းများ ထားခြင်းများ၊ ငွေကြေးတတ်နိုင်ပြီး သီးသန့်ခရီးသွားလိုသူများအတွက် စီစဉ်ပေးထားခြင်းဖြစ်သည်။ အထူးခန်းများတွင် အစိုးရတာဝန်ဖြင့် ခရီးသွားကြသောအရာရှိများ၊ သူဌေးသူကြွယ်၊ ကုန်သည်ကြီးသာ စီးနိုင်ကြပေသည်။

ထိုခေတ်အခါက မီးရထားနှင့် ဧရာဝတီ ဦးခန်းများမှာ စီးနင်းနိုင်သူများကို လူတန်းစားတစ်ရပ်ဟု သတ်မှတ်ထားကြလေသည်။

ပြည်မှ ညဦးပိုင်းအချိန် ထွက်လာသော အစုန်ရထား၏ ဒုတိယခန်းမှာ ခရီးသည် များများမရှိပေ။

ထိုတွဲအတွင်းမှာ အသက်ငါးဆယ်ကျော် လူကြီးတစ်ဦးသာ ပါလေသည်။ ထိုလူကြီးမှာ ပိုးအင်္ကျီ ပုဆိုးတို့အပြင် ခေါင်းပေါင်းကိုပါ အသေအချာ ပေါင်းထားသည်။

သောက်လက်စ ဆေးပြင်းလိပ်၊ တုတ်ကောက်နှင့် ပြောင်လက်တောက်ပနေသော ဖိနပ်တို့ကို အသုံးပြုခြင်းကို ကြည့်ရုံနှင့် ငွေကြေးအတော်တတ်နိုင်သည့် အတန်းအစားထဲမှ ဖြစ်ရမည်ဟု ခန့်မှန်းမိနိုင်လေသည်။

၎င်းသည် ထိုတွဲအတွက် စီးနင်းခွင့်ရှိသော လူဦးရေ၏





လက်မှတ်အားလုံးကို ဝယ်ယူပြီး တစ်ယောက်တည်း လွတ်လပ်စွာ စီးလာခြင်းဖြစ်သည်။

ရထားတွဲတစ်တွဲလုံး အော်ဒါငှားပြီး စီးလာသည်နှင့် တူလေသည်။ ထိုလူကြီးသည် ပြည်မြို့မှ ညဦးပိုင်း ရထားထွက်လာကတည်းက သတင်းစာဖတ်လိုက်၊ ဆေးပြင်းလိပ် ဖွာလိုက်နှင့် လိုက်ပါလာသည်။

သူသည် လေဝင်လေထွက် ကောင်းစေရန် ပြတင်းပေါက်တစ်ခုကို အနည်းငယ် ဟထားသည်မှအပ ကျန်တံခါးအားလုံးကို ပိတ်ထားလေသည်။

မီးရထားက တစ်ဘူတာဝင်တစ်ဘူတာထွက်နှင့် မောင်းလာရာ ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ သာယာဝတီဘူတာသို့ ရောက်လာသည်။

ခရီးထက်ဝက်ကျော်လာခဲ့ပြီမို့ ရထားက ထိုဘူတာမှာ အချိန်အနည်းငယ်ကြာအောင် ရပ်နားလေသည်။

ဒုတိယတန်းမှ လူကြီးက ဟနေသောအပေါက်မှ အပြင်သို့ ချောင်းကြည့်ရာ စင်္ကြံလမ်းတစ်လျှောက် ခရီးသည် အတက်အဆင်းများနှင့် ရှုပ်ထွေးနေလေသည်။ အတန်ကြာတော့ မီးရထားဥသြဆွဲသံ ကြားရပြီး မီးရထားက ထွက်လေသည်။

ထိုအချိန်မှာပင် အပြင်ဘက်၌ မိုးက တဖွဲဖွဲ ရွာလာချေပြီ။ ရထားတွဲထဲမှာ တစ်ယောက်တည်း လိုက်လာသော ခရီးသည်ကြီးကတော့ ယခုလိုအချိန် ယခုလိုရာသီမျိုးမှာ တစ်ယောက်တည်း ခရီးသွားရသည်ကို သဘောကျနေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက် ရိုးရိုးတွဲများမှာတော့ လက်မှတ်ပါသူတွေရော မပါသူတွေပါ ပြည့်ကျပ်နေသည့်အပြင် အထုပ်အပိုးများနှင့် ကုန်ပစ္စည်းများပါ ချထားသောကြောင့် တစ်နေရာမှတစ်နေရာ သွားမည်ဆိုပါက ခြေချစရာနေရာပင် မရှိပေ။

ဒုတိယတန်းအခန်းထဲမှာ တစ်ယောက်တည်း လိုက်လာသော ခရီးသည်ကြီးမှာ စိတ်မပါ့တပါနှင့် သတင်းစာတစ်စောင်ကို ဖတ်နေစဉ် စားသောက်တွဲများဘက်နဲ့ ကူးသောတံခါးက ပွင့်လာပြီး လူတစ်ယောက် ဝင်လာလေသည်။

တစ်ကိုယ်လုံး အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် မုတ်ဆိတ်မွေး ပါးသိုင်းမွေး ဗရပျစ်နှင့်ဖြစ်သည်။ အတန်ကြာအောင် မညှပ်ဘဲ ထားခဲ့ဟန်ရှိသော ဆံပင်ရှည်များက ရေစိုထားသောကြောင့် မျက်နှာပေါ်သို့ ဖုံးအုပ်ကျနေသောကြောင့် မျက်နှာကို သေသေချာချာ မမြင်ရပေ။

ထိုလူမှာ အဝတ်ဟောင်းများ ထည့်ထားဟန်ရှိသော လွယ်အိတ်စုတ်ကြီးတစ်လုံးကိုလည်း စလွယ်သိုင်း လွယ်ထားသည်။

ဒုတိယတွဲ တစ်တွဲလုံးစာအတွက် လက်မှတ်ဖြတ်ထားသော ပထမ ခရီးသည်ကြီးက ထိုတွဲအတွင်းသို့ အခြားခရီးသည် တစ်ယောက် ရောက်လာသဖြင့် စိတ်အနှောင့်အယှက်ဖြစ်သွားဟန်ရှိသည်။

သို့သော် အဆင့်အတန်းချင်း မတူသဖြင့် စကားပြောလိုဟန် မရှိသောကြောင့် မမြင်ဟန်ဆောင်ကာ သတင်းစာ ဖတ်





မြဲ ဖတ်နေသည်။ စိတ်ထဲမှာတော့ အကယ်၍ တွဲမှားတက်လာမှန်းသိလျှင် သူ့ဘာသာ ပြန်ထွက်သွားမည်ဟု ထင်နေသည်။

သို့သော် သူမျှော်လင့်သလို မဟုတ်ပေ။

သူနှင့် ရှေ့တည့်တည့်မှာ ရှိသော ထိုင်ခုံမှာ အကျအနဝင်ထိုင်ပြီး လွယ်အိတ်ကြီးကိုပင် ပေါင်ပေါ် တင်ထားလိုက်သေးသည်။

ထို့နောက် ရှေ့မှ သတင်းစာ ဖတ်နေသော ခရီးသည်ကြီး၏မျက်နှာကိုပင် စိုက်ကြည့်နေသောကြောင့် မသိမသာ သတင်းစာဖြင့် ကွယ်ထားရသည်။

သတင်းစာဖြင့် ကွယ်ထားသော်လည်း မိမိကို ကြည့်မြဲကြည့်နေမည်ကိုတော့ စိတ်ထဲက သိနေလေသည်။

ကြာတော့ စိတ်ထဲမှ သည်းမခံနိုင်လောက်အောင် ဖြစ်လာသောကြောင့် သတင်းစာ ကွယ်ထားရင်းမှ ပြောလိုက်လေသည်။

"ရထားတွဲ မှားတက်လာတယ်နဲ့ တူတယ်၊ ဒီတွဲက သီးသန့်ခရီးသည်တွေချည်းပဲ စီးတဲ့နေရာ"

"သိပါတယ်"

ရှေ့ကလူက လေသံပြတ်ပြတ်နှင့်ပင် ပြန်ပြောလေသည်။

"ဒီတွဲရဲ့လက်မှတ်နေရာတွေကို ကျုပ်အားလုံးဝယ်ထားပြီးသား"

"ခင်ဗျားက ပိုက်ဆံနဲ့ ဝယ်စီးရပေမယ့် ကျုပ်က ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



မပေးရဘဲ ဘယ်နေရာမဆို တက်စီးခွင့်ရထားတာပဲ"

ထိုစကားကြောင့် စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩသွားသလို ဖြစ်သွားသဖြင့် သတင်းစာပေါ်မှ ကျော်ကြည့်လိုက်သည်။

ထိုလူက သရဲသဘက်တစ်ကောင်ပမာ ကြောက်စရာကောင်းသော အကြည့်မျိုးဖြင့် ကြည့်နေပြီး သွားများပေါ်အောင် ရယ်လိုက်သည်။

"ဘာလဲ ကျုပ်ပြောတာကို အံ့ဩသွားလို့လား၊ ခင်ဗျားကသာ ဒီတွဲမှာ နေရာရဖို့ ပိုက်ဆံတွေအများကြီး ပိုပေးပြီးမှ ရပေမယ့်၊ ကျုပ်က ဒီရထားတွဲတစ်ခုလုံး ဘယ်နေရာကပဲဖြစ်ဖြစ် ပိုက်ဆံတစ်ပြားမှ ပေးစရာမလိုဘဲ အလကား စီးခွင့်ရတဲ့လူဗျ၊ အစိုးရရဲ့ အထူးအခွင့်အရေးရတဲ့ လူတစ်ယောက်ပေါ့ဗျာ. . . ဟားဟားဟားဟား"

"ဘာတွေ မဟုတ်တာတွေ လာပြောနေတာလဲ"

"ခင်ဗျားက ကျုပ်ပြောတဲ့စကားကို မယုံဘူးထင်တယ်၊ ကျုပ်က အမှန်ပြောတာပါဗျ၊ ဘာကြောင့်လဲဆိုတော့ ကျုပ်က ဒီကနေ့မှ သာယာဝတီထောင်က လွတ်လာတဲ့ စာရွက်မှာ မီးရထားဖြစ်စေ သင်္ဘောဖြစ်စေ အစိုးရပိုင်ယာဉ်အားလုံး အခမဲ့စီးနင်းခွင့်ပြုသည် ဆိုတဲ့အချက်တစ်ခုလည်း ပါတယ်၊ ခင်ဗျားမယုံရင် ပြပါမယ်၊ လူဆိုတာ ထောင်ကျတာ အဆန်းမဟုတ်တော့ နောက်လည်း ဗဟုသုတဖြစ်အောင် ကြည့်ချင်ကြည့်ပါလား"





ဟု ပြောပြီး လွယ်အိတ်ဟောင်းထဲမှ တစ်စုံတစ်ခုကို ထုတ်ပြရန် ရှာဖွေနေစဉ် ခရီးသည်ကြီးက စိတ်မရှည်တော့သဖြင့် အော်ပြောလိုက်သည်။

"အို. . . မကြည့်ချင်ပါဘူး၊ မကြည့်ချင်ပါဘူး၊ အတိတ်ရဲ့ နိမိတ်မရှိတဲ့စကားတွေ"

"ဟားဟားဟားဟား"

ခရီးသည်ကြီး၏ ဒေါသဖြစ်သွားသော အမူအရာကို ကြည့်ပြီး ထိုလူက သဘောကျစွာ ရယ်နေလေသည်။

"လူတွေဟာ ကိုယ့်အဆင့်အတန်းလည်း ကိုယ်မသိဘူး၊ ကိုယ်ရောက်နေတဲ့နေရာလည်း ကိုယ်နဲ့တန်တယ်မတန်ဘူး သင့်တယ်မသင့်ဘူး မသိကြဘူး. . ၊ လူတွေက အတော့်ကို ခက်ကြတယ်"

ဟု တစ်ယောက်တည်း ပြောနေသလို ညည်းညူနေသည်။

"ဒါကတော့ဗျာ လူအမျိုးမျိုးရှိတာပဲ ဘယ်တတ်နိုင်မလဲ၊ အချို့ကျတော့လည်း ဝတ်ကောင်းစားလှတွေနဲ့ ဟန်တစ်လုံး ပန်တစ်လုံး လုပ်နေရပေမယ့် နောက်ကြောင်းမအေးရတဲ့လူတွေလည်း ရှိတယ်ဗျ"

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ရှေ့ဘူတာရောက်ရင် ရဲပိုက်ခေါ်ပြီး ရထားတွဲပေါ်က ဆွဲချခိုင်းလိုက်ရမလား"

"ခေါ်ချင်လည်း ခေါ်လိုက်ပေါ့၊ ကျုပ်ကို ထောင်က လွှတ်ပေးလိုက်ပြီးသားဆိုတော့ ထပ်ဖမ်းလို့မရတော့ဘူး၊ အဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိပါလျက်နဲ့ နည်းအမျိုးမျိုးနဲ့ ရှောင်နေတဲ့လူကိုတော့ ဖမ်းချင် ဖမ်းသွားမှာပေါ့"

ဟု ပြောလိုက်ရာ ခရီးသည်ကြီးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"မင်းဘယ်သူလဲ. . . ဘာတွေပြောနေတာလဲ"

"အမှန်တွေ ပြောနေတာပါ၊ ကျုပ်က ထောင်ထွက်တစ်ယောက်ဆိုတော့ ကျုပ်နာမည်က အရေးမကြီးပါဘူး၊ ဒါထက် ခင်ဗျားနာမည်ကရော ဘယ်သူလဲ"

"အေး. . . သိချင်တယ်ဆိုမှတော့ ပြောပြရမှာပေါ့၊ ငါ့နာမည်က ဦးဇမ္ဗူထွန်းလို့ ခေါ်တယ်၊ ဇမ္ဗူထွန်း သစ်စက်ပိုင်ရှင်ကြီးတစ်ယောက်ပေါ့ကွာ"

"နာမည်ကတော့ သိပ်မကွာပါဘူး၊ အလုပ်အကိုင်ကတော့ အတော်ကွာသွားတာပဲ၊ ကျုပ်သိထားတဲ့နာမည်က ဒီနာမည် မဟုတ်ပါဘူး"

"ဘယ်သူလဲ"

"ဦးထွန်းဇံ ဆိုတဲ့နာမည်ကိုပဲ သိတယ်"

ထိုအခါ ခရီးသည်ကြီးက သဘောကျစွာ ရယ်မောလိုက်သည်။

"အစကတည်းက ထင်မိသားပဲ၊ မင်းလူမှားနေပြီဆိုတာ ကျုပ်က မင်းသိထားတဲ့နာမည် မဟုတ်ပါဘူး. . . ဦးဇမ္ဗူထွန်းပါပဲ၊ လူချင်းတူလို့ ဖြစ်ပါလိမ့်မယ်"

"ခင်ဗျားလို ရုပ်မျိုးကို ငရဲပြည်မှာ ထပ်တွေ့ရင်တောင်မှ





မှတ်မိလောက်ပါတယ်. . . လွဲစရာမရှိပါဘူး"

"မင်း မှားနေပြီ ထင်တယ်နော်"

"မမှားပါဘူးဗျာ. . . ခင်ဗျားက အတိတ်မေ့ချင်ယောင်ဆောင်နေတော့လည်း အစဖော်ပေးရတော့မှာပေါ့၊ လွန်ခဲ့တဲ့သုံးနှစ်လောက်က ပင်လယ်ပြင်မှာ စက်လှေတစ်စင်းနဲ့ ကုန်အရောင်းအဝယ် လုပ်နေတဲ့ လူသုံးယောက် ရှိတယ်၊ ဦးနေဒွန်း၊ ဦးလူကျော်နဲ့ ဦးထွန်းဇံတို့ပဲ"

ခရီးသည်ကြီးက အသံတိတ်သွားပြီး မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"တစ်ညမှာတော့ မြစ်ထဲမှာ အထုပ်တစ်ထုပ် ပိုက်ထားတဲ့ လူတစ်ယောက် မျောလာတာနဲ့ ဆယ်လိုက်ကြတယ်၊ တခြားမဟုတ်ပါဘူး၊ ဦးမြတ်ကောင်းဆိုတဲ့လူပါပဲ၊ တိုတိုပြောရရင်တော့ ဦးမြတ်ကောင်းဆီမှာ တန်ဖိုးရှိတဲ့ ရွှေရုပ်တုတစ်ခု ပါလာတာနဲ့ အဲဒီလူသုံးယောက်က တိုင်ပင်ပြီး ရွှေရုပ်တုကို ယူပြီး ဦးမြတ်ကောင်းကို သတ်ခဲ့ကြတယ်"

"မင်းပြောတဲ့ဇာတ်လမ်းက မင်းကျူးလွန်ခဲ့တဲ့ဇာတ်လမ်းဖြစ်မယ်ထင်တယ်၊ ဒါကြောင့် မင်းထောင်ကျခဲ့တာ မဟုတ်လား"

"ကျုပ်စကားဆုံးအောင် နားထောင်ပါဦးလေ၊ ဦးမြတ်ကောင်းကို သတ်ပြီး ဦးနေဒွန်းက ပတ္တမြားကို ယူတယ်၊ ရွှေရုပ်တုကို ထက်ပိုင်း,ပိုင်းပြီး ခင်ဗျားက ဦးခေါင်းပိုင်းကို ယူတယ်၊ ဦးလူကျော်က နောက်ပိုင်းကို ယူပြီးတော့ ခင်ဗျားတို့သုံးယောက်လည်း ခွဲလိုက်ကြတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ. . ဒီအကြောင်းတွေကို သိနေတာ မင်းဘယ်သူလဲ"

"ကျုပ်က ထောင်ထွက်တစ်ယောက်ဆိုတော့ နာမည်က အရေးမကြီးပါဘူးလေ၊ တကယ်တော့ ဦးမြတ်ကောင်း ပျောက်ဆုံးမှုရော ရွှေရုပ်တု ပျောက်နေတဲ့အမှုပါ ပုလိပ်နဲ့စုံထောက်တွေက အခုအချိန်ထိ စိတ်ဝင်စားပြီး ခြေရာခံ လိုက်ရှာနေကြတုန်းပဲ၊ ဒီအကြောင်းတွေသာ သူတို့ကို ပြောပြလိုက်ရင်တော့ ပိုပြီးစိတ်ဝင်စားကြမှာ အသေအချာပဲဗျ"

ဟု ပြောလိုက်ရာ ဦးဇမ္ဗူထွန်းဆိုသောလူကြီးမှာ ဆက်ပြီး ဟန်မဆောင်နိုင်တော့ပေ။

"မင်း. . မင်းဘယ်သူလဲ"

"ကျုပ်က ခင်ဗျားတို့သုံးယောက်ရဲ့ရက်စက်မှုတွေကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့တဲ့ တစ်ဦးတည်းသောသက်သေပေါ့၊ နာမည်က မြေခွေးဖိုးထင်လို့ ခေါ်တယ်"

"အင်း. . . ကောက်ကျစ်ယုတ်မာတဲ့နေရာမှာတော့ နာမည်နဲ့ လိုက်ပါပေတယ်၊ ကဲ. . . ရှင်းရှင်းပဲ မေးမယ်၊ မင်း အခု ဘာလိုချင်တာလဲ "

"ငွေရှိတဲ့လူကို အကျပ်ကိုင်မှတော့ ငွေလိုချင်လို့ပဲပေါ့ဗျာ၊ ကျုပ်က အချိန်တော်တော်များများ ထောင်ထဲမှာ နေခဲ့ရတာဆိုတော့ အခု ပြန်ထွက်လာတော့ နေစရာလည်း မရှိဘူး စားစရာလည်း မရှိဘူးလေ၊ ဒီတော့. . ."

"ပွင့်ပွင့်လင်းလင်းသာ ပြောပါကွာ၊ မင်း ဘယ်လောက်ရရင် ကျေနပ်မှာလဲ၊ တစ်ခါနဲ့ရော ပြီးမှာလား၊ တစ်ခုတော့ ရှိတယ်နော်၊ တစ်ခါ ခပ်ချောင်ချောင် ရလို့ နောက်တစ်ခါလည်း ဒီလိုအချိုးမျိုး လာရင်တော့ ဘယ်နည်းနဲ့မှ သည်းခံမှာ မဟုတ်ဘူး"

"စိတ်ချပါဗျာ. . . ကျုပ်က မကောင်းတာ လုပ်နေတယ် ဆိုပေမယ့် သစ္စာတော့ ရှိပါတယ်"

"ကဲ. . . ပြော၊ ဘယ်လောက်ရရင် ကျေနပ်မှာလဲ"

"ခင်ဗျားဆီက တစ်သောင်းလောက် ရမယ်ဆိုရင် ပြီးပါတယ်"

"မများဘူးလား. . . တစ်သောင်းဆိုတဲ့ငွေက နည်းတာမှတ်လို့"

"ခင်ဗျားလို လူတစ်ယောက်အတွက် တစ်သောင်းဆိုတဲ့ ငွေက မများပါဘူး ဦးထွန်းဖံရယ်"

"တော်စမ်းပါ. . . ဒီနာမည်ကြီးကို အသံကျယ်ကျယ်နဲ့ ပြောမနေစမ်းပါနဲ့၊ မတော်လို့ တခြားလူတွေ ကြားသွားရင် တစ်ခါရှုပ်လာပါဦးမယ်"

"ခင်ဗျား ဒီလိုတော့လည်း အတော်ကြောက်တတ်သားပဲ"

မြေခွေးဖိုးထင်က သဘောကျစွာ ရယ်နေလေသည်။

"ဒါပေမယ့် မင်းပြောတဲ့ငွေကိုတော့ တစ်လုံးတစ်ခဲတည်း မပေးနိုင်ဘူးနော်၊ တစ်လတန်သည် နှစ်လတန်သည် ခွဲပေးမှ ဖြစ်နိုင်မယ်"

"ခင်ဗျားကတိတည်ရင် ပြီးတာပါပဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ မင်းပြောတဲ့ငွေရဲ့သုံးပုံတစ်ပုံကို ပေးဖို့တော့ သဘောတူပါပြီ၊ ခက်တာက အခု ကျုပ်ဆီမှာ ငွေက တစ်ရာနှစ်ရာထက် မများဘူး"

"ပေးနိုင်မယ့်ရက်နဲ့နေရာကို ခင်ဗျားချိန်းလေ၊ ကျုပ်လာခဲ့မှာပေါ့"

"ဒီကနေ့က သောကြာနေ့ဆိုတော့ တနင်္ဂနွေနေ့မှာ တစ်ဖြတ်ပေးမယ်"

"ဘယ်နေရာမှာ လာယူရမလဲ"

"အလုံသစ်တောဝင်းရဲ့ ကမ်းစပ်နားမှာ ကျုပ်ပိုင်တဲ့ သစ်စက်ရှိတယ်၊ ဇမ္ဗူထွန်းသစ်စက်လို့ ဆိုင်းဘုတ်ရေးတပ်ထားတယ်၊ တနင်္ဂနွေနေ့ဆိုရင် အလုပ်သမားတွေ အားလုံးနားကြလို့ သစ်စက်မှာ ဘယ်သူမှ မရှိဘူး၊ တနင်္ဂနွေနေ့ ည(၈)နာရီမှာ သစ်စက်ထဲကို လာခဲ့၊ မင်းလိုချင်တဲ့ငွေ ရစေမယ်"

"ကျုပ်ကို ထောင်ချောက်ဆင်တာမျိုးတော့ မလုပ်နဲ့နော်၊ တကယ်လို့ အဲ့သည်လို လုပ်ရင်တော့ သည်းခံမှာ မဟုတ်ဘူး၊ တစ်ယောက်တည်းဆိုပေမယ့် အဆက်အသွယ်တွေ အများကြီး ရှိတယ်"

"စိတ်ချပါကွာ. . ငါ ကတိအတိုင်း ပေးပါ့မယ်၊ ဒါထက် မင်း ဘယ်ဘူတာမှာ ဆင်းမှာလဲ၊ ဘူတာကြီးအထိ လိုက်ခဲ့လို့တော့ မဖြစ်ဘူးနော်၊ တော်ကြာ မင်းနဲ့ငါ ရထားတွဲထဲက အတူဆင်းလာတာ မြင်ရင် ဘူတာစောင့် ပုလိပ်တွေက တစ်မျိုးမြင်နေပါဦးမယ်"





"ကျုပ်ကသာ စိုးရိမ်ရမှာပါဗျာ၊ အခုမှ ထောင်က ထွက်လာစ ရှိသေးတဲ့လူတစ်ယောက်အဖို့ နောက်ထပ်အရေးယူစရာဘာပြစ်မှုမှ မရှိသေးဘူး၊ လူသတ်မှု ကျူးလွန်ထားပြီး ပုလိပ်တွေကို လက်တစ်လုံးခြားနဲ့ ရှောင်နေတဲ့လူကသာ ပိုပြီးအရေးကြီးတာပါ"

"တော်စမ်းပါ. . . ဒီကိစ္စတွေကို အသံကျယ်ကျယ်နဲ့ ပြောမနေစမ်းပါနဲ့၊ ဘယ်ဘူတာမှာ ဆင်းမယ်ဆိုတာသာ ပြောပါ"

"ကျုပ် အင်းစိန်ဘူတာမှာ ဆင်းမှာပါ၊ ခင်ဗျားကတိသာ မပျက်ပါစေနဲ့၊ တနင်္ဂနွေနေ့ ည(၈)နာရီအချိန်မှာ ခင်ဗျားချိန်းတဲ့နေရာကို လာခဲ့မယ်"

ဦးထွန်းဇံက ခေါင်းညိတ်ပြလိုက်သည်။

တစ်ညလုံး တစ်ဘူတာဝင် တစ်ဘူတာထွက်နှင့် ခုတ်မောင်းလာခဲ့သော ပြည်အစုန်ရထားမှာ နံနက်(၄)နာရီအချိန်ခန့်တွင် အင်းစိန်ဘူတာသို့ ဝင်လေသည်။


ရထားရပ်သည်နှင့် မြေခွေးဖိုးထင်မှာ ရထားတွဲပေါ်မှ ဆင်းသွားလေတော့သည်။

ရထားတွဲပေါ်မှာ ကျန်ခဲ့သော ဦးထွန်းဇံရင်ထဲမှာ ကြိတ်မနိုင်ခဲမရနှင့် ဒေါသမီးများ တောက်လောင်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

# ရက်စက်သောလူသတ်မှု

အချိန်က ညဥ့်ဦးပိုင်းအချိန်ပင် ရှိသေးသော်လည်း မိုးစာဖွဲဖွဲ ရွာသွန်းနေသောကြောင့် ပတ်ဝန်းကျင်မှာ မှုန်မှိုင်းနေသည်။ အလုံဘက်မှာ လူနေအိမ်ခြေ မများလှဘဲ သစ်တောများသာ ရှိလေသည်။

ထော်လီကွေ့ လွန်သောအခါ အနောက်ဘက်တွင် သစ်တောဝင်းများ ရှိလေသည်။

ထိုနေရာတစ်ကြောမှာ လတာပြင်နှင့် လမုတောများ



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး သစ်လုံးများတင်ထားရန် အနေအထားကောင်းသော ကြောင့် သစ်စက်များ ရှိလေသည်။

ထိုသစ်စက်များ ရှိသောနေရာတစ်ဝိုက်ကို အလုံသစ် တောဝင်းဟု ခေါ်ခဲ့ကြသည်။

လမ်းမဘက်မှ ဝင်ပါက သစ်စက်များ ရှိသောနေရာ ရောက်အောင် အတော်ဝင်ရလေသည်။

ထိုနေရာတစ်ဝိုက်တွင် မြစ်ဘက်မှ ခွဲတက်လာသော ချောင်းကလေးများရှိသည်။

ထိုချောင်းရိုးများမှာ လမုတောနှင့် ခရာချုံများသာ ရှိ သေးပြီး လူမနေကြပေ။

သစ်တော အလုပ်သမားများက သစ်စက်ဝန်းများ အ တွင်းမှာပင် တန်းလျားများ ထိုးနေကြသည်။

အများအားဖြင့်တော့ ထိုအချိန်က သစ်စက်အလုပ် သမားများမှာ ကုလားအလုပ်သမား များပြီး ကရင်နှင့် ရခိုင် အလုပ်သမား အနည်းငယ်တော့ ရှိကြသည်။

ဦးထွန်းဇံ ပိုင်ဆိုင်သော ဇမ္ဗူထွန်းသစ်စက်မှာ အတော် အတန် ကျယ်ဝန်းသောချောင်းတစ်ခုအနီးတွင် ရှိလေသည်။ ထို ချောင်းတစ်လျှောက်မှာလည်း လူနေခြင်းမရှိဘဲ ခရာတောများ နှင့် လမုပင်များသာ ရှိပေသည်။

ထိုနေ့က တနင်္ဂနွေနေ့ သစ်စက်များအားလုံး အလုပ် နားချိန်ဖြစ်သောကြောင့် သစ်စက်ဝန်းများထဲမှာ လူရှင်းနေသည်။ မိုးတဖွဲဖွဲ ရွာသွန်းနေသောကြောင့် အသွားအလာ မရှိသလောက်





ရှင်းနေသည်။

အဝေးမှ ခေါက်လိုက်သော နာရီသံချောင်းသံကြောင့် ပတ်ဝန်းကျင်မှာ လန်နိုးလိုက်သကဲ့သို့ ဖြစ်သွားလေသည်။ ည (၈)နာရီထိုးပေပြီ။

တနင်္ဂနွေနေ့၊ ည(၈)နာရီထိုးချေပြီ။

ထိုအချိန်မှာပင် မိုးကာအင်္ကျီ ဝတ်ပြီး ဦးထုပ်ဝိုင်းကြီးကို ဆောင်းထားသောလူတစ်ယောက် သစ်စက်ဝင်းအတွင်းသို့ ခြေ လှမ်းမှန်မှန်ဖြင့် ဝင်လာလေသည်။

လမ်းအဝင်ပေါက်ဝတွင် ဂိတ်တံခါးရှိပြီး အစောင့်လည်း ရှိသည်။

(၈)နာရီထိုးသည်နှင့် ဂိတ်တံခါးပိတ်ပြီဖြစ်ရာ ထိုလူက ဘယ်နေရာမှ ဝင်လာသည်ကိုတော့ မသိနိုင်ပေ။

ထိုလူမှာ သစ်စက်များမှာရှိသော နာမည်ဆိုင်းဘုတ် များကို တစ်ခုချင်း လိုက်ကြည့်လာပြီး 'ဇမ္ဗူထွန်းသစ်စက်' ဟူ သော ဆိုင်းဘုတ်တပ်ထားသော သစ်စက်ဝန်းသို့ ရောက်သော အခါ အတွင်းသို့ ဝင်သွားလေသည်။

သစ်စက်ဝန်းအတွင်းမှာ လူတစ်ယောက်မှ မတွေ့ရပေ။

သို့ကြောင့် သစ်လုံးများ ခွဲသော လွှစက်ရုံဘက်သို့ ခြေ လှမ်းမှန်မှန်ဖြင့် လျှောက်လာလေသည်။

ထိုနေရာမှာ မြစ်ဘက်မှ တက်လာသော ချောင်းကမ်း စပ်နှင့် နီးသည်။

သစ်စက်အတွင်းမှာ ခွဲပြီးသား သစ်သားချောင်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မခွဲရသေးသောသစ်လုံးများကို နေရာအနှံ့မှာ ပုံထားလေသည်။

အပြင်မှ ဝင်လာသူသည် လွှစက်ရုံအတွင်း ရောက်သောအခါ စက်ရုံအတွင်းမှာ ဝပ်အားနည်းသော မီးတစ်ပွင့်သာ ထွန်းထားသောကြောင့် အလင်းရောင် ခပ်မှိန်မှိန်သာ ရှိနေသည်။ လူရိပ်လူခြည်တော့ မမြင်ရသေးပေ။

ထိုအချိန်မှာဖင် အတွင်းဘက်မှ အသံတစ်သံ ထွက်လာသည်။

"ငါဒီမှာရှိပါတယ်. . . ဝင်ခဲ့ပါ"

ထိုအသံကြားသောအခါ မိုးကာအကျႌ ဝတ်ထားသူက ခြေလှမ်းမှန်မှန်ဖြင့် အတွင်းသို့ ဝင်သွားလေသည်။

လွှစက်များအနီးသို့ ရောက်သောအခါ နောက်ဘက်မှ လူတစ်ယောက် ထွက်လာလေသည်။

ဦးထွန်းဇံပင်ဖြစ်သည်။

"မင်းက ကတိတည်သလို သတ္တိလည်းအတော်ကောင်းတာပဲ မြေခွေးရ၊ ဒါပေမယ့် မြေခွေးတွေ ဘယ်လောက်သတ္တိကောင်းကောင်း ကျားနဲ့ တွေ့ရင်တော့ အရှုံးပေးရတာပါပဲကွာ"

"ခင်ဗျားရဲ့ဒဿနတွေကို နားထောင်ဖို့ လာတာ မဟုတ်ဘူး၊ ငွေယူဖို့ လာခဲ့တာ"

"ဖြည်းဖြည်းပေါ့ကွာ. . . ငါလိုလူတစ်ယောက်ဆီက ငွေကို လွယ်လွယ်နဲ့ ရလိမ့်မယ်လို့ တွေးခဲ့တာကိုက မင်းရဲ့အမှားပဲ၊ မင်းအနေနဲ့ ထောင်ထဲက ထွက်လာပြီး မြေကျင်းထဲကို ပြန်ဝင်ရမယ့်ကိန်းမျိုးတော့ ရောက်နေပြီကွ"





"ခင်ဗျား ဘာစကားမျိုး ပြောတာလဲ"

"မင်းက ငါ့ရဲ့အကြောင်းတွေကို သိနေတဲ့လူဆိုတော့ ဒီအတိုင်းထားလို့တော့ ဘယ်ဖြစ်ပါ့မလဲကွာ၊ ကိုယ့်ကို ထိုးမယ့်လှံဆိုတာ အဖျားချိုးထားမှ ဖြစ်မှာပေါ့. . . ဟဲ. . ဟဲ. . ဟဲ. . ဟဲ"

"ဒါ ခင်ဗျားပေးထားတဲ့ ကတိပဲလား "

"ဟုတ်တယ်. . . ကတိဆိုတာထက် ကိုယ့်ဘာသာ ကာကွယ်တဲ့သဘောပါပဲ၊ မင်းနောက်ကို ကြည့်လိုက်စမ်း မြေခွေး"

ဦးထွန်းဇံက ပြောသဖြင့် ကြည့်လိုက်သောအခါ သူ့နောက်မှ ထွက်လာသော လူမိုက်ရုပ်ပေါက်နေသော ကုလားသုံးယောက်ကို တွေ့ရလေသည်။

လက်ထဲမှာလည်း ဓား၊ တုတ်များ ကိုင်ထားသည်။

"ကဲဟေ့. . . ငါတို့စက်ရုံထဲကို ကျူးကျော်ဝင်လာတဲ့ သူခိုးဓားပြကိုတော့ အလွတ်မပေးကြနဲ့တော့"

ထိုသို့ပြောနေစဉ်မှာ မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ပေါ်လာလေသည်။

အခြားမဟုတ်ပေ. . .။

ချောင်းထဲမှ တက်လာသောလူသုံးယောက်တို့မှာ စက်ရုံအဝင်ပေါက်မှ ဝင်လာကြခြင်းဖြစ်သည်။

၎င်းတို့သည် တစ်ကိုယ်လုံး ရွှံ့နှင့်ရေများ စိုပေနေပြီး ဓါးများ ကိုင်ထားကာ ကုလားသုံးယောက်နောက်မှ ပတ်ဝိုင်းလိုက်ကြသည်။

"ခင်ဗျားလောက်မှ အကြံဉာဏ်မရှိရင် ခင်ဗျား ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီလိုလုပ်ပါ့မလားဗျာ၊ ဒီတစ်ခါတော့ ဘယ်သူ မြေကျင်းထဲ ရောက်မယ်ဆိုတာ အဖြေသိရပြီပေါ့"

ဟု ပြောကာ မြေခွေးဖိုးထင်က မိုးကာအင်္ကျီအတွင်းမှာ ဝှက်လာသောဓားရှည်ကို ထုတ်လိုက်လေသည်။

ထိုအခါမှ ဦးထွန်းဇံမှာ မျက်လုံးပြူးသွားလေသည်။

သူက ဂိတ်ပေါက်ဝမှ စောင့်သောကုလားများကို လူစိမ်းများ အဝင်အထွက် မပေးရန် မှာကြားထားသည့်ကြားမှ ရန်သူများက မြစ်ဘက်မှ လှည့်ကာ ချောင်းထဲမှ တက်လာကြခြင်းဖြစ်သည်။

သူခေါ်ထားသည့် ကုလားလူမိုက်များမှာလည်း ထိုအခါမှ မျက်စိမျက်နှာပျက်သွားကြလေသည်။

ထို့နောက်မှာတော့ မြေခွေးဖိုးထင် ခေါ်လာသော လူမိုက်များက ခြေသွက်လက်သွက်ဖြင့် ဝင်ရောက်တိုက်ခိုက်ကြရာ ကုလားလူမိုက်သုံးယောက်မှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

အခြေအနေ မဟန်တော့မှ ဦးထွန်းဇံက နေရာမှ ထွက်ပြေးရန် ကြိုးစားသော်လည်း မြေခွေးဖိုးထင်က ပြေးလမ်းပိတ်ထားလိုက်သည်။

"ခင်ဗျားက ကျုပ်ကို လှော့တွက်ထားတာကိုးဗျ၊ အခု တော့ ဘာတတ်နိုင်သေးလဲ"

"ငါမှားပါတယ်ကွာ. . . အသက်ချမ်းသာပေးပါ၊ မင်းတောင်းတဲ့ငွေကိုလည်း ပေးလိုက်ပါ့မယ်"





"ကျုပ်က ခင်ဗျားဆီက ငွေလိုချင်လို့ ဒီလိုလုပ်တာမှ မဟုတ်ဘဲ"

"ဟင်. . . ဘာလိုချင်လို့လဲ"

"ဦးမြတ်ကောင်းကို သတ်ပြီး ခင်ဗျားတို့ မတရား ယူလိုက်တဲ့ ရွှေရုပ်တုကို လိုချင်တာ၊ ခင်ဗျားယူခဲ့တဲ့ ရွှေရုပ်တု တစ်ပိုင်း ဘယ်မှာလဲ"

"ငါ့ဆီမှာ မရှိတော့ပါဘူးကွာ"

ထိုအခါ မြေခွေးဖိုးထင်က မျက်ရိပ်ပြလိုက်ရာ သူနှင့် ပါလာသောလူမိုက်များက ဦးထွန်းဇံကို ဖမ်းဆီးပြီး ခြေရော လက်ပါ ကြိုးဖြင့် တုပ်လိုက်သည်။

"သူ့ကို သစ်ခွဲစင်ပေါ် တင်လိုက်ကွာ"

ဟု ပြောလိုက်သဖြင့် သစ်ခွဲစင်ပေါ်သို့ ကန့်လန့်တင် လိုက်ကြသည်။

"လွှစက်မော်တာ ဖွင့်လိုက်ဟေ့"

ထပ်ပြောသောအခါ လွှစက်မော်တာဖြင့် ဆက်ထားသော ခလုတ်ကို ဖွင့်လိုက်သည်။

လွှစက်ဝိုင်းကြီးက တဝှီးဝှီးနှင့် လည်လာလေသည်။

"ကဲ. . . ခင်ဗျားရလာတဲ့ ရွှေရုပ်တု ဘယ်မှာလဲ"

"ငါ့ဆီမှာ မရှိပါဘူးကွာ"

မြေခွေးဖိုးထင်က လွှစက်ဝိုင်းဘက်သို့ တွန်းလိုက်ရာ အတော်နီးသွားလေသည်။

လွှစက်ဝိုင်း လည်ရာမှ ထွက်လာသောအမှုန်များပင်



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ထိနေလေပြီ။

"ခင်ဗျား ဆက်ပြီးခေါင်းမာနေမယ်ဆိုရင်တော့ ဒီတစ်ခါ လွှစက်ဝိုင်းဘက် သွင်းပေးလိုက်မယ်"

"မလုပ်ပါနဲ့ကွာ. . . ပြောပါ့မယ်၊ ရွှေရုပ်တု တစ်ပိုင်းက ငါနေတဲ့အိမ်ရဲ့ခေါင်းရင်းဘက်က လမုပင်ကြီးအောက်မှာ ကြေးသေတ္တာနဲ့ မြှုပ်ထားပါတယ်"

"ဒါ့ပြင် ကျန်တဲ့တစ်ပိုင်းက ဘယ်မှာလဲ"

"ဦးလူကျော်ဆီမှာပါ"

"ဦးလူကျော်က ဘယ်မှာရှိသလဲ"

"သူ ဘယ်မှာနေသလဲတော့ တိတိကျကျ မသိပါဘူး၊ အရင်တော့ ထောက်ကြံ့ဘက်မှာ နေတယ်လို့တော့ ကြားတယ် မင်းသိချင်တာလည်း သိရပြီဆိုတော့ ငါ့ကို ကြိုးဖြေပေးခဲ့ပါကွာ"

"ခင်ဗျားကို ကြိုးဖြေပေးထားခဲ့လို့မဖြစ်သေးဘူး၊ ခင်ဗျား ပြောတာ ဟုတ်မဟုတ် သိရအောင် အရင်သွားရှာကြည့်ရဦးမယ်၊ တကယ်လို့ မဟုတ်ရင်တော့ ခင်ဗျား သေပြီသာ မှတ်တော့"

ဟု ပြောကာ မြေခွေးဖိုးထင်က သူ့လူ(၃)ယောက်တို့ကို ခေါ်ကာ ထိုနေရာမှ ထွက်သွားလေသည်။

ဦးထွန်းဇံမှာ ကြိုးတုပ်လျက်သားနှင့် လွှစက်ပေါ်မှာ ကန့်လန့်အနေအထားဖြင့် ကျန်ခဲ့လေသည်။

လွှစက်ကြီးကလည်း တဝှီးဝှီးနှင့် လည်နေလေသည်။ ထိုမှ လည်ပတ်နေသော တုန်ခါမှုကြောင့် စင်မှာ လှုပ်ယမ်းနေရာ ဦးထွန်းဇံသည် စင်အောက်သို့ ပြုတ်ကျရန် နည်းအမျိုးမျိုးနှင့်





ကြိုးစားနေလေသည်။

သို့သော် အခြေအနေက သူမျှော်လင့်သလို မဖြစ်ပေ။

တကယ်ဆိုလျှင် သူ့အနေနှင့် စင်ပေါ်မှ လိမ့်ချရာ အောက်သို့ မကျစရာအကြောင်း မရှိပေ။

သို့သော်လည်း မကျပေ။

တစ်စုံတစ်ယောက်က ဖိထားသကဲ့သို့ လှုပ်မရနိုင်ဘဲ ဖြစ်နေလေသည်။

ဦးထွန်းဇံက အောက်ကျစေရန် ကြိုးစားလေလေ တုန်လှုပ်မှုကြောင့် သူ့ခန္ဓာကိုယ်က လွှစက်ကြီး ရှိရာသို့ နီးလာလေလေ ဖြစ်သည်။

"ကယ်ကြပါ. . . ကယ်ကြပါဦးဗျို့"

အသံကျယ်ကျယ်ဖြင့် အော်ဟစ်အကူအညီတောင်းနေစဉ်မှာ တစ်စုံတစ်ယောက်က နောက်မှ တွန်းပို့လိုက်သကဲ့သို့ ဖြစ်ကာ လွှစက်ကြီး ရှိရာသို့ လိမ့်ဝင်သွားလေတော့သည်။

"ဝှီး. . . ဝှီး. . . ဝှီး"

"အား. . ."

အသွားထက်လှသော လွှစက်ကြီးက ဦးထွန်းဇံကိုယ်ကို ခါးလယ်နေရာလောက်မှ ဖြတ်ချလိုက်လေတော့သည်။

လွှစက်ရုံအတွင်းမှာ ဖြစ်သောကြောင့် အတော်ဝေးဝေးမှာ နေကြသော သစ်စက်အလုပ်သမားများလည်း မကြားနိုင် မသိနိုင်ကြတော့ပေ။

ဦးထွန်းဇံ နှစ်ပိုင်းပြတ်သွားသောအခါမှ လွှစက်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုအလျောက် ရပ်တန့်သွားလေသည်။

နောက်တစ်နေ့ မနက်ပိုင်း အလုပ်သမားများ ရောက်လာကြသည်။ ထိုအခါမှ ကြောက်မက်ဖွယ်ရာအနေအထား ဖြင့် သေဆုံးနေသော ဦးထွန်းဇံကို တွေ့ရသဖြင့် ဘုန်းကြီးလမ်း ဂါတ်တဲသို့ သွားရောက်အကြောင်းကြားလေသည်။

ထိုအခါ ဘုန်းကြီးလမ်းဂါတ်တဲမှ ဌာနအုပ် ဦးထွန်း စုံထောက်ကျော်စွာတို့အပြင် ဒေါက်တာမင်းထင်ကျော်ပါ ပါ ပြီး စစ်ဆေးကြည့်ရှုကြလေသည်။

"အင်း. . . အတော်ရက်စက်တဲ့ လူသတ်မှုပဲ၊ ဘ လောက်များ ရန်ငြိုးရန်စ ရှိနေလို့ ဒီလိုအကြံအစည်မျိုးနဲ့ သ တာလဲ မသိဘူး"

ဦးထွန်းဆိုင်က ညည်းညည်းညူညူဖြင့် ပြောလေသည်

ဦးထွန်းဇံအလောင်းမှာ ခါးနေရာမှ ပြတ်ထွက်နေ ခေါင်းပိုင်းက အောက်မှာ ကျနေသည်။

ကျန်တစ်ပိုင်းက လွှစင်ပေါ်မှာ တင်ကျန်နေပြီး လွှ တစ်ခုလုံး သွေးများ၊ အသားအပိုင်းအစများက မြင်မကော အောင် ပြန့်ကျဲနေသည်။

ဒေါက်တာမင်းထင်ကျော်က လွှစက်နှင့် ဆက် သော မီးခလုတ်ကို သွားကြည့်တော့ မီးခလုတ်က ဖွင့်ရက် ပင် ရှိသေးသည်။

ဖျူး(စ်)ကို ဖြုတ်ကြည့်တော့ ဖျူးစ်ကြိုးပြတ်နေသည် တွေ့ရသည်။





"လွှစက်က လူရဲ့ခန္ဓာကိုယ်ကို အတော်ကလေး ဖြတ် လိုက်ရပုံ ရတယ်၊ ဖျူးစ်တောင် ပြတ်သွားတယ်၊ ဒါထက် သေတဲ့ လူက ဘယ်သူတဲ့လဲ"

"ဇမ္ဗူထွန်း သစ်စက်ပိုင်ရှင် ဦးဇမ္ဗူထွန်းလို့ ပြောတယ်"

"သူ့မှာ တခြားနာမည် ရှိသေးသတဲ့လား"

"အလုပ်သမားတွေကတော့ သိပုံမရကြဘူး၊ ဒါပေမယ့် စုံစမ်းကြည့်ရင်တော့ ရမှာပါ"

ထို့နောက် နှစ်ယောက်သား အလောင်းအနီးသို့ တစ် ခေါက် ထပ်သွားပြီး အသေအချာ စစ်ဆေးကြသည်။

ခြေနှင့်လက်တို့ကို ချည်ထားသောကြိုးမှာ ဂုန်နီကြိုးဖြစ် ပြီး သစ်စက်အတွင်းမှ သုံးသောကြိုးပင်ဖြစ်သည်။ ထိုနေရာတစ် ဝိုက်ကို လိုက်ကြည့်တော့ စားဒဏ်ရာဖြင့် သေနေသော ကုလား တစ်ယောက်ကို ထပ်တွေ့ရသည်။ ထိုနေရာတစ်ဝိုက်မှာလည်း ပစ္စည်းများက အလဲလဲ အပြိုပြိုနှင့် ဖရိုဖရဲ ဖြစ်နေကြသည်။

"ကြည့်ရတာတော့ အုပ်စုတွေအချင်းချင်း တိုက်ခိုက်ကြ တဲ့ လက္ခဏာမျိုးပဲ၊ တစ်ဖက်အဖွဲ့က အနိုင်ရပြီးတဲ့နောက်မှာ သူ့ကို ကြိုးနဲ့တုပ်ပြီးတော့ လွှစင်ပေါ်တင်ခဲ့ပြီး လွှစက်ကို ဖွင့် သွားခဲ့ပုံရတယ်"

"ဘယ်လိုကြောင့်လဲ ဆရာ"

"တကယ်လို့ လူသတ်သမားက ဒီနားမှာ ရှိနေသေး တယ်ဆိုရင် သူ သတ်တဲ့လူ သေသွားပြီးရင် ဖွင့်ထားတဲ့ မီးခလုတ် ကို ပြန်ပိတ်ဖို့တော့ မေ့မှာ မဟုတ်ဘူး၊ အခုတော့ ဖွင့်ရက်သား



www.burmeseclassic.com

www.burmeseclassic.com



ကြီးအတိုင်း ထားခဲ့တာ၊ ဖြူးစ်ပြုတ်သွားမှ သူ့အလိုလို ရပ်သွားခဲ့တာ"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှာ ရှိသောပစ္စည်းများကို တွေ့ရသဖြင့် ခြေရာခံပြီး လိုက်ရာ ကမ်းစပ်မှာ ပေါ်နေသောခြေရာများကို တွေ့ရလေသည်။

"သူတို့က ဒီနေရာက လာကြတာ၊ ဒီမှာ ရွံ့ခြေရာတွေ ကျန်နေသေးတယ်"

"ဘယ်လိုကြောင့် ဒီလောက်ရက်ရက်စက်စက် သတ်တာလဲ"

"ကျွန်တော့်အထင်ပြောရရင်တော့ ရန်ငြိုးရန်စထက် ပိုတဲ့ အခြားအကြောင်းတွေ ရှိနိုင်တယ်၊ အရေးကြီးတာက သူ အရင်က ဘာတွေလုပ်ခဲ့တယ်ဆိုတာ သိရဖို့လိုတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ ဦးထွန်းဇံ နေသောအိမ်သို့ သွားကာ အတွင်းအပြင် လိုက်လံရှာဖွေကြသည်။

ဦးထွန်းဇံမှာ မိန်းမနှင့်သားသမီး မရှိဘဲ တပည့်အလုပ်သမားများနှင့် နေသူဖြစ်သည်။

တစ်နေရာမှာတော့ ဦးထွန်းဇံ၏ကိုယ်တစ်ပိုင်းပုံ ရိုက်ထားသောဓါတ်ပုံကို တွေ့ရသဖြင့် ဖြုတ်ယူလာခဲ့သည်။

စုံထောက်ကျော်စွာက အခြားနေရာများကို လှည့်လည်ကြည့်ရှုနေစဉ် ဒေါက်တာမင်းထင်ကျော် ဦးထွန်းဇံ နေသော အခန်းထဲသို့ ဝင်ရောက်ပြီး ပိုက်စိပ်တိုက် ရှာဖွေရာ ချိတ်ထား





သော တိုက်ပုံအင်္ကျီအိတ်အတွင်းမှ မီးရထားလက်မှတ်(၄)စောင် တွေ့ရသည်။

လေးစောင်စလုံး ဒုတိယတန်းလက်မှတ်ဖြစ်ပြီး ပြည်မှ ရန်ကုန်သို့ ဖြတ်ထားသောလက်မှတ်ဖြစ်သည်။ လက်မှတ်ပေါ်မှာ ရိုက်နှိပ်ထားသောရက်စွဲကို ကြည့်လိုက်တော့ (၉. ၅. ၁၉၅၂) ဟူသောရက်စွဲဖြစ်သည်။ ထိုနေ့က သောကြာနေ့ ဖြစ်သောကြောင့် သေဆုံးသူမှာ ထိုနေ့ကမှ ပြည်မှရန်ကုန်သို့ ပြန်လာဟန်ရှိသည်။

ထိုရထားလက်မှတ် လေးစောင်အပြင် စာရေးစားပွဲ အတွင်းအံဝှက်မှ မှတ်တမ်းစာအုပ်ကို တွေ့ရသဖြင့် နောက်ဆုံးရေးထားသောမှတ်တမ်းကို ဖတ်ကြည့်လိုက်သည်။

"(၉-၅-၁၉၅၂)၊ သောကြာနေ့တွင် ပြည်မှ ရန်ကုန်သို့ ပြန်လာ၊ မမျှော်လင့်ဘဲ ရထားတွဲပေါ်မှာ ထောင်မှထွက်လာသော မြေခွေးဖိုးထင်နဲ့တွေ့၊ အခြေအနေမကောင်း"

ဟူသောစာပိုဒ် ရေးထားလေသည်။

ထို့နောက် မှတ်တမ်းစာအုပ်၌ ရထားလက်မှတ် လေးစောင်ကို ယူ၍ အပြင်ပြန်ထွက်လာသည်။

အပြင်ဘက် ရောက်တော့ စုံထောက်ကျော်စွာနှင့် တွေ့ရသည်။

"အိမ်ခေါင်းရင်းနားက လမ်းပြင်ခြေရင်းမှာ လောလောဆယ် တူးထားတဲ့ကျင်းတွေ တွေ့ခဲ့ရတယ် ဆရာ"

"ပစ္စည်းတစ်ခုခု ရှာယူသွားတာ ဖြစ်မှာပေါ့၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ပြည်ဘက်ကို ခရီးထွက်ကြရမယ် ကိုကျော်စွာ"

"ဘာအတွက်လဲ ဆရာ"

"လူသတ်သမားရဲ့ခြေရာကို အစကနေ ပြန်ကောက်ကြည့်ရမယ့်ကိစ္စမျိုးပေါ့"

"သွားကြတာပေါ့ . . ဆရာနဲ့ အတူတူသွားရရင် ဘယ်နေရာသွားသွား အဆင်ပြေပါတယ်"

ဟု ပြောပြီး လှစက်ရှိရာသို့ ပြန်လျှောက်လာကြသည်။ ထိုနေရာမှာတော့ ဌာနအုပ်ဦးထွန်းဆိုင်က စက်ရုံထဲမှ အလုပ်သမားများကို မေးမြန်းစစ်ဆေးပြီး ပုလိပ်အချို့က အလောင်းများကို ဆေးရုံကြီးမှ ရင်ခွဲရုံပို့ရန် ပြင်ဆင်နေကြသည်။

ကိုယ်ထက်ပိုင်းပြတ်နေသော ဦးထွန်းဇံအလောင်းကိုတော့ အိတ်တစ်လုံးထဲသို့ ထည့်နေသည်ကို လှမ်းမြင်ရသည်။ ဒေါက်တာမင်းထင်ကျော်က သူဇာမြတ်ကောင်းနှင့် တွေ့ရန် အပြင်သို့ ထွက်လာခဲ့သည်။





# အခန်း(၁၂)

# မိုးသီးပေလား၊ မြေခွေးမိုးထင်ပေလား

သူဇာမြတ်ကောင်းမှာ ကမ်းနားလမ်းတိုက်တွင် မရှိတော့ပေ။ ဦးမြတ်ကောင်း မရှိတော့သည့်နောက်ပိုင်းတွင် အစုရှယ်ယာရှင်များအား ငွေပြန်ထုတ်ပေးရန် ကမ်းနားလမ်းတိုက်နှင့် စက်လှေအချို့ကို ရောင်းချပြီး စာရင်းရှင်းပေးခဲ့ရလေသည်။

သူမကတော့ အဒေါ်တစ်ယောက်နှင့်အတူ လသာလမ်းမှာ တိုက်တစ်လုံး ဝယ်ယူကာ နေထိုင်လေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအခါ သူမ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အဆင်သင့် တွေ့ရသည်။

"ကိုမင်းထင်ကျော် ဘယ်ကလှည့်လာတာလဲဟင်"

"အလုံသစ်တောဝင်းမှာ လူသတ်မှုတစ်ခုဖြစ်လို့ သွား ကြည့်ပြီး ပြန်လာတာပါ"

"ကိုမင်းထင်ကျော်လည်း စုံထောက်မဟုတ်ပါဘဲ စုံ ထောက်တစ်ယောက်လို ဖြစ်နေရပြီနော်"

"ဝါသနာပါတော့လည်း ဒီလိုပဲ လုပ်နေရတာပဲ၊ သူဇာ ဆီက အကူအညီလိုချင်လို့ လာခဲ့တာပါ"

"ဘာအကူအညီပေးရမလဲ ပြောလေ"

"အခြားတော့ မဟုတ်ပါဘူး၊ ဒီဓာတ်ပုံထဲကလူကို မြင် ဖူးသလား၊ တစ်ချက်လောက် ကြည့်ပေးပါ"

ဟု ပြောပြီး အိတ်ထဲမှ ဓာတ်ပုံကို ထုတ်ပေးလိုက်သည်။ သူဇာမြတ်ကောင်းက ဓာတ်ပုံကို ကြည့်ပြီး ဇဝေဇဝါဖြစ်နေသည်။

အတန်ကြာမှ. . .

"ကျွန်မ သူ့ကို မြင်ဖူးတယ်၊ စိတ်ထဲမှာလည်း သိနေ သလိုပဲ၊ ကျွန်မအဖေနဲ့ တွဲပြီး အလုပ်လုပ်တုန်းက သူတို့နဲ့ မကြာ ခဏ တွေ့ရသလိုပဲ"

"စဉ်းစားကြည့်ပါဦး မသူဇာ"

သူဇာမြတ်ကောင်းက အသေအချာ စဉ်းစားပြီးမှ မှတ်မိ သွားလေသည်။

"သိပြီ. . . သူ့ကို ကျွန်မ မှတ်မိပြီ၊ ဒီလူက တခြားမ ဟုတ်ဘူး၊ လွန်ခဲ့တဲ့သုံးနှစ်လောက်က ကြီးပွားရေးကုမ္ပဏီမှာ





လုပ်နေတဲ့ အစုရှယ်ယာဝင်တစ်ယောက်ပဲ၊ ဦးနေဒွန်းရယ်၊ ဦး ထွန်းဇံရယ်၊ ဦးလူကျော်ရယ် ရှိကြတဲ့အထဲက သူ့နာမည်က ဦး ထွန်းဇံလို့ ခေါ်တယ်"

"သေချာရဲ့လား မသူဇာ"

"သေချာပါတယ်. . . သူတို့နဲ့ကျွန်မတို့နဲ့က ကုမ္ပဏီချင်း လည်း နီးတယ်၊ စီးပွားပြိုင်ဘက်တွေလည်းဖြစ်တော့ ကောင်း ကောင်း မှတ်မိပါတယ်၊ သူ့နာမည် ဦးထွန်းဇံဆိုတာ သေချာပါ တယ်. . . ဘာဖြစ်လို့လဲဟင်"

"ညက အသတ်ခံရတဲ့လူက သူပါပဲ၊ သူ့နာမည်က ဦး ဇမ္ဗူထွန်းဆိုလို့ သေချာအောင် စုံစမ်းကြည့်တာပါ၊ ကျွန်တော် အခုရက်ပိုင်းအတွင်း ပြည်ဘက် ခဏသွားစရာရှိတယ်၊ ကိစ္စက တော့ လူသတ်မှု စုံစမ်းဖို့အတွက် သွားမှာပါပဲ၊ တကယ်လို့ ကျွန် တော်ထင်တာ မှန်မယ်ဆိုရင်တော့ ဦးမြတ်ကောင်း ဘယ်လို ပျောက်သွားတယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာပါ သိရနိုင်ပါတယ်"

"ဒီလိုဆိုရင်တော့ ကျွန်မလည်း လိုက်ခဲ့ပါရစေ၊ ဖေဖေနဲ့ ပတ်သက်ပြီး အဖြေစောစောသိရတော့. . ကျွန်မအတွက် ပို ကောင်းမယ် ထင်လို့ပါ"

"မသူဇာ လိုက်ခဲ့မယ်ဆိုရင် ရထားလက်မှတ်တစ်စောင် ပိုယူထားလိုက်ပါ့မယ်"

ဟု ပြောကာ ပြန်ခဲ့လေသည်။

ဦးဇမ္ဗူထွန်းဆိုသောသူမှာ တစ်ချိန်က ကြီးပွားရေး ကုမ္ပဏီတွင် ဦးနေဒွန်းတို့နှင့် လက်တွဲလုပ်ကိုင်ခဲ့သော ဦးထွန်းဇံ



www.burmeseclassic.com

www.burmeseclassic.com



မှန်း သိရပြီးသောအခါ သူ့အတွက် စဉ်းစားတွေးခေါ် ရတာ နယ်ကျဉ်းလာသည်။

ဦးထွန်းဇံကို ဘယ်သူသတ်တာလဲ။

မှတ်တမ်းစာအုပ်မှာ ရေးထားသော ထောင်ထွက် မြေခွေးဖိုးထင် သတ်သွားတာလား။

မြေခွေးဖိုးထင်ဆိုတာကရော ဘယ်သူလဲ။

နောက်တစ်နေ့ နေ့လယ်တစ်နာရီ ထွက်သော ပြည်အဆန်ရထားဖြင့် ပြည်သို့ သွားကြသည်။

လေးယောက်သာ စီးနင်းခွင့်ရှိသော ဒုတိယတန်းတွဲတွင် သူတို့သုံးယောက်အပြင် အခြားခရီးသည်တစ်ဦးလည်း ပါလေသည်။

ထိုလူကြီးမှာ အကောင်းစား အဝတ်ပုဆိုးတို့ကို ဝတ်ဆင်ထားပြီး ကက်ဦးထုပ်ကို ဆောင်းထားသည်။

မျက်မှန်ကိုင်းထူထူ တပ်ထားပြီး နှုတ်ခမ်းမွေးရှည်များ ရှိသည်။

အသက်အရွယ်အရ နှုတ်ခမ်းမွေးများက အနက်တစ်ဝက် အဖြူတစ်ဝက်ဖြစ်နေလေသည်။

သူသည် ရထားစထွက်ကတည်းက တရားစာအုပ်ကို ဖတ်ကာ ငြိမ်သက်စွာ လိုက်ပါလာသည်။

လေးယောက်ထိုင်ခုံဖြစ်သောကြောင့် စုံထောက်ကျော်စွာက ထိုလူကြီးအနီးမှာ ထိုင်ပြီး ဒေါက်တာမင်းထင်ကျော်နှင့် သူဇာမြတ်ကောင်းတို့က နှစ်ခုံတွဲထိုင်ကြလေသည်။





သူတို့သုံးယောက်စလုံး သာမန်အရပ်ဝတ်အရပ်စားများ ဝတ်ဆင်ထားပြီး ရထားထွက်ကတည်းက အမှုအကြောင်းကို လုံးဝမပြောတော့ဘဲ အခြားဗဟုသုတ ရစေမည့်အကြောင်းများကို ပြောဆိုလာကြသည်။

နံဘေးနားမှာ ရှိသော ခရီးသွားဖော် လူကြီးမှာလည်း သူ့စာအုပ်နှင့်သူ ငြိမ်သက်စွာ ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က အချင်းချင်း စကားပြောနေရင်းမှ ထိုလူကြီး ဖတ်နေသောစာအုပ်ကို လှမ်းကြည့်လိုက်သည်။ ဓမ္မပဒ စာအုပ်ဖြစ်သည်။

ရထားမထွက်ခင် ဘူတာမှာ ရောင်းသောဆိုင်မှ ဝယ်လာခဲ့ဟန်ရှိသည်။ နောက်ဘက်တစ်နေရာမှာ ရိုက်ထားသည့် ဆိုင်တံဆိပ်ကို တွေ့နေရသည်။

ဒေါက်တာမင်းထင်ကျော် ကြည့်နေမှန်း သိသောအခါ အဘိုးကြီးက စာအုပ်ကို ဆက်မဖတ်တော့ဘဲ သူ့နံဘေးနားမှာ ကွယ်၍ချထားလိုက်လေသည်။

သာယာဝတီဘူတာရောက်သောအခါ ရထားက အချိန်အနည်းငယ်ကြာအောင် ရပ်နားသည်။

ထိုအချိန်မှာ သတင်းစာ ရောင်းသူက ရထားတွဲ နံဘေးမှာ လာအော်ရောင်းသည်။

"သတင်းထူးတွေပါတဲ့ သတင်းစာတွေ ရမယ်နော်၊ ရန်ကုန်မြို့မှာ လူတစ်ယောက်ကို နှစ်ပိုင်းပြတ်အောင် ဖြတ်ပြီး သတ်သွားတဲ့သတင်းတွေ ပါတယ်၊ သတင်းစာတွေ... သတင်း



www.burmeseclassic.com

www.burmeseclassic.com



စာတွေ"

ဒေါက်တာမင်းထင်ကျော်က ရထားတွဲပေါ်မှပင် သတင်းစာတစ်စောင် ဝယ်ပြီးကြည့်လိုက်သည်။ လူသတ်မှု သတင်းက အပေါ်မျက်နှာဖုံးမှာပင် တင်ရေးထားလေသည်။

"ရန်ကုန်မြို့မှ လူကို နှစ်ပိုင်းပြတ်အောင် ဖြတ်သတ်သည့်သတင်း. . .

ယမန်နေ့ညက ရန်ကုန်မြို့ သစ်တောဝင်းအတွင်းရှိ ဇမ္ဗူ ထွန်း သစ်စက်မှ သစ်စက်ပိုင်ရှင် ဦးဇမ္ဗူထွန်းဆိုသူ အသတ်ခံခဲ့ရ ကြောင်း၊ လူဆိုးများက ဦးဇမ္ဗူထွန်းကို ခြေရောလက်ပါ ကြိုးဖြင့် တုပ်လျက် လွှစက်ပေါ် တင်၍ နှစ်ပိုင်းဖြတ်ကာ သတ်ဖြတ်ခဲ့ ကြောင်း၊

ဦးဇမ္ဗူထွန်းအပြင် အခြားအလုပ်သမား ကုလားတစ် ယောက်လည်း သေဆုံးနေသည်ကို တွေ့ရကြောင်း၊ လူသတ်မှု ကျူးလွန်ခဲ့သောတရားခံမှာ ဦးဇမ္ဗူထွန်းအား အငြိုးအတေးတစ်ခု ကြောင့် သတ်ဖြတ်ခဲ့ခြင်းဖြစ်ဟန်တူကြောင်း၊

အမှုကို ဘုန်းကြီးလမ်းဂါတ်တဲမှ ဌာနအုပ် ဦးထွန်းဆိုင် က ကိုင်တွယ်လျက်ရှိကြောင်းနှင့် အမှုမှန် ပေါ်ပေါက်ရေး၊ တ ရားခံကို ဖမ်းမိနိုင်ရေးအတွက် ပုလိပ်အဖွဲ့ဝင်များနှင့် စုံထောက် များမှာ အပူတပြင်း လိုက်လံစုံစမ်းလျက် ရှိနေပါကြောင်း"

ဟု အကျယ်တဝင့် ရေးသားဖော်ပြထားသည့်အပြင် အသတ်ခံထားရသော ဦးဇမ္ဗူထွန်း၏နှစ်ပိုင်းပြတ် ပုံကြီးကိုပါ ဓါတ်ပုံဖြင့် ဖော်ပြထားလေသည်။





ဒေါက်တာမင်းထင်ကျော် ပြီးတော့ စုံထောက်ကျော်စွာ နှင့် သူ့ဇာမြတ်ကောင်းတို့ကပါ ယူဖတ်ကြည့်ကြသည်။

ဖတ်ပြီးသော်လည်း တစ်စုံတစ်ခု မပြောကြပေ။

အတန်ကြာတော့ ရထားပေါ်သို့ လက်မှတ်စစ်နှင့်ပုလိပ် အချို့ တက်လာသည်။

အခြားတွဲ၌ စစ်ဆေးနေစဉ်မှာပင် ရှေ့မှာ ထိုင်နေသော လူကြီးက နံဘေးနားမှာ ချထားသောစာအုပ်ကို ပြန်ကောက်ယူ ပြီး စိတ်မပါဘဲနှင့် ငုံ့ဖတ်နေသည်။

ခဏကြာတော့ တွဲစစ်များက သူတို့တွဲသို့ ရောက်လာ သည်။

ထွေထွေထူးထူး စစ်ဆေးမနေဘဲ လက်မှတ်များကိုသာ ကြည့်ပြီး ပြန်ဆင်းသွားကြသည်။

ပြီးမှ ရထားက သာယာဝတီ ဘူတာမှ ထွက်သည်။

အတန်ကြာတော့ ရှေ့မှာ ထိုင်နေသောလူကြီးက သ တင်းစာကို ခဏတောင်းကြည့်သည်။

သူသည် စိတ်ဝင်စားစရာအကောင်းဆုံး လူသတ်မှု သတင်းပင် ဖတ်ပြီး ပြန်ပေးသည်။

"ကျုပ်ဖြင့် ဒီအသက်အရွယ် ရောက်နေပြီ၊ လူကို နှစ် ပိုင်းပြတ်အောင် ဖြတ်သတ်တာမျိုး ဒီတစ်ခါပဲ ကြားဖူးသေး တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

အတော်ကြာသည်အထိ ဘယ်သူကမှ စကားမပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ သူကပင် ဆက်ပြောသည်။

"ဒါထက် ဘယ်အထိ သွားကြမှာလဲ"

"ပြည်အထိပါပဲ"

"အလည်အပတ် သွားကြမှာပဲ ထင်ပါရဲ့"

"ဟုတ်ပါတယ်. . . ကျွန်တော်တို့နှစ်ယောက်က လက်ထပ်ပြီးတာ မကြာသေးတော့ အပန်းဖြေခရီးသက်သက်ပါပဲ"

ထိုသို့ပြောလိုက်သောအခါ စုံထောက်ကျော်စွာက သဘောပေါက်သဖြင့် ပြုံးနေသော်လည်း သူဇာမြတ်ကောင်း မျက်နှာပေါ်မှာတော့ ရှက်သွေးဖြာသွားလေသည်။

သို့သော် ထွေထွေထူးထူးတော့ မပြောပေ။

"ကောင်းတယ်. . . ကောင်းတယ်၊ ပြည်က ဘုရားတွေလည်း များတယ်၊ သွားစရာတွေလည်း ပေါပါတယ်"

"ဒါထက် ဦးကရော ဘယ်အထိ သွားမှာပါလဲ"

"ပြည်အထိပါပဲ. . . ခရီးအတူတူပေါ့"

"ဦးက မြစ်ဝကျွန်းပေါ်ဘက်က လာတာ ထင်ပါရဲ့"

"ဟင်. . . ဘယ်လိုကြောင့်လဲ"

"အော်. . . ဒီလိုပါ၊ မြစ်ဝကျွန်းပေါ် ပင်လယ်ဘက်မှာအနေများတဲ့လူတွေက အသံနဲ့အသားအရေက မြေလတ်ဒေသကနဲ့ မတူလို့ပါ"

"ဟုတ်. . . ဟုတ်ပါတယ်"

ဟု ပြောပြီး စကားဆက်မပြောတော့ပေ။

တစ်ဘူတာဝင် တစ်ဘူတာထွက်နှင့် ခရီးဆက်ခဲ့သော





ပြည်အဆန်ရထားမှာ ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ ပြည်သို့ ဝင်လာလေသည်။

ရထားပေါ်မှာကတည်းက မီးရောင်တဝင်းဝင်းနှင့် ကြည်ညိုဖွယ်ရာရှိသော ပြည်ရွှေဆံတော် စေတီတော်မြတ်ကြီးကို ဖူးတွေ့ရသည်။

ပြည်ဘူတာ ရောက်သောအခါ မြင်းလှည်းတစ်စီး ခေါ်ပြီး တည်းခိုခန်းသို့ သွားကြလေသည်။

တည်းခိုခန်း ရောက်တော့ အခန်းနှစ်ခန်းယူပြီး သူဇာမြတ်ကောင်းကို တစ်ခန်းပေး၍ ဒေါက်တာမင်းထင်ကျော်တို့က တစ်ခန်းယူကြသည်။

ရေမိုးချိုး အဝတ်အစားလဲပြီး ညစာကို အပြင်မှာ ထွက်စားကြသည်။

"ရထားပေါ်မှာ ဆရာ ရုတ်တရက် ပြောလိုက်တဲ့စကားကြောင့် တစ်ခုခုတော့ ထူးတယ်လို့တော့ ထင်လိုက်မိသား"

"ကိုကျော်စွာနံဘေးမှာ ထိုင်နေတဲ့လူကြီးက လူကြီးတစ်ယောက် လိုဟန်ဆောင်ထားပေမယ့် လူရွယ်ပိုင်းပဲ ရှိသေးတယ်"

"ဘယ်လို သတိပြုမိတာလဲ ဆရာ"

"သူက လူကြီးတစ်ယောက်ပုံမျိုး လုပ်ထားပေမယ့် မြင်နေရတဲ့ လက်နဲ့ခြေထောက်က အသားအရေကို ကြည့်ရင် လူရွယ်တစ်ယောက်ဆိုတာ သိသာပါတယ်၊ နောက်တစ်ချက်က နှုတ်ခမ်းမွေးက ကျိုးတိုးကျဲတဲ ဖြူနေပေမယ့် သူဆောင်းထားတဲ့ ကက်ဦးထုပ်အောက်က ပေါ်နေတဲ့ နားသယ်စပ်က ဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com

က .အနက်ရောင်အတိုင်းပဲ ရှိသေးတယ်"

"မျက်စိကလည်း လျှင်ပါပေရဲ့၊ ဒါထက် မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းကလို့ ဘာဖြစ်လို့ ပြောနိုင်တာလဲ"

"သူ့အသားအရေက မည်းပြီး ပြာနေတယ်၊ အညာပိုင်းက နေပူမိတဲ့အသားက မည်းရုံပဲမည်းတယ် မပြာဘူး၊ ပင်လယ်ဆားငန်ရေနဲ့ ထိတဲ့အသားအရေက မည်းပြီးပြာနေတယ်၊ သူ့အသားအရေကို ကြည့်ရုံနဲ့ ပင်လယ်မှာ အတော်ကြာကြာ နေဖူးခဲ့တယ်ဆိုတာ ထင်ရှားတယ်"

"တော်ပါပေတယ်. . . ဒါဖြင့် ဘယ်လိုကြောင့် ရုပ်ဖျက်ပြီး ခရီးထွက်လာတာလဲ"

"ဒါကတော့ သူ့ကိစ္စနဲ့သူလည်း ဖြစ်နိုင်တယ်၊ အကြောင်းတိုက်ဆိုင်တာလည်း ဖြစ်နိုင်ပါတယ်၊ ဒါထက် ရထားပေါ်မှာ အခြေအနေအရ ပြောလိုက်တဲ့စကားအတွက် ကျွန်တော် တောင်းပန်ပါတယ် မသူဇာ"

"အို. . . တောင်းပန်စရာ မလိုပါဘူး ကိုမင်းထင်ကျော်ရယ်၊ အခုတော့ ကျွန်မ သဘောပေါက်ပါပြီ"

သူဇာမြတ်ကောင်းက ရှက်ပြုံးတစ်ချက် ပြုံးရင်း ပြန်ပြောလိုက်လေသည်။

နောက်တစ်နေ့မနက်ပိုင်းမှာပင် ပြည်ဘူတာသို့ သွားပြီး ဘူတာစာရေးနှင့်တွေ့ကာ တစ်ပတ်အတွင်း ရောင်းချထားသော ဒုတိယတန်းလက်မှတ် အဝယ်စာရင်းကို ကြည့်ကြသည်။

ထိုအထဲတွင် (၉-၅-၁၉၅၂)ခုနှစ်ရက်စွဲတွင် ဦးဇမ္ဗူထွန်း





နာမည်တစ်ခုတည်းနှင့် ဒုတိယတန်း လက်မှတ်(၄)စောင်စလုံး ဝယ်ထားသောစာရင်းကို တွေ့ရသည်။

"သောကြာနေ့က ပြည်အစုန်ရထားနဲ့ ရန်ကုန်ကို ပြန်တာတော့ သေချာပြီ၊ ဒီကပြန်ရင် သာယာဝတီထောင်ကို ဝင်ပြီး တစ်ချက်စုံစမ်းကြည့်ရင်တော့ ကွင်းဆက်တစ်ခုတော့ ရနိုင်လောက်တယ်"

ဟု ပြောပြီး အပြန်တွင် သာယာဝတီထောင်သို့ ဝင်ရောက် စုံစမ်းကြည့်သည်။

ထောင်ပိုင်ကြီးက စုံထောက်ကျော်စွာကို သိသဖြင့် သွတ်ဝရမ်းဖိုင်တွဲများ ချပြသည်။

"(၉-၅-၁၉၅၂)နေ့က လွတ်တဲ့ အကျဉ်းသား သိပ်တော့ မရှိဘူးဗျ၊ ကျန်တာတွေက သာယာဝတီနယ်ထဲကချည်း၊ ဒါနဲ့ အဝေးက အကျဉ်းသားဆိုလို့ မိုးသီးတစ်ယောက်ပဲ ပါတယ်"

"မိုးသီး ဟုတ်လား၊ ဖိုးထင်ဆိုတဲ့နာမည်မျိုးရော မပါဘူးလား"

"ဟင့်အင်း. . . မပါဘူး၊ မိုးသီးတစ်ယောက်ပဲ ပါတယ်၊ သူနဲ့ ဖတ်သက်တဲ့ ကိုယ်ရေးရာဇဝင်ဖိုင်ကို ကြည့်လို့ရပါတယ်"

ဟု ပြောကာ ထောင်ပိုင်ကြီးက မိုးသီး၏ကိုယ်ရေးရာဇဝင်ဖိုင်ကို ပြသည်။

အမည်ရင်းမှာ မိုးအောင်ဖြစ်ပြီး နောက်ပိုင်း မိုးသီးအမည်ဖြင့် လှုပ်ရှားနေထိုင်သည်။

အသက်(၃၂)နှစ်ရှိပြီး အရပ်(၅)ပေ (၄)လက်မရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အနက်ရောင်၊ အသားမှာ မည်းပြာသောအသား နှီးဖြစ်သည်။

ယခင်က ပင်လယ်ပြင် ငါးဖမ်းအလုပ်သမားဘဝဖြင့် နှစ်အတော်ကြာအောင် နေခဲ့ပြီးနောက်ပိုင်း ရန်ကုန်နှင့် ဘိတ် ထားဝယ်သွားသောစက်လှေတွင် အလုပ်သမားအဖြစ် ဝင် ရောက် လုပ်ကိုင်ခဲ့သည်။

နောက်ပိုင်း ကုမ္ပဏီပျက်သွားခဲ့ပြီး ကြံ့ရာကျပန်း လု ကိုင် စားသောက်ရင်း လုယက်မှုနှစ်မှု လူသတ်မှုတစ်မှု ကျူးလွန် ပြီး ထောင်(၃)နှစ် ကျသည်။

သာယာဝတီထောင်မှ (၉-၅-၁၉၅၂)နေ့တွင် ရက်ေ သောကြောင့် လွှတ်မိန့်ပေးခဲ့သည်။

ဒေါက်တာမင်းထင်ကျော်က ဓါတ်ပုံထဲမှာ မြင်ရသေ မိုးသီး၏ပုံပန်းသဏ္ဌာန်ကို သေချာစွာ ကြည့်ပြီး မှတ်သားထာ လေသည်။

ထို့နောက် ထောင်ပိုင်ကြီးထံမှာ ခွင့်တောင်းပြီး ကိုယ်ေ ရာဇဝင် အချက်အလက်များကို ကူးယူခဲ့လေသည်။

မိုးသီးကိုယ်ပေါ်တွင် ထင်ရှားသောအမှတ်အသား လက်ဝဲဘက်ပခုံးတွင် မားခုတ်ခံထားရသော ဒဏ်ရာတစ်ခု ကြောင်း သိရလေသည်။

ဦးဇမ္ဗူထွန်း (ခေါ်) ဦးထွန်းဇံ ပြည်မှ ပြန်လာသည့်နေ့ မိုးသီး ထောင်ကလွတ်သောနေ့ဖြစ်သည်။

ဦးထွန်းဇံ မှတ်တမ်းထဲမှာ ထိုနေ့က ရထားပေါ်မှာ ေ





ရှိသောထောင်ထွက်မှာ မြေခွေးဖိုးထင်ဟု ရေးထားသည်။

"မိုးသီး အဲဒီနေ့က ထောင်ကလွတ်ပြီး ရန်ကုန်ကို ပြန် သွားတာ သေချာသလား ထောင်ပိုင်ကြီး"

"သေချာပါတယ် . . . သူက ရထားပေါ် တက်ကာနီး တော့ ဘယ်တွဲမှာ စီးရမလဲလို့ မေးသွားသေးတယ်၊ ပုလိပ်တွေ က မင်းကြိုက်တဲ့တွဲမှာသာ စီးသွားပေရော့လို့ ပြောတာနဲ့ ရထား ထွက်တော့မှ လူမပါတဲ့ ဒုတိယတွဲပေါ် တက်သွားတာကို သေ သေချာချာ မြင်လိုက်ရတယ်လို့ ပြောကြပါတယ်"

ထောင်ပိုင်ကြီးစကားအရဆိုလျှင် ဦးဇမ္ဗူထွန်း အမည်ခံ ဦးထွန်းဇံနှင့်တွေ့သော မြေခွေးဖိုးထင်ဆိုသူမှာ ထောင်ထွက် မိုးသီးဖြစ်ဖို့ သေချာသွားခဲ့ချေပြီ။ သို့ဆိုလျှင် ဦးထွန်းဇံ၊ ဦးလူ ကျော်နှင့် ဦးနေဒွန်းတို့သုံးယောက်ရှိသည့်အနက် ဦးထွန်းဇံ သေ သွားပြီဆိုတော့ နှစ်ယောက်ကျန်သေးသည်။

ထိုနှစ်ယောက်ကို တွေ့အောင်စုံစမ်းပြီး မေးမြန်းလျှင် တော့ အဖြေတစ်ခုခု ရနိုင်လေသည်။

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ထောင်ပိုင် ကြီး၊ မိုးသီးက ထောင်ကထွက်လာပြီး မကြာခင်မှာပဲ လူတစ် ယောက်ကို သတ်ခဲ့ပါတယ်၊ မနေ့က သတင်းစာမှာပါတဲ့ လူ သတ်မှုဟာ သူနဲ့ သက်ဆိုင်တယ်လို့ ယူဆရပါတယ်"

"ဒီလိုဆိုရင်တော့ နောက်တစ်ခေါက် ထောင်ထဲ ပြန် လာရဦးမှာပေါ့၊ တစ်ခုတော့ သတိထားဗျ၊ ဒီကောင်က ပညာ သာ မတတ်တာ၊ ရုပ်ပြောင်းရုပ်လွှဲလည်း တတ်တယ်၊ ဉာဏ်နီ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်နက်လည်း အတော်များတယ်"

"ဟင်. . ."

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ မနေ့[က] ရထားပေါ်မှာ တွေ့ရသော အဖြစ်အပျက်များကို ပြန်လည်သ[တိ] ရမိလေသည်။





# အခန်း(၁၃)

# ရူးဆန်းသောခေါင်းနှစ်လုံး

ဒေါက်တာမင်းထင်ကျော်က ရန်ကုန်သို့ ပြန်ရောက်ပြီး နောက် ဦးနေဒွန်းသတင်းကို စုံစမ်းရလေသည်။

ဦးနေဒွန်းမှာ ယခင်က သူလုပ်ကိုင်ခဲ့သော ကြီးပွားရေး ကုမ္ပဏီနှင့်စက်လှေများကိုပါ ရောင်းချပြီး ဦးလူကျော်နှင့်ဦးထွန်း တို့နှစ်ယောက်ကို အစုရှယ်ယာများ ခွဲပေးပြီးနောက် ကုမ္ပဏီကို ပါ ဖျက်သိမ်းလိုက်သည်။

ဦးထွန်းဇံကတော့ ဦးဇမ္ဗူထွန်းအမည်ပြောင်းပြီး အလုံ



www.burmeseclassic.com

www.burmeseclassic.com



သစ်တောဝင်းမှာ သစ်စက်ထူထောင်လုပ်ကိုင်နေသည်။

ဦးလှကျော်ကတော့ သူ့ဇာတိဖြစ်သော ပြည်ဘက်သို့ ပြန်သွားလေသည်။

ဦးနေဒွန်းကတော့ ပုဇွန်တောင်ဘက်မှာ တိုက်တစ်လုံး ဝယ်ပြီး မသာအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေလေသည်။

၎င်းဝယ်ယူထားသောတိုက်ကြီးမှာ အိန္ဒိယသို့ ပြန်သွားသော ကုလားတစ်ယောက်ထံမှ ဝယ်ယူလိုက်ခြင်းဖြစ်ပြီး ထိုလုပ်ငန်းမှာလည်း ထိုကုလားလုပ်သွားသော စီးပွားရေးလုပ်ငန်း တစ်ခုပင်ဖြစ်သည်။

တိုက်အိမ်ကြီးမှာ နှစ်လုံးတွဲဖြစ်ပြီး တစ်လုံးမှာ လူနေနိုင်ပြီး ဘေးမှာ ကပ်တွဲထားသော တစ်ထပ်တိုက်ကိုတော့ အလုပ်ရုံ အဖြစ် အသုံးပြုလေသည်။

ထိုအလုပ်ရုံမှာ အတော်ကျယ်ဝန်းပြီး ရှေ့ပိုင်းမှာ စာရေး ထိုင်သောစားပွဲနှင့် ကုလားထိုင် ရှိလေသည်။

ထိုနောက်ပိုင်းမှာတော့ ခေါင်းလုပ်ရာတွင် အသုံးပြု သော သစ်အမျိုးမျိုး၊ လက်သမားကိရိယာပစ္စည်းများနှင့် နောက် ဘက်မှာတော့ ပြုလုပ်ပြီးသား ခေါင်းအမျိုးမျိုးကို အစီအရီ ထား ထားလေသည်။

ပထမက ဦးနေဒွန်းမှာ တိုက်နှင့် နေရာကို သဘောကျ သဖြင့် ဈေးလည်း သက်သာသောကြောင့် ဝယ်ယူလိုက်ခြင်းဖြစ် သော်လည်း မူလပိုင်ရှင် လုပ်သွားသော အလုပ်ကိုတော့ စိတ် သက်မှု မရှိပေ။





သို့သော်လည်း စာရေးလုပ်သူက ပြောတော့မှ စိတ်ဝင်စားခြင်းဖြစ်သည်။

"ဆရာကြီး . . . ဒီလုပ်ငန်းက အမြင်မကောင်းပေမယ့် အရင်းနည်းနည်းနဲ့ အမြတ်များများရတဲ့ လုပ်ငန်းမျိုးဗျ"

"ဘယ်လိုမြတ်တာလဲကွ"

"သစ်ဝယ်ပြီး ပရိဘောဂပစ္စည်း လုပ်ရောင်းရင် ထက်ဝက် မြတ်ဖို့ မသေချာဘူး၊ အသုဘခေါင်း လုပ်တာက တစ်ကျပ်ရင်းရင် သုံးကျပ်လောက် မြတ်တယ်၊ အရင် ကုလားသူဌေးတုန်းက ဒါနဲ့ပဲ ချမ်းသာပြီး ပြန်သွားတာ"

ဦးနေဒွန်းက စီးပွားရေးသမားလည်းဖြစ်၊ လောဘကြီးသူလည်း ဖြစ်သောကြောင့် စိတ်ဝင်စားသွားလေသည်။ ဂိုဒေါင်ထဲမှာလည်း ယခင်သူဌေး ဝယ်ထားသော ခေါင်းလုပ်ရန် သစ်မျိုးစုံတို့က ရှိသည်။

အလုပ်လုပ်ရန် လက်သမားသုံး ပစ္စည်းကိရိယာများကလည်း အပြည့်အစုံ ရှိသည်။

ထို့ပြင် သူဆက်လုပ်မည်ဆိုပါက ခေါင်းလုပ်ရာတွင် ကျွမ်းကျင်သော အလုပ်သမားများကလည်း အဆင်သင့်ရှိသည်။

ထိုနေရာကို ဝယ်ယူပြီးနောက်မှာလည်း ခေါင်းဝယ်သူများက နေ့စဉ်လိုလို လာရောက်ဝယ်ယူနေသဖြင့် ဆက်လက်ရောင်းချပေးရသည်။ ထိုငွေများကိုတော့ နောက်ပိုင်ရှင်ဖြစ်သည့် ဦးနေဒွန်းကပင်ရသည်။

"တယ်ဟန်ကျပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ဝင်စားမှန်းသိသောအခါ အပြောကောင်းသော စာရေးက ဆက်ပြောသည်။

"ဒီအလုပ်မျိုးက နာမည်သာ ဆိုးတာ၊ အခြားအလုပ်တွေထက် သမ္မာအာဇီဝကျတယ်၊ ဖြူစင်တယ် ဆရာ၊ ပရိဘောဂ လုပ်ရောင်းရင် နေ့တိုင်း လာဝယ်မယ့်သူ မရှိဘူး၊ ခေါင်းက နေ့တိုင်း လာဝယ်တဲ့သူ ရှိတယ်၊ ဘာကြောင့်လဲဆိုတော့ လူတွေက နေ့တိုင်းသေနေတော့လေ"

စာရေးကိုသာပျော်က အပြောကောင်းသောကြောင့် ဦးနေဒွန်းက တဖြည်းဖြည်းနှင့် စိတ်ဝင်စားလာလေသည်။

သို့ကြောင့် မိန်းမနှင့်သမီးဖြစ်သူ တင်မေနွဲ့တို့နှင့် တိုင်ပင်လေသည်။

မိန်းမကတော့ ဘာမှမပြောပေ။

တင်မေနွဲ့ကတော့ စီးပွားရေး မက်မောသူပီပီ သူမသဘောကို ပြောသည်။

"သူတပါးပစ္စည်း မတရားယူနေတာမှ မဟုတ်တာ၊ ရိုးရိုးသားသား စီးပွားရှာတာပဲ အဖေရယ်၊ ပိုက်ဆံရရင် လုပ်ရမှာပေါ့"

ဟု ပြောသဖြင့် ဦးနေဒွန်းအနေနှင့် ထိုလုပ်ငန်းကို ဆက်လုပ်လေသည်။

ဂိုဒေါင်နှင့် အဆောက်အအုံကို အနည်းငယ် ပြုပြင်ပြီး ရှေ့တွင် ဆိုင်းဘုတ်ချိတ်ဆွဲလိုက်သည်။

*"စေတနာ အသုဘ အကျိုးဆောင်လုပ်ငန်း"*

*(ခေါင်းအမျိုးမျိုး အော်ဒါရနိုင်ပါသည်။)*





ဟူသောဆိုင်းဘုတ်ပင်ဖြစ်သည်။

ထို့နောက်မှာတော့ ယခင်လက်သမား အလုပ်သမားများကိုပင် ပြန်ခေါ်ပြီး အလုပ်ဆက်လုပ်လေသည်။

တစ်နေ့သ၌ ဦးနေဒွန်း ရှိရာသို့ လူတစ်ယောက် ရောက်လာလေသည်။

ထိုသူမှာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် မုတ်ဆိတ်မွေး ပါးသိုင်းမွေးများ ဗရပျစ်နှင့် လွယ်အိတ်ဟောင်းကြီးတစ်လုံးကို လွယ်ထားလေသည်။

၎င်းဝတ်ဆင်ထားသော ကုတ်အကျႌအဟောင်းကြီးမှာ အဖာအပြီများနှင့် အရောင်အဆင်းပင် မပေါ်တော့ပေ။

ဝတ်ဆင်ထားသောပုဆိုးမှာလည်း အကွက်မပေါ်တော့ပေ။

ထိုသူ ဆိုင်ထဲ ဝင်လာသောအခါ စာရေးကိုသာပျော်က မေးသည်။

"ဘာကိစ္စရှိလို့လဲ. . . မသာအတွက် ခေါင်းလိုချင်လို့လား"

"မဟုတ်ပါဘူး. . . ဦးနေဒွန်းနဲ့ တွေ့ချင်လို့ပါ"

ထိုစကားကြောင့် ကိုသာပျော်မှာ အံ့သြသွားသည်။

"ခင်ဗျားက ဘယ်သူလဲ"

"သူ့မိတ်ဆွေဟောင်းလို့သာ ပြောလိုက်ပါ"

"ဒါဖြင့် ဒီမှာ ခဏစောင့်နေ၊ သူဌေးကို သွားပြောပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ တစ်ဖက်တိုက်သို့ ကူးသွားလေသည်။

ခဏကြာတော့ ဦးနေဒွန်း လိုက်လာသည်။

စားပွဲရှေ့မှာ ထိုင်နေသောလူကို မြင်သောအခါ ရုတ်တရက် မမှတ်မိဘဲ ရှိလေသည်။

"မင်းလား. . ငါနဲ့ တွေ့ချင်တယ်ဆိုတာ၊ ဘာကိစ္စရှိလို့လဲ. . . မင်း ဘယ်သူလဲ"

"ကျွန်တော့်နာမည် မိုးသီးပါ"

"ဟင်. . ."

ထိုနာမည်ကို ကြားသောအခါ ဦးနေဒွန်းမှာ မျက်လုံးပြူးသွားပြီး နံဘေးသို့ စိတ်မချသောအမူအရာဖြင့် တစ်ချက်ကြည့်လိုက်လေသည်။

"မိုးသီး ဟုတ်လား၊ ဘယ်လိုဖြစ်လာတာလဲ"

"ကျွန်တော် ထောင်ထဲ ရောက်နေတာ ကြာပြီ၊ ပြန်လွတ်လာတာ သိပ်မကြာသေးဘူး၊ အဲ့ဒါ ဦးနေဒွန်းဆီမှာ အလုပ်ကလေး ဘာလေးများ ရနိုင်မလားဆိုပြီး လာခဲ့တာပါ"

"လာ. . လာ. . ဟိုနောက်ဘက်အခန်းထဲမှာ သွားပြီး စကားပြောကြရအောင်"

ဟု ပြောကာ အလုပ်ရုံ အနောက်ဘက်မှာ ရှိသော အခန်းတစ်ခန်းသို့ ခေါ်သွားလေသည်။

အခန်းထဲ ရောက်တော့မှ သေသေချာချာ မေးကြည့်ရာ မိုးသီးက သူ ထောင်ထဲရောက်ခဲ့ရပုံများ အကြောင်းကို ပြောပြလေသည်။





"ဖြစ်မှဖြစ်ရလေကွာ. . . ဒါထက် ငါတို့အကြောင်းတွေကိုတော့ ဘယ်သူမှ မသိသေးဘူး မဟုတ်လား"

"ဒီအတွက် စိတ်မပူပါနဲ့၊ ကျွန်တော်က ငွေသာ မရှိတာ၊ သစ္စာတော့ ရှိပါတယ်၊ ဘယ်သူမှ မပြောပါဘူး"

ဦးနေဒွန်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"မင်းက ထောင်ထဲ ရောက်နေတော့ သိမှာမဟုတ်ဘူး၊ တလောကပဲ ဦးထွန်းဇံတစ်ယောက်တော့ အသတ်ခံလိုက်ရလို့ သေရှာပြီ"

"သူက သတိမထားဘဲ နေလို့ဖြစ်မှာပေ့ါ၊ အသတ်ခံရတယ်ဆိုတော့ ဦးမြတ်ကောင်းအဆက်အနွယ်တွေထဲက တစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်မှာပေ့ါ"

"ရှူး. . . တိုးတိုးပြောပါ၊ ဒီနာမည်ကြီးတော့ ထည့်ထည့်ပြောမနေပါနဲ့၊ မတော်လို့ တခြားလူတွေ ကြားသွားမှဖြင့် အစပေါ်လာပါဦးမယ်"

ဟု ဟန့်လိုက်သောကြောင့် မိုးသီးလည်း ဆက်မပြောတော့ပေ။

"ကျွန်တော်လည်း ထောင်ထဲမှာ ရောက်နေတာ ကြာပြီ၊ အခုမှ အပြင်ပြန်ရောက်လာတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိလို့ ဆရာကြီးဆီ လာခဲ့တာပါ"

"မင်းသုံးဖို့ ငွေယူသွားမလား"

"ငွေထက် အလုပ်ရရင် ပိုကောင်းမှာပါ"

"ဒီမှာတော့ မြင်တဲ့အတိုင်းပဲ၊ အသုဘ အခေါင်းလုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပဲ ရှိတယ်၊ မင်းလုပ်ချင်သပ ဆိုရင်တော့ ဒီက အလုပ်သမားတွေနဲ့ လုပ်ပြီး အလုပ်သမားတွေနဲ့ပဲ နောက်ဘက်မှာ နေပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ် ရန်ကုန်မှာ နေဖို့ ရရင် စားဖို့က ရှာစားရင်ရပါတယ်"

တကယ်တော့ ဦးနေဒွန်းအနေနှင့် မိုးသီးကို ခေါ်မထားလိုပေ။

သို့သော်လည်း မိုးသီးက သူတို့အကြောင်းများကို အတော်အတန် သိထားသူမို့ အပြင်တွင် အခြားသူများကို ပြောမည်စိုးသောကြောင့် မိမိအလုပ်ခန်းထဲမှာ ထည့်ပေးထားလိုက်ခြင်းဖြစ်သည်။

မိုးသီးမှာ လက်သမားများနှင့်အတူ ခေါင်းလုပ်သောနေရာမှာ ဝင်ရောက်လုပ်ကိုင်လေသည်။

မိုးသီးမှာ မည်သည့်အလုပ်မျိုးမဆို ကျွမ်းကျွမ်းကျင်ကျင်မဟုတ်စေကာမူ တန်းဝင်အောင် လုပ်နိုင်သူဖြစ်သောကြောင့် ထိုနေရာသို့ ရောက်ပြီး ရက်အတန်ကြာသောအခါ အလုပ်သမားများနှင့် တသားတည်းဖြစ်သွားတော့သည်။

ပထမပိုင်းမှာတော့ ဦးနေဒွန်းကိုယ်တိုင် စိတ်တထင့်ထင့် ဖြစ်နေသေးသော်လည်း နောက်ပိုင်းမှာတော့ ရိုးရိုးသားသား လုပ်ကိုင်နေသော မိုးသီးအခြေအနေကို ကြည့်ပြီး သူ့အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောမျိုး ဖြစ်တော့သည်။

အလုပ်သမားတစ်ယောက်လည်းရှိ၊ မိမိတို့အကြောင်း





ကို သိသူတစ်ယောက်လည်း ခေါ်ထားပြီးသားဖြစ်ပေသည်။

နောက်ပိုင်း အလုပ်သမားများ အလုပ်နားသောရက်များမှာ ဦးနေဒွန်းက မိုးသီးနှင့် အလုပ်အကိုင် အခြေအနေများကို ပြောဖြစ်လေသည်။

"ဆရာကြီးကလည်း . . . ကိုယ်လည်း တတ်နိုင်ပါရယ်နဲ့ တခြားဂုဏ်ရှိတဲ့ အလုပ်မျိုးလေးဘာလေး ရှာလုပ်တာ မဟုတ်ဘဲ ဒီလိုအလုပ်မျိုးမှ လုပ်ရတယ်လို့ဗျာ"

"ငါလည်း အစကတော့ မရည်ရွယ်ပါဘူးကွာ၊ အိန္ဒိယ ပြန်မယ့်ကုလားသူဌေးဆီက ဈေးသက်သာပြီး နေရာကြိုက်တာနဲ့ ဝယ်ထားလိုက်တာပါ၊ သူကလည်း သူ့လုပ်ငန်းနဲ့ သက်ဆိုင်တာတွေအားလုံး ပေးထားခဲ့တာနဲ့ ဆက်လုပ်ဖြစ်သွားတာပါ"

ဦးနေဒွန်းက ဆေးပြင်းလိပ် ဖွာရင်း ပြောပြနေသည်။

"ဒီလိုရလိုက်လည်း တခြားဂုဏ်ရှိတဲ့ ပရိဘောဂ လုပ်ငန်းလေးဘာလေး ပြောင်းလုပ်လည်း ရတာပဲ"

"အသုဘခေါင်းလုပ်တာလည်း ဂုဏ်သရေ မရှိတာမှ မဟုတ်တာ၊ စေတနာကောင်းကောင်းနဲ့ လုပ်ပေးရင် ကုသိုလ်တောင် ရပါသေးတယ်၊ လာ . . . နောက်ဘက်မှာ အသင့်လုပ်ထားတဲ့ခေါင်းတွေ၊ မသေခင်က ခေါင်းကြိုမှာထားလို့ လုပ်ပေးထားရတာတွေ ငါပြမယ်"

ဟု ပြောပြီး အနောက်ဘက်ခန်းသို့ ခေါ်သွားလေသည်။

အလုပ်လုပ်သောနေရာများ အနောက်ဘက်တွင် သီးခြား ပြုလုပ်ထားသည့် ဂိုဒေါင်တစ်လုံး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဂိုဒေါင်အတွင်းမှာ အလယ်မှာ လေးပေခန့် ကျယ်သော လူသွားလမ်း ထားပြီး ဘေးတစ်ဖက်တစ်ချက်တွင် စင်များ အဆင်သင့် ပြုလုပ်ထားသည်။

ထိုစင်များပေါ်တွင် အသင့်ပြုလုပ်ထားသောခေါင်းများ တင်ထားလေသည်။

ခေါင်းများ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်သည်။

အချို့ခေါင်းများမှာ ပေါလစ်သုတ်ထားပြီး အချို့ကတော့ ဆေးသုတ်ထားရာ ဆေးနံ့များပင် မပြယ်သေးပေ။

အတွင်းဘက်မှာတော့ နိုင်ငံခြားသားများ အသုံးပြုသော တစ်ဖက်ကြီး တစ်ဖက်ရှူး ပုံသဏ္ဌာန် ခေါင်းများ၊ ငွေပြားများကို ပန်းဖောက်ပြီး လှပအောင် ဆင်ယင်ထားသော သီးသန့်ပြုလုပ်ထားသောခေါင်းများ ရှိသည်။

ထိုနေရာတစ်ဝိုက်တွင် ခေါင်းပြုလုပ်ရန် ကြီးမားသော ကျွန်းပျဉ်ချပ်များ၊ လက်သမားလုပ်ရာတွင် အသုံးပြုသော ကိရိယာများ၊ ငွေပြား၊ ကြေးပြားများနှင့် ၎င်းတို့ကို ပန်းဖောက်ရာမှာ အသုံးပြုသော ပစ္စည်းကိရိယာများ ရှိလေသည်။

ထိုနေရာတစ်ဝိုက်မှာ ပြုလုပ်ထားသောခေါင်းများမှာ သာမန်နှင့် မတူဘဲ အတော်ပင် ခမ်းနားတင့်တယ်မှု ရှိသည်ဟုတော့ မိုးသီးစိတ်ထဲမှာ ထင့်လိုက်မိသည်။

"မိုးသီး . . . မင်း ဒီခေါင်းကြီးတွေကို မြင်တော့ သဘောမကျဘူးလား၊ မလှဘူးလားဟင်"





"လှ . . လှပါတယ်"

"မင်း . . မလိုချင်ဘူးလား"

"အို . . . အတိတ်မရှိ နိမိတ်မရှိ မလိုချင်ပါဘူးဗျာ"

ဦးနေဒွန်းက မိုးသီးအမူအရာကို ကြည့်ပြီး သဘောကျစွာ ရယ်လိုက်လေသည်။

"မင်းကလည်း ထောင်ထွက်တစ်ယောက်သာ ဆိုတယ်၊ တယ်လည်း ကြောက်တတ်တာကိုးကွ"

"အိုဗျာ . . . ကြောက်တယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမယ့် ဘယ်အချိန်မှ သေမယ်မှန်း မသိရသေးဘဲနဲ့တော့ ခေါင်းမလိုချင်ပါဘူး"

"တယ်လည်း အယူသည်းတာပဲကို၊ ဒီခေါင်းတွေက နိုင်ငံခြားသားတွေက သူတို့ သေရင် ထည့်ဖို့အတွက် အော်ဒါမှာထားလို့ ကြိုလုပ်ထားရတာပါ"

"သူတို့ကတော့ ဟုတ်မှာပေါ့ဗျာ၊ မြန်မာလူမျိုးတွေက ဒါမျိုးတွေ မရှိပါဘူး"

"မင်းက ထင်တာကိုးကွ၊ မြန်မာလူမျိုးတွေထဲမှာလည်း သူဌေးကြီးတွေ ဝန်ကြီးကအစ အရာရှိကြီးတွေတောင် ပါသေးတယ်၊ သူတို့က ဂုဏ်ပကာသန ရှိတဲ့သူတွေဆိုတော့ မသေခင်ကတည်းက သူ့ခေါင်းက ကောင်းတယ်၊ ငါ့ခေါင်းက ပိုကောင်းတယ်နဲ့ ခေါင်းချင်း ပြိုင်နေကြသေးတယ်"

မိုးသီးက ဘာမှမပြောသာတော့ပေ။

"ပြောမယ့်သာ ပြောတယ်၊ ဒီဘက်က ခေါင်းကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေး လှတာ အမှန်ပဲ၊ တန်ဖိုးကလည်း နည်းလှမယ် မထင်ဘူး"

"ဘယ်နည်းပဲ့မလဲ မောင်ရာ၊ ဟိုဘက်မှာ မြင်နေရတဲ့ ခေါင်းတွေဆိုရင် ရန်ကုန်မြို့စွန်တွေမှာ အိမ်တစ်လုံးလောက်တော့ အသာလေး ပေးဝယ်နိုင်လောက်တဲ့ တန်ဖိုးတွေပေါ့၊ ခေါင်းတစ်လုံးကို လေးရာငါးရာအထိ ဈေးရှိတယ်"

"ဒီလောက်ဈေးကြီးတာ ဘယ်လိုသစ်သားတွေနဲ့များ လုပ်ထားလို့လဲ"

"ဟိုမှာ မမြင်ဘူးလား၊ အော်ဒါလုပ်မယ့်ခေါင်းတွေအတွက် သစ်ကောင်းတွေဝယ်ပြီး စုထားရတာ၊ သစ်အမျိုးအစားတွေကတော့ အများကြီးပဲပေါ့၊ ကျွန်းသား၊ ပိတောက်သား၊ သျှားသား၊ ထင်းရှူးသား၊ နှော့သား အစုံပဲပေါ့၊ ကျွန်းသားနဲ့ကတော့ ဈေးအကြီးဆုံးပေါ့"

ဟု ပြောပြကာ အော်ဒါမှာထားသဖြင့် ကြိုတင်ပြုလုပ်ထားသောခေါင်းများကို လိုက်လံပြလေသည်။

တစ်နေရာရောက်သောအခါ အင်္ဂလိပ်များ အသုံးပြုလေ့ရှိသော ခေါင်းတစ်လုံးနှင့် မြန်မာများ အသုံးပြုလေ့ရှိသော ခေါင်းတစ်လုံးတို့ကို ယှဉ်ချထားလေသည်။

"ဒါက ခရစ်ယာန် ဘုန်းကြီးတစ်ယောက်အတွက် ကြိုမှာထားတဲ့ခေါင်း၊ ဒါက မြန်မာဘုန်းကြီးတစ်ပါးအတွက် တပည့်တွေက ကြိုမှာထားတဲ့ခေါင်း၊ ဘယ်ခေါင်းက ပိုပြီးလှသလဲ"

ခေါင်းတစ်လုံး၏ပုံမှာ အင်္ဂလိပ်များ အသုံးပြုသော





ခေါင်းပုံသဏ္ဌာန်ဖြစ်ပြီး ထင်းရှူးသားနှင့် ပြုလုပ်ထားခြင်းဖြစ်သည်။

ထောင့်များမှာ ငွေနားကွပ်ထားပြီး အဖုံးပေါ်မှာ လက်ားကပ်တိုင်ရုပ်ကို အသားပေါ်မှာ ထွင်းထားသည်။

ကျန်တစ်လုံးကတော့ သာမန်လေးထောင့်ပုံသဏ္ဌာန်ဖြစ်ပြီး အဖုံးက အပေါ်ခုံးဖြစ်သည်။

ခေါင်းတစ်ခုလုံးနှင့်အဖုံးပေါ်မှာ ကနုတ်ပန်းများဖောက်ြီး တပ်ဆင်ထားသည်။

အဖုံးများတွင် ကြေးပတ္တာကြီး(၃)ခုစီ တပ်ထားပြီး တစ်ာက်တွင် ကြေးနီရောင် တောက်နေသည့် သော့အိမ်များ တပ်ထားသည်။

သော့အိမ်များကို ကြည့်ရုံနှင့် သာမန်မဟုတ်ဘဲ နိုင်ငံခြားလာသော အာမခံသော့အိမ်များဖြစ်ကြောင်း သိသာလေသည်။

"ဒီမှာ တပ်ဆင်ထားတဲ့သော့တွေက သာမန်မဟုတ်ဘူး၊ အပေါ်က ဖိချလိုက်လို့ သော့ကျသွားရင် အပြင်က သူ့သော့တံနဲ့ ်မဖွင့်မချင်း ဘယ်လိုနည်းနဲ့မှ မပွင့်တော့ဘူး၊ နောက်ခေါင်း ်လုံးက အတွင်းက အနံ့မထွက်နိုင်အောင် လေလုံအောင် ်ထားတာ၊ ကိုင်း. . အခုလို မြင်ရတော့ ဒီလုပ်ငန်းကို အထင် ားဝံ့သေးလား"

"မသေးဝံ့တော့ပါဘူးဗျာ"

"မင်းလည်း ဒီရောက်တာ ကြာပြီ၊ အရင် စက်လှေမှာ ခဲ့ကြတုန်းကလို အရက်ကလေးဘာလေး သောက်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်”

ဟု ပြောကာ ဦးနေဒွန်းက မိုးသီးကို အိမ်ရှေ့သို့ ပြန်ခေါ်လာပြီး အရက်သောက်ရန် စီစဉ်လေတော့သည်။

မိုးသီးခမျာ ထိုအခါမှ အသက်ဝအောင် ရှူနိုင်လေတော့သည်။





# အခန်း(၁၄)

# အကွက်ဖွေ မှားသောကျား

တစ်နေ့သ၌ အလုပ်နားသောရက်တွင် မိုးသီးတစ်ာက် မြို့ထဲထွက်သွားလေသည်။

ဦးနေဒွန်းက ထွက်သွားစဉ် မတွေ့လိုက်ရဘဲ ပြန်ဝင်တော့မှ သိရခြင်းဖြစ်သည်။

“အလို့ . . . မိုးသီးပါလား၊ ရုတ်တရက်ဆိုတော့ မှတ်င် မမှတ်မိဘူး၊ ဘယ်လိုကြောင့် ရုပ်ဖျက်ပြီး သွားတာလဲ”

ဆိုင်အတွင်းသို့ ဝင်လာစဉ်က ကုလားအဘိုးကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟု ထင်မိရာက အတွင်းရောက်ပြီး တပ်ဆင်ထားသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အတုများကို ဖယ်ရှားလိုက်သော အခါမှ သိရလေသည်။

"ကျွန်တော်က ထောင်ထွက်တစ်ယောက် ဆိုတော့ ပုလိပ်တွေက တွေ့တာနဲ့ နောက်ကခြေရာခံလိုက်ဖို့ပဲ စဉ်းစား နေကြတော့ တော်ကြာ ကျွန်တော့်နောက် လိုက်လာရင်းနဲ့ ဆရာ ကြီး နေတဲ့နေရာကိုပါ သိသွားမှာစိုးလို့ အခုလို ရုပ်ဖျက်ပြီး သွား တာပါ"

"တော်ပါပေတယ်"

ဟု ချီးကျူးလိုက်သည်။

နောက်ပိုင်းရက်များမှာတော့ ထွေထွေထူးထူး မရှိလှသော မိုးသီးလည်း အလုပ်ကို အေးချမ်းစွာ လုပ်ရင်းနှင့် ထိုနေရာမှာ ဆက်နေလေသည်။

ထိုအချိန်တွင် ပုဇွန်တောင် ဂါတ်တဲ၏အတွင်းခန်းထဲ၌ လူသုံးယောက်တို့ တိုင်ပင်ဆွေးနွေးနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာနှင့် ပုဇွန် တောင်ဂါတ်မှ ဆားပုလင်း(ရဲကြပ်) ကွန်းဇော်တို့သုံးယောက် ဖြစ် သည်။ သူတို့သည် ဦးနေဒွန်း နေအိမ်တစ်ဝိုက်တွင် နေ့ရောညပါ စောင့်ကြည့်ခိုင်းထားကြရာ ထိုနေရာမှာ စောင့်ကြည့်နေသော ကွမ်းယာသည်ပမာ ဟန်ဆောင်ထားသော ပုလိပ်က သူတွေ့ခဲ့ရသ မျှ ထူးခြားမှုများကို ဆားပုလင်းကွန်းဇော်ကို ပြောပြလိုက်သည်။

သူက ဒေါက်တာမင်းထင်ကျော်တို့ကို တွေ့သမျှ ပြန်





သမျှ ပြောပြသည်။

"ဦးနေဒွန်း ရှိတဲ့နေရာကို မိုးသီး မလွဲမသွေ ရောက်လာ လိမ့်မယ်၊ ဘာထူးခြားမှု တွေ့သလဲ"

"လွန်ခဲ့တဲ့ လပိုင်းလောက်ကတော့ အဝတ်အစား စုတ် စုတ်ပြတ်ပြတ်နဲ့ လူတစ်ယောက် လာတာတွေ့တယ်၊ နောက်ပိုင်း တော့ ထူးခြားတာ မတွေ့ရဘူး"

"သူလာပြီးတဲ့နောက်ပိုင်း ဘာထူးခြားမှုတွေ တွေ့သေး လဲ ကိုကွန်းဇော်"

"နောက်ပိုင်းရက်တွေမှာတော့ ခေါင်းဝယ်တဲ့လူတွေပဲ အဝင်အထွက်ရှိတာ တွေ့ရတယ်၊ သူတို့ကတော့ ခေါင်းဝယ်ပြီး တာနဲ့ ပြန်သွားကြတာပဲ၊ မနေ့ကတော့ ထူးထူးခြားခြား ကုလား အဘိုးကြီးတစ်ယောက် ဝင်သွားပြီး ပြန်ထွက်လာတာ မတွေ့ရ ဘူးလို့ ပြောတယ်"

ဒေါက်တာမင်းထင်ကျော်က လေးလေးနက်နက် စဉ်း စားနေသည်။ သာယာဝတီ ထောင်ပိုင်ကြီး ပြောလိုက်သော စကားများကို ပြန်လည်သတိရလေသည်။

"မိုးသီးက ဉာဏ်နီဉာဏ်နက်များသလို ရုပ်ဖျက်တာ လည်း တော်တယ်၊ သူ့ရဲ့ပခုံးမှာ မားဒဏ်ရာတစ်ခု ရှိတယ်"

ဟူသောစကားများကို ပြန်တွေးမိသောအခါ ဆား ပုလင်းကွန်းဇော် ပြောသောစကားနှင့် ဆက်စပ်တွေးကြည့်ပြီး ကောက်ချက်တစ်ခု ချနိုင်လေသည်။

"မိုးသီး ရောက်နေပြီနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘယ်လိုလုပ်မလဲ၊ တစ်ခါတည်း ဝင်ရှာပြီး ဖမ်းရရင် မကောင်းဘူးလား"

"ဒီလိုလုပ်လို့ မသင့်သေးဘူး၊ ဦးထွန်းဖေ သတ်ခဲ့တဲ့ကိစ္စ က မိုးသီးအပေါ်မှာ စွဲချက်တင်ဖို့ မလုံလောက်သေးဘူး၊ ဒီ အချိန်မှာ ဝင်ဖမ်းရင် လွှာထွက်သွားနိုင်တယ်၊ စိတ်ရှည်လက် ရှည်နဲ့ စောင့်ကြည့်နေပြီး သေချာတော့မှ အပိုင်ဖမ်းတာ ပို ကောင်းမယ်"

"ဆရာပြောတာလည်း ဟုတ်ပါတယ်၊ သားကောင်က စက်ကွင်းထဲ ရောက်နေပြီးမှတော့ ဝေးဝေးပြေးလို့ မရတော့ပါ ဘူး၊ မျက်ခြည်မပြတ် စောင့်ကြည့်ဖို့သာ လိုတော့တယ်"

ဟု စုံထောက်ကျော်စွာကပါ ဝင်ပြောပြီး ရှေ့တွင် မြ လုပ်ကြမည့် အစီအစဉ်များကို အသေးစိတ် တိုင်ပင်ကြလေ သည်။

ဤသို့ဖြင့် နောက်ထပ်တစ်ပတ်ခန့် အလုပ်ပိတ်ရက်တွင် ဦးနေဒွန်းက ပြောသည်။

"မိုးသီးရေ. . . မင်းလည်း ဒီမှာ အလုပ်လာလုပ်နေတာ အတော်လေး ကြာသွားပြီဆိုတော့ ငါ့အဖို့လည်း အားကိုးရတဲ့ လူတစ်ယောက် ရတာပေါ့ကွာ၊ တနင်္ဂနွေနေ့ အလုပ်နားရက် ဆိုတော့ အလုပ်သမားတွေလည်း နားကြတယ်"

"ဟုတ်တယ် ဆရာကြီး"

"ဒီတော့ အနားယူတဲ့အနေနဲ့ မင်းနဲ့ငါနဲ့ ဒီကနေ့ည အရက်သောက်ကြရအောင်ကွာ"





"ကောင်းတာပေါ့ ဆရာကြီးရယ်"

"ဒီတော့ ဒီလိုလုပ်ကြမယ်၊ အိမ်က လူတွေလည်း မသိ အောင် အနောက်ဘက်အခန်းထဲမှာ အေးအေးဆေးဆေး ဝင် သောက်ကြရင် ပိုမကောင်းဘူးလား"

"ကောင်းတာပေါ့ ဆရာကြီးရယ်"

မိုးသီးကတော့ အေးအေးဆေးဆေးပင် ပြောလေ သည်။

ထို့နောက်မှာတော့ ည(၉)နာရီအချိန်လောက်တွင် သီး သန့် ပြုလုပ်ထားသော ခေါင်းနှစ်လုံးအနီးသို့ သွားကာ အရက် သောက်ကြလေသည်။

ထိုသို့သောက်နေရင်း ဦးနေဒွန်းက ပြောသည်။

"အရက်သောက်ပြီး အမြည်းမပါတော့လည်း အာပူတာ ပေါ့ကွာ၊ မင်းမှာ အမြည်းလေးဘာလေး မရှိဘူးလား မိုးသီး"

"ရှိတယ် ဆရာကြီး၊ ညနေက ကြက်တန်းက ကြက်သား သုပ် ဝယ်ထားတာ ရှိသေးတယ်၊ ကျွန်တော်သွားယူလိုက်ဦးမယ်"

ဟု ပြောကာ မိုးသီးက နေရာမှ ထသွားလေသည်။

ထိုသို့ ထသွားစေရန် ဦးနေဒွန်းက ဥပါယ်တံမျဉ်ဖြင့် ခိုင်းလိုက်ခြင်းဖြစ်သည်။

မိုးသီး ထသွားသောအခါ မိုးသီးသောက်မည့် အရက် ခွက်ထဲသို့ ဆေးမှုန့်အချို့ ထည့်ထားလိုက်သည်။

အတော်ကြာတော့ မိုးသီးပြန်ရောက်လာသည်။

သူ့လက်ထဲမှာလည်း ကြက်သားသုပ်ပန်းကန် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထို့နောက် စကားပြောလိုက်၊ ကြက်သားသုပ် ...
လိုက်၊ အရက်သောက်လိုက်နှင့် ရှိရာ တစ်နာရီခန့်ကြာသော...
မိုးသီးမှာ မဟန်နိုင်တော့ဘဲ လဲကျသွားလေသည်။

"ကျုပ်. . ကျုပ်တော့ မဟန်နိုင်တော့ဘူး"

ဟု ပြောကာ ယိမ်းယိုင်နေစဉ် ဦးနေဒွန်းက သဘော...
စွာဖြင့် ရယ်နေသည်။

"မင်းကလည်းကွာ. . ဒီလောက်ကလေး သောက်...
နဲ့ ဖြစ်နေလိုက်တာ၊ ဒီလောက်မူးနေလည်း အိပ်ပေါ့ကွာ"

ဟု ပြောပြီး နံဘေးနားမှာ ရှိနေသော ထင်းရှူးသား...
လုပ်ထားသောခေါင်းကြီးမှ သော့အိမ်ခလုတ်ကို နှိပ်ပြီး အဖုံး...
လိုက်သည်။

ပြီးလျှင် မိုးသီးကို တွဲပြီး ထိုခေါင်းထဲ ထည့်လိုက်...
မိုးသီးမှာ ပက်လက်အနေအထားဖြင့် ခေါင်းထဲမှာ လဲကျ...
လေသည်။

ထိုအခါ ဦးနေဒွန်းက အောင်နိုင်သူတစ်ယောက်...
ပြုံးကာ ပြောလိုက်လေသည်။

"မိုးသီး. . . မိုးသီး. . . မင်းကတော့ မင်းကိုယ်မင်း...
တော်လည်းလှပြီလို့ ထင်နေတာကိုး၊ ငါနဲ့ တွေ့တော့လည်း ...
က သနားစရာ ဖြစ်သွားပါလား၊ ဦးထွန်းဇံကို မင်းသတ်ပြီး ...
ဆီက ရွှေရုပ်တုကို မင်းယူလာတယ်ဆိုတာရယ်၊ ငါ့ဆီမှာ...
ပတ္တမြားကို ယူဖို့လာတာနဲ့ ဒီက အောင်မြင်သွားရင် ပြည်မှာ...
ဦးလူကျော်ဆီ ဆက်သွားမယ် ဆိုတာပါ ငါက ကြိုသိနေပါတ...





တကယ်တော့ မင်းလိုလူမျိုးကို အသက်ရှင်ရက်နဲ့ ထား
နေရင် မြွေပွေးခါးပိုက် ပိုက်ထားရသလို ဆိုတာ ငါနားလည်ပါ
တယ်၊ ဒီကနေ့ညကတော့ မင်းအတွက် နောက်ဆုံးပဲပေါ့၊ မင်း
မရှိတော့ရင် ဦးထွန်းဇံဆီက ယူလာတဲ့ ရွှေရုပ်တုကို ငါယူလိုက်ရုံ
ပါပဲ၊

ဟာ. . . ငါဘယ်လိုဖြစ်တာလဲ၊ ခေါင်းထဲက မူးလာ
သလိုပဲ"

ဟု ပြောကာ ပိတ်ထားသော ခေါင်းအဖုံးကို ပိတ်ချလိုက်
လေသည်။

အဖုံးက 'ဝုန်း' ခနဲ ပိတ်ကျသွားရမည့်အစား လက်
လေးလုံးခန့် ဟနေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ခေါင်းထဲမှာ သတိမေ့နေသော မိုးသီး၏လက်တစ်ဖက်
က ကြားမှာခံနေသောကြောင့်ဖြစ်သည်။

ဦးနေဒွန်းက အပေါ်မှ ဖိပိတ်ရန် ကြိုးစားသော်လည်း
သူ့မှာ အားမရှိတော့ပေ။

ထိုအခိုက်မှာပင် ခေါင်းအဖုံးက ပြန်ပွင့်သွားပြီး အထဲမှ
မိုးသီးက ထထိုင်လာသည်။

ဦးနေဒွန်းမှာ မျက်လုံးပြူးသွားလေသည်။

"ဟင်. . မင်း. . မင်း. . မသေသေးဘူးလား"

"ဘယ်သေပါ့မလဲဗျာ. . . ခင်ဗျားရဲ့အကြံအစည်ကို
ရိပ်မိလို့ အဆိပ်ဖြေဆေး ကြိုသောက်ထားတယ်လေ၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



သာ ကျွပ်ပေးတဲ့ ကြက်သားသုပ်ထဲမှာ ထည့်ပေးလိုက်တဲ့အဆိပ်မိပြီး မလှုပ်နိုင်တော့ဘူး မဟုတ်လား"

ဟု ပြောကာ ခေါင်းထဲမှ ထွက်လာသည်။

ထို့နောက် မလှုပ်နိုင်တော့သော ဦးနေဒွန်းကို ပွေ့ယူပြီး ပက်လက်အနေအထားဖြင့် ပွင့်နေသောခေါင်းထဲသို့ ထည့်လိုက်သည်။

ဦးနေဒွန်းမှာ မလှုပ်နိုင်တော့သော်လည်း သတိရနေဆဲပင်။

"ငါ့အသက်ကိုတော့ ချမ်းသာပေးပါကွာ"

"ကျုပ်ဆီမှာ ဖြေဆေးရှိပါတယ်၊ တကယ်လို့ ကျုပ်မေးတာပြောရင် ဖြေဆေးပေးမယ်၊ ခင်ဗျားဆီက ပတ္တမြား ဘယ်နေရာမှာ ထားသလဲ"

ဦးနေဒွန်းက တော်တော်နှင့် မပြောပေ။

"ဒါကတော့ ခင်ဗျားသဘောပေါ့လေ၊ ခင်ဗျားမပေးရင်လည်း ကိစ္စမရှိပါဘူး၊ ခင်ဗျားသမီးနဲ့မိန်းမကို နှိပ်စက်ပြီး မေးလိုက်ရင် ရပါတယ်၊ တကယ်လို့ ခေါင်းမာနေရင်တော့လည်း ကျန်တဲ့ခေါင်းတွေက သူတို့အတွက် ဖြစ်သွားမှာပေါ့"

ဟု ပြောလေရာ ဦးနေဒွန်းမှာ လက်လျှော့လိုက်သည်။

"ပတ္တမြားက ငါ့အိပ်ရာနံဘေးမှာရှိတဲ့ ဗီရိုရဲ့အံဝှက်ထဲမှာ ရှိပါတယ်၊ ငါ့ကို ဖြေဆေးသာ မြန်မြန်ပေးပါတော့ကွာ"

ဦးနေဒွန်းက လေသံသဲ့သဲ့သာ ရှိတော့သည်။

"ဝမ်းနည်းပါတယ်ဗျာ. . . ခင်ဗျား စောစောက ပြော





သလိုပဲပေါ့၊ မြွေပွေးကို ခါးပိုက်ထဲထည့်ထားရင် အန္တရာယ်အလွန်များတယ်ဗျ၊ ဒီတော့ ခင်ဗျားလုပ်တဲ့ခေါင်းထဲမှာပဲ အေးအေးဆေးဆေး နေခဲ့ပေတော့ ဦးနေဒွန်းရေ"

ဟု ပြောပြီး ခေါင်းအဖုံးကို ဖိချလိုက်ရာ 'ဂုန်း' ခနဲ ပိတ်သွားပြီး ချက်လည်း ကျသွားလေသည်။

နောက်တစ်နေ့တွင် ဦးနေဒွန်း၏ မိန်းမနှင့် သမီး တင်မေနွဲ့တို့က ညက ဦးနေဒွန်း ပျောက်ချင်းမလှ ပျောက်သွားတော့မှ ပုလွန်တောင် ဂါတ်တဲကို လာရောက်တိုင်ချက်ဖွင့်ကြလေသည်။

ထိုအကြောင်းကို ဆားပုလင်းကွန်းဇော်က အကြောင်းကြား၍ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့လည်း ချက်ချင်းသိသွား ကြလေသည်။

"မိုးသီးက ကျွန်တော်တို့ထက် လက်ဦးသွားပြန်ပြီနဲ့ တူတယ်"

ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလိုက်လေသည်။ ထိုနေရာရောက်တော့ ကွမ်းယာဆိုင်မှာ စောင့်ခိုင်းထားသော ပုလိပ်ကို မေးကြည့်သည်။

"ဦးနေဒွန်းတော့ အပြင်ထွက်တာ မတွေ့ရဘူး၊ မိုးလင်းကာနီးအချိန်မှာတော့ သူ့မိန်းမလား သမီးလား မသိဘူး၊ ဈေးခြင်းတောင်းဆွဲပြီး အပြင်ထွက်သွားတဲ့ မိန်းမတစ်ယောက်ပဲ မြင်လိုက်တယ်"

ပုလိပ်က မြင်သမျှ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်းအိမ်ရောက်တော့ မိန်းမနှင့် သမီးတင်မေနွဲ့ပါ တွေ့ရသည်။

"ဒီအိမ်မှာ အမျိုးသမီး ဘယ်နှစ်ယောက်ရှိသလဲ"

"ကျွန်မတို့သားအမိပဲ ရှိပါတယ်"

"မနက်လေးနာရီလောက်က ခင်ဗျားတို့ အပြင်ဘက် ထွက်ကြသေးလား"

"ဟင့်အင်း. . . ဘယ်သူမှ မထွက်ကြပါဘူး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဦးနေဒွန်း ဘယ်လိုပျောက်သွားတာလဲ၊ သူ့ကို ဘယ်အချိန်လောက်အထိ နောက်ဆုံးတွေ့လိုက်မိသလဲ"

"ညဉ့်ဦးပိုင်းအချိန်ထိ အိမ်မှာပဲ ရှိပါတယ်၊ (၉)နာရီလောက်မှ အလုပ်ရုံဘက်သွားတာ တွေ့လိုက်တယ်၊ မနက်ရောက်မှ မတွေ့ရတော့တာ"

"နောက် ဘာထူးခြားမှုတွေ ရှိသလဲ"

"ညကတော့ အဖေအိပ်တဲ့အခန်းဘက်က ခြေသံလိုလို ကြားရတယ်၊ နောက် အံဆွဲတွေ ဖွင့်သံလိုလိုလည်း ကြားရတယ်၊ ညကတော့ အိမ်နောက်ဘက်ကို သူခိုးများ ဝင်သလားမသိဘူး၊ နောက်ဘက်မှာ လှမ်းထားတဲ့ ကျွန်မရဲ့အင်္ကျီနဲ့ လုံချည်ဟောင်းတွေ ပျောက်သွားတယ်"

တင်မေနွဲ့က သူသိသလောက် ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်တို့က ဦးနေဒွန်းအိပ်ခန်းတွင်းသို့ ဝင်ကြည့်သည်။ ပြင်ထားသောအိပ်ရာပေါ်မှာ ညက အိပ်သွားသည့် လက္ခဏာ မတွေ့ရပေ။





အိပ်ရာနံဘေးမှာ ရှိသည့် ဗီရိုအံဆွဲအချို့ကတော့ ဟနေသဖြင့် အပြင်သို့ ဆွဲထုတ်ပြီး သေချာစွာ စစ်ဆေးကြည့်တော့ နောက်ဘက်မှာ အံ့ဝှက်တစ်ခု တွေ့ရသဖြင့် ဖွင့်ကြည့်တော့ အတွင်းမှာ ဘာမှ မတွေ့ရတော့ပေ။

"ဒီအံ့ဝှက်ထဲက ပစ္စည်းတစ်ခုခု ရှာယူသွားတာ ဖြစ်ရမယ်"

ဟု ပြောပြီး အခြားနေရာများ လိုက်ကြည့်သောအခါ ထူးခြားမှု မတွေ့ရပေ။

ထို့နောက် တင်မေနွဲ့ အဝတ်အစားများ ပျောက်သောနေရာ ဝင်ကြည့်တော့လည်း အပြင်မှ ဝင်နိုင်သောနေရာ ယူနိုင်လောက်သော အခြေအနေမျိုး မတွေ့ရပေ။

"ဦးနေဒွန်းအတွက်တော့ မျှော်လင့်ချက် မရှိတော့ဘူး ထင်တယ်၊ သူ့ဆီက အဖိုးတန်ပစ္စည်းတစ်ခုခု ယူပြီး လူသတ်သမားက ထွက်သွားပြီ၊ ညက တင်မေနွဲ့အဝတ်အစားတွေ ဝတ်ပြီး ထွက်သွားတဲ့လူဟာ တခြားမဟုတ်ဘူး. . . လူသတ်သမားပဲ"

"စောင့်ကြည့်နေတဲ့ပုလိပ်က မိုးသီးရှိတဲ့ အလုပ်ရုံဘက်ကို ကြည့်နေတဲ့အချိန်မှာ သူက ဒီဘက်တိုက်က အမျိုးသမီးတစ်ယောက်လို ဝတ်ပြီး ထွက်သွားတာ ဖြစ်မယ်၊ အတော့်ကို ဉာဏ်နီဉာဏ်နက်များတဲ့လူပဲ"

"သာယာဝတီ ထောင်ပိုင်ကြီးက ကြိုပြောလိုက်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ အလုပ်ရုံဘက် သွားကြည့်ကြရအောင်"

ဟု ပြောပြီး အလုပ်ရုံဘက် ကူးလာပြီး လိုက်လံကြည့်ကြသောအခါ ရှေ့ပိုင်းမှာ ထူးထူးခြားခြား မတွေ့ရဘဲ နောက်ဘက်အခန်းရောက်မှ စားပွဲပေါ်မှာ တင်ထားသော သောက်လက်စ အရက်ပုလင်း၊ ဖန်ခွက်နှစ်လုံးနှင့် တစ်ဝက်တစ်ပျက် ကျန်နေသည့် ကြက်သားသုပ်ပန်းကန်တို့ကို တွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ အသေအချာ စစ်ဆေးကြည့်သောအခါ ကြက်သားသုပ်ပန်းကန်မှ သိုးနေသည့်အနံ့များ အပြင် အခြားထူးခြားသော အနံ့တစ်မျိုးကိုပါ ရသဖြင့် ထိုပစ္စည်းများကို သက်သေအဖြစ် စစ်ဆေးရန် ဂရုတစိုက် သိမ်းဆည်းလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ပိတ်ထားသောခေါင်းများကို တစ်လုံးချင်း လိုက်ဖွင့်ကြည့်နေရာ ဘာမှမတွေ့ရဘဲနှင့် နောက်ဆုံး အရက်သောက်သောနေရာနှင့် မနီးမဝေးမှာ ရှိသော ခေါင်းနှစ်လုံးအနီးသို့ ရောက်လာသည်။

သီးသန့်ပြုလုပ်ပြီး တင်ထားသော မြန်မာဘုန်းကြီးခေါင်းနှင့် အင်္ဂလိပ်ဘုန်းကြီးခေါင်းတို့ပင်ဖြစ်သည်။

ခေါင်းနှစ်လုံးစလုံး ချက်ချပိတ်ထားသဖြင့် အပေါ်မှ လက်ဖြင့် ပုတ်ကြည့်လိုက်သည်။

တစ်လုံးက အတွင်းလိုက်သံ ထွက်နေပြီး နောက်တစ်လုံးက တဗုတ်ဗုတ်နှင့် ကြားရသည်။

စိတ်မသက်သာသဖြင့် လက်ဖြင့် မ,ကြည့်ရာ တစ်လုံးက





ပေါ့၍ တစ်လုံးက လေးနေသည်။

"ဦးနေဒွန်းတော့ သူလုပ်ထားတဲ့ခေါင်းက သူ့အတွက် ပြန်ဖြစ်သွားပြီနဲ့တူတယ်"

ဟု ရေရွတ်ပြီး အဖုံးချက်ကို ဖြုတ်လိုက်သည်။

ထို့နောက် အဖုံးကို အပေါ်သို့ မ,တင်လိုက်သည်။

"ဟာ. ."

"ဟင်. ."

အင်္ဂလိပ်ဘုန်းကြီးအတွက် ပြုလုပ်ထားသောခေါင်းထဲမှာ ဦးနေဒွန်းကို တွေ့ကြရသည်။

သို့သော် အသက်မရှိတော့ပေ။

"မိုးသီး လက်ဦးသွားပြန်ပြီ၊ ဦးထွန်းဇံနဲ့ဦးနေဒွန်း သေပြီဆိုတော့ ဒီတစ်ခါ ဦးလူကျော်အလှည့်ပဲ ကျန်တော့တယ်"

"ပြည်မှာ နေတယ်လို့ သိရတယ်၊ ဟိုတလောက ကျွန်တော်တို့နဲ့ ခရီးသွားတဲ့ အဘိုးကြီးက မိုးသီးဖြစ်ဖို့များတယ်"

"တိုက်ဆိုင်လှချည်လား"

"တိုက်ဆိုင်တာ မဟုတ်ဘူး၊ သူက ကျွန်တော်တို့နောက်လိုက်ပြီး အခြေအနေကြည့်တာ ဖြစ်နိုင်သလို ပြည်မှာရှိတဲ့ ဦးလူကျော် သတင်းကို သွားစုံစမ်းတာလည်း ဖြစ်နိုင်တယ်"

"ဒီတော့ ဘယ်လိုဆက်လုပ်မလဲ"

"ဆရာကြီး သူရဇ္ဇတို့ ဦးဗန်ကောင်းတို့ လုပ်စရာရှိတဲ့ကိစ္စတွေ အရင်လုပ်ပြီး ပြည်ကို အမြန်ဆုံး သွားရမယ်"

ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်မှာတော့ လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ပြီး ဦးနေဒွန်းအလောင်းကို သူရောက်နေသောခေါင်းနှင့်ပင် ထည့်ကာ သယ်ယူသွားကြလေတော့သည်။





# အခန်း(၁၅)

# အဒြနကွတ်စောင့်နတ်ပူဇော်ပွဲ

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာနှင့် ဦးဗန်ကောင်းတို့သုံးယောက်သည် ဆရာကြီးသူရဇ္ဇ၏နေအိမ်သို့ ရောက်နေကြသည်။

ဆရာကြီးသူရဇ္ဇ နေအိမ်မှာ ရွှေတောင်ကြားအတွင်းမှာပြီး တောင်ကုန်းအမြင့်တစ်ခုပေါ်၌ ရှိလေသည်။

ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေများမရှိဘဲ သစ်ပင်ကြီးငယ်တို့ဖြင့် အေးချမ်းသောနေရာဖြစ်သည်။

ဆရာကြီးသူရဇ္ဇက ၎င်း၏နေအိမ်ကို တောင်ကုန်း



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ပေါ်မှာ ဆောက်ထားပြီး အပေါ်ထပ် အခန်းတစ်ခုလုံးမှာ ပုရပိုက်များ၊ ကျမ်းစာအုပ်များ၊ အခြားဗဟုသုတ ဖြစ်သော စာအုပ်စာတမ်းများ၊

အင်္ဂလိပ်ရတ်နှင့် သက်ဆိုင်သောပစ္စည်းများ၊ ဓါတ်နှင့် သက်ဆိုင်သောပစ္စည်းများအပြင် အခြားဂမ္ဘီရနှင့် သက်ဆိုင်သော ပစ္စည်းအများအပြား ရှိလေသည်။

ခေါင်းရင်းဘက်ခန်းမှာ ဘုရားစင်ရှိပြီး ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော် ရှိသည်။ ထို့ပြင် တရားစာအုပ်များ၊ ကျမ်းစာအုပ်များနှင့် သံယာတော်ပုံများ ရှိသည်။

ဘုရားတရားသံယာပုံများကို သူ့နေရာနှင့်သူ ထားခြင်း ဖြစ်ပြီး အခြားနေရာတွင် ဘိုးတော်ပုံ၊ မယ်တော်ပုံများနှင့် အခြား ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ ဓါတ်ပုံနှင့်ရုပ်တုများ ရှိသည်။

အခြားတစ်ဖက်မှာတော့ နက္ခတ်တာရာနှင့် သက်ဆိုင်သော ရုပ်တုများနှင့် ပေစာပုရပိုက်များ ရှိသည်။ ဆရာကြီးသူ့ရှေ့က နက္ခတ်တာရာရုပ်တုများရှေ့တွင် ကန်တော့ပွဲများ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များ၊ သစ်သီးပွဲများ၊ နွားနို့ထည့်ထားသော အိုးများ၊ ထောပတ်ထည့်ထားသော အိုးများ အစီအရီ ချထားသည်။

ထိုရှေ့မှာ သူတို့ရရှိထားသော ကြေးပုရပိုက်၊ ငွေပုရပိုက်၊ ရွှေပုရပိုက်များနှင့် ရွှေဖြူပုရပိုက်ကို ရွှေကလပ်များပေါ်မှာ တင်ထားသည်။

ၾငင်းပုရပိုက်များရှေ့တွင် သစ်သားဖြင့်ထုကာ ရွှေ





သတ်လျက် ရွှေချထားသော အဒြနက္ခတ်တာရာရုပ်တုကို ချထားလေသည်။

ထုလုပ်ထားပုံမှာ လက်ရာမြောက်လှပြီး ရွှေချထားသောကြောင့် အရောင်တလက်လက် တောက်ပနေသည်။

အချိန်မှာ ည(၁၀)နာရီကျော်နေပေပြီ။

နေ့ရက်မှာ (၁၉၅၂)ခု၊ ဒီဇင်ဘာ(၁၅)ရက်၊ (၁၃၁၄-ခုနှစ်၊ ပြာသိုလကွယ်) တနင်္လာနေ့ပင်ဖြစ်သည်။

ထိုရာသီမှာ ဓနုရာသီပင်ဖြစ်၏။

ဤလတွင် ကြယ်တစ်လုံးအဖြစ် အကြီးဝင်သော နေမင်းသည် ဓနုရာသီတွင် ပါဝင်သော ပြုဗ္ဗာသာဠ် နက္ခတ်တစ်ဒိုက်တွင် တည်ရှိပြီး မိဂသီနက္ခတ်နှင့် စန်းယှဉ်ကာ ဟင်္သာတာရာ ထွန်းလင်းသောအချိန်ဖြစ်သည်။

ဤရာသီတွင် အရှေ့မိုးကောင်းကင် မွန်လပ်နေရာ၌ လိပ်ကြယ်စု ရှိသည်။

လိပ်ကြယ်စု၏မြောက်ဘက်ထိပ်တွင် ချွန်ကြယ်မှိန်သုံးလုံးရှိပြီး ၎င်းမှာ မိဂသီနက္ခတ်ပင်ဖြစ်သည်။

လိပ်ခေါင်း၏တောင်ဘက် အထက်အောက် ကြယ်ပြောင်နှစ်လုံးမှာ လိပ်လက်များဖြစ်ကြသည်။ အထက်ကြယ်ပြောင်ကို လိပ်ဘယ်လက် အောက်ကြယ်ပြောင်ကို လိပ်ညာလက်ဟု သတ်မှတ်ခွဲခြားထားပြီး လိပ်ဘယ်လက် အနီရောင်ကြယ်ကို ခေါင်လျှင် အဒြနက္ခတ်ဟု ခေါ်သည်။

လိပ်ခေါင်းကို မြောက်ဘက်လှည့်ထားသော်လည်း ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကိုမူ ကြည့်သူဘက်သို့ လှည့်ထားသည်။

လိမ်ခေါင်းခေါ် မိဂသီနက္ခတ်တွင် ကြယ်သုံးလုံး ပါဝင်၍ လိပ်လက်အဒြေ နက္ခတ်တွင် ကြယ်တစ်လုံးသာ ပါဝင်သောကြောင့် "မိဂသီ၊ လိပ်ခေါင်းနှုန်း၊ တစ်လုံးအဒြေလိပ်လက်ဆို" ဟူ၍ ရှေးမြန်မာများ သံပေါက်လင်္ကာ စပ်ဆိုခဲ့ကြလေသည်။

လိပ်လက်တောင်ဘက် လိပ်ကြယ်အတွင်းပိုင်းရှိ ကြယ်ပြောင်သုံးလုံးတန်းကို မြန်မာတို့က "မောင်ရှင်ဆိုင်းထမ်း" ဟုခေါ်၍ အနောက်တိုင်းသားတို့က "မုဆိုးကြီးဩရိယန်၏ခါးပတ်" ဟု ခေါ်ခဲ့ကြသည်။

မောင်ရှင်ဆိုင်းထမ်းမှ တန်းလန်းကျနေသည့် ကြယ်မှုန်စု အာငွေ့ကွက်(နက်ဗျူလာ)ကို မြန်မာတို့က "ရေမှုတ်ကမ်း" ဟု ခေါ်ခဲ့ပြီး အနောက်တိုင်းသားတို့ကမူ "မုဆိုးကြီး ဩရိယန်၏ဓား" ဟုခေါ်ခဲ့ကြသည်။

လိပ်ကြယ်စုကို မုဆိုးကြီး ဩရိယန်၏အသွင် မြင်ခဲ့ကြသော အနောက်တိုင်းသားတို့က လိပ်ခြေနှစ်ချောင်းအား "မုဆိုးကြီး၏ဒူးနှစ်ဖက်" ဟု ရှုမြင်ခဲ့ကြသည်။

မောင်ရှင်ဆိုင်းထမ်းနှင့် ရေမှုတ်ကမ်းကြယ်စုကို ပေါင်းလျှင် "လိပ်အသည်းနှလုံး၊ ဝမ်းတွင်းသားများ" ဟု ရှေးမြန်မာတို့ အမည်နာမ ပြုကြသေးသည်။

ဟိန္ဒူနက္ခတ်ကျမ်းတတ်ရသေ့မြတ်တို့က မောင်ရှင်ဆိုင်းထမ်းကြယ်ကို သျှိဝနတ်မင်းကြီး၏မြားသုံးစင်းဟုသာ ထင်မြင်မှတ်ခဲ့ကြပေသည်။





ဆိုင်းထမ်း ရှေ့နောက်အတွင်း ဟင်းအိုး၊ ထမင်းအိုး ထည့်ထမ်းလာသောမောင်ရှင်က လွတ်အားနေသော လက်တစ်ဖက်နှင့် ရေမှုတ်ကမ်းနေဟန်ကို မြင်ခဲ့ကြသော ထိုကြယ်စုကို ရှေးမြန်မာတို့ စိတ်ဝင်စားခဲ့ကြဟန် ရှိသည်။

သို့ကြောင့်လျှင် စိန္တကျော်သူ ဦးဩက ကဝိလက္ခဏာသတ်ပုံကျမ်းတွင် "မောင်ရှင်ဆိုင်းထမ်း၊ ရေမှုတ်ကမ်း၊ လက်လှမ်းမမီနိုင်" ဟူ၍ သံပေါက်စပ်ဆိုခဲ့သည်။

ဦးတိုးက တစ်ဖန် . ရာမရကန်တွင် "မိဂသီတောင်မှာ၊ မောင်ရှင်ဆိုင်းထမ်း၊ ရေမှုတ်ကမ်းလို့၊ အဆန်းကို နယ်ဖြန့်၊ မြင်တိုင်း လန့်ရသည့် ပြုဗ္ဗာသာဠ်အသွင်သို့" ဟူ၍ ညွှန်းဖွဲ့စပ်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

မြဝတီမင်းကြီးဦးစက "ဖိတ်ဖိတ်ရောင်ဝေ၊ အာကာဇွေဝယ်၊ ရွှေရေမှုတ်ကမ်း၊ ကြယ်ဆိုင်းထမ်းနှင့်၊ သွားလမ်းစပ်ကာ၊ ရွှေဟင်္သာလမ်း၊ ရောင်ဝါရွှေ့ယွန်း၊ သည်မှာပင် ထွန်းသေးငဲ့" ဟူ၍ အိမ်နောင်နန်းတွင် ဇာတ်တော်ကြီး ဇာတ်ဝင်ခန်းတစ်နေရာတွင် ထည့်သွင်းရေးသားထားလေသည်။

လိပ်ကြယ်စုကို ဩရိယန် မည်သော မုဆိုးကြီးအသွင်မြင်ခဲ့သော အနောက်တိုင်းသားတို့က အောက်ပါ ကြယ်ပုံပြင်တစ်ခုကို ပြောဆိုလေ့ရှိသည်။

ရှေးသရောအခါ ဂရိပြည်ကြီးတွင် အလွန်မာန်မာနကြီးလှသည့် ဩရိယန်မည်သော မုဆိုးကြီးတစ်ယောက်ရှိသည်။

ထိုမုဆိုးကြီး၏မာန်မာနကို ချိုးနှိမ်ရန်အတွက်နတ်တို့



www.burmeseclassic.com

www.burmeseclassic.com



က ကင်းမြီးကောက်တစ်ကောင် ဖန်ဆင်းစေလွှတ်သည်။

ဩရိုယန်အား ထိုကင်းမြီးကောက် ထိုး၍ သေဆုံးသော အခါ ဩရိုယန်ကြယ်စုဖြစ်သွားသည်။

ကင်းမြီးကောက်သည်လည်း နောက်ဆုံး သေဆုံးပြန်ရာ ကောင်းကင်၌ ကြယ်စုတစ်ခုဖြစ်သွားသည်။ ထိုကြယ်စုကား ဗြိစ္ဆာရာသီကိုကိုယ်စားပြုသည့် ကင်းမြီးကောက်ပုံကြယ်စုဖြစ်ပါ သည်။

ခြင်္သေ့ရေကို လက်တစ်ဖက်ဖြင့် ကိုင်မြှောက်၍ ကျန် လက်တစ်ဖက်တွင် တင်းပုတ်ကိုင်ဆောင်ထားသော ဩရိုယန် မုဆိုးကြီးသည် ရန်သူတော် ကင်းမြီးကောက်အား တုံ့ပြန်ကလဲ့ စားချေရန်အတွက် ကြယ်စုဘဝ ရောက်နေကြရသည်အထိ ကြိတ်မနိုင် ခဲမရ ဒေါသဖြစ်လျက်ရှိသည်။

ကမ္ဘာ့ရန်သူကြီးသဖွယ် ဖြစ်နေကြသော ဩရိုယန်နှင့် ကင်းမြီးကောက်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်နေရာ တည်း၌ အတူယှဉ်တွေ့ရဖို့ မလွယ်။ တစ်ကောင်နှင့်တစ်ကောင် ဒေါသတကြီး မျက်ခြည်မပြတ် ဖဝါးခြေထပ် လိုက်နေလေ့ရှိရာ ကင်းမြီးကောက်ကြီး အနောက်မိုးကုတ်စက်ဝန်းအောက် ငုပ်လျှိုး ပျောက်ကွယ်သွားမှ ဩရိုယန်က အရှေ့မိုးကုတ်စက်ဝန်းအောက် မှ ငုပ်လျှိုးထွက်ပေါ်ခဲ့ရသည်။

ထိုသို့ ဩရိုယန်တစ်ယောက် အနောက်ဘက်ဆီသို့ တရွေ့ရွေ့ ပျောက်ကွယ်သွားပါမှ ကင်းမြီးကောက်က အရှေ့ ဘက်ဆီက ထွက်ပေါ်ရသည်။





ဤသည်ကား ဩရိုယန်၏ ဘဝတစ်စိတ်တစ်ပိုင်းကို ညွှန်းဆိုသော မဆုံးနိုင်သည့် ကြယ်ပုံပြင်တစ်ခုပါတည်း။

မောင်ရှင်ဆိုင်းထမ်းကြယ်မှ မြောက်ဘက်ဆီသို့ ရှုကြည့် ပါသော် မလှမ်းမကမ်း၌ နွားရုပ်ပုံ ပြိဿရာသီကြယ်စုကို တွေ့ရ သည်။

မွန်းတည့်ရပ် ထိပ်တည့်တည့်တွင်မူ မိဿရာသီကြယ်စု ရှိသည်။

မိန်ရာသီ ကိုယ်စားပြု ငါးနှစ်ကောင်ကြယ်စုကား မွန်း ဘိမ်း၊ မွန်းယိမ်းရုံမျှသာ ရှိသေးသည်။

မွန်းလွဲစပြုနေသော ဗျိုင်းတာရာမှ အရှေ့နားသို့ ကျီး တာရာ၊ ထိုမှသည် ကျီးတာရာ၏အမြီးဖျားရှိ ကြတ္တိကာ ခေါ် ကြက်ကြယ်စု၊ ထိုကြယ်သုံးခုကို အလိုက်သင့် မျဉ်းဆွဲလိုက်လျှင် လေးကိုင်းသဖွယ် အစီအရီ တန်းစီလျက် မိန်ရာသီတွင် ပါဝင် သော သဘော်သီးငါးပုံ(ရေဝတီမြီး)ကို အလုအယက် အပြိုင်ထိုး သုတ်မည့်ပုံ တွေ့ရသည်။

တွေ့မရှောင်စား အကုန်ဝါးသောကြက်နှင့် တံငါဗျိုင်း၊ ငါးကြိုက်သူ ကျီးငှက်တို့၏သဘောသဘာဝကို ရည်၍ မုံရွေး ဆရာတော်က "ငွေမြီးနားဝယ်၊ ငွေငါးလာတိုင်း၊ ပိုက်ကာသိုင်းအုံ့ ဥဗျိုင်းလိမ္မာ၊ ကြက်ငယ်မှာလည်း၊ ငါးကျီးမင်းက၊ ဆီဆိုင်စွပ်ဟု၊ တောင့်တနေ၍၊ ဘယ်မရွေ့တည်း" ဟူ၍ ဖွဲ့ဆိုတော်မူခဲ့လေ သည်။

မွန်းမတ်ထိပ်တည့်ရှိ အသဝတီမှ မြောက်ဘက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်မှန်းဖြင့် မျဉ်းဆွဲပါသော် ပထမ ကြိုက်ကြယ်ကို တွေ့ရမည်။

ထို့နောက် မူဝံကြယ်ကိုတွေ့ကာ ရှေ့သို့ဆက်သွားလျှင် ခွန်နှစ်စဉ်အမြီးဖျား နောက်ဆုံးကြယ်ကို တွေ့ရပေမည်။

မူဝံကြယ်မြောက်ဘက်တွင် ကြေးမုံတာရာ ရှိသည်။

မူဝံနှင့်ဗျိုင်းတာရာအကြားတွင် မြင်းတာရာကို တွေ့နိုင်သည်။

သုံးလတစ်ကြိမ် ဦးခေါင်းပြောင်းသော နဂါးငွေ့တန်းသည် ဤလ၌ အရှေ့တောင်သို့ ဦးခေါင်းလှည့်၍ အနောက်မြောက်သို့ အမြီးထားပါသည်။

အထက်ပါ အကြောင်းအရာအချို့မှာ အဒြနက္ခတ် ပေါ်ထွန်းသော ခနုရာသီအကြောင်းများပင်ဖြစ်သည်။

ယခုညတွင် ဆရာကြီးသူရဇ္ဇက ဦးဆောင်ပြီး အဒြနက္ခတ်စောင့်နတ်မင်းကို ပူဇော်ပွဲ ပြုလုပ်နေကြခြင်းဖြစ်သည်။

အဒြနက္ခတ် ကိုယ်စားပြုသောရုပ်တုမှာ မြေခွေးခန္ဓာကိုယ်ကို မြွေကပတ်ထားပြီး မြေခွေးဦးခေါင်းပေါ်မှာ မြွေဦးခေါင်းက ထပ်တင်ထားခြင်းဖြစ်သည်။

ရုတ်တရက် ကြည့်ပါက မြေခွေးခန္ဓာကိုယ်နှင့် မြေခွေးဦးခေါင်း၊ မြွေဦးခေါင်းနှစ်လုံး ရှိနေသည်ဟု ထင်ရလေသည်။

အဒြနက္ခတ် စောင့်ရှောက်သောလူ၏ကိုယ်ခန္ဓာအစိတ်အပိုင်းမှာ ဆံပင်ဖြစ်သည်။

နက္ခတ်များ ပူဇော်ပသပုံများမှာ ဒေါက်တာမင်းထင်ကျော်တို့ ရရှိထားသော ငွေပုရပိုက်ထဲတွင် ရှိလေသည်။





ထိုပုရပိုက်ထဲတွင် 'နက္ခတ်တာရာစောင့်နတ်များ၏ အမည်စာရင်းနှင့် ပူဇော်ပသပုံနည်းများ အပြည့်အစုံ ပါလေရာ ထိုနည်းအတိုင်း ပူဇော်ပွဲ ကျင်းပနေကြခြင်းဖြစ်သည်။ လေးယောက်သား ပူဇော်သောအခန်းထဲမှာ ငြိမ်သက်စွာ နက္ခတ်တာရာစောင့်နတ်များကို ပူဇော်ပသပွဲ ပြုလုပ်သောရက်များမှာ လဆုတ်လကွယ် တနင်္လာနေ့တွင် အကောင်းဆုံးဖြစ်သည်ဟု ဖော်ပြထားရာ ဒီနေ့သည် ပြာသိုလကွယ်၊ တနင်္လာနေ့ပင်ဖြစ်သည်။

မူလအဒြနက္ခတ်နှင့်လည်း စန်းယှဉ်သောအချိန်လည်း ဖြစ်သည်။ ထိုနက္ခတ်ပူဇော်ပွဲကို 'ရူပသတရ ထုံးစံပူဇော်ပွဲ' ဟု သတ်မှတ်ခေါ်ဆိုကြသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ ထွန်းညှိထားသော မီးရောင်လည်း မရှိသောကြောင့် မှောင်သွားလေသည်။

အမှောင်ထဲမှာ ဝေ့ဝဲလှုပ်ရှားနေသောအမွှေးတိုင်များမှ ထွက်လာသည့် မီးခိုးငွေ့များကိုတော့ ဝိုးတဝါး တွေ့နေရသည်။ အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဆရာကြီးသူရဇ္ဇကတော့ နက္ခတ်ရုပ်တုရှေ့မှာ ငြိမ်သက်စွာ ထိုင်ရင်း နက္ခတ်တာရာ ပူဇော်သည့်ဂါထာများကို အသံတိုးတိုးဖြင့် အဆက်မပြတ် ရွတ်ဆိုပူဇော်နေလေသည်။

အတန်ကြာတော့ ပတ်ဝန်းကျင်မှ လေပြင်းတိုက်ခတ်သောအသံမျိုး ကြားလိုက်ရပြီး အခန်းထဲမှာ ဝေ့ဝဲနေသော မီးခိုးငွေ့များ လှုပ်ရှားသွားသည်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့လည်း မျက်စိမှိတ်ထားပြီး ကြားရသောအသံများကိုသာ နားစွင့်ထားသည်၊ အာရုံပြုထားကြသည်။

အာရုံငြိမ်သက်သွားသောအခါ အဝေးတစ်နေရာဆီမှ ပျံ့လွင့်လာသောအသံကို ကြားရသည်။

"ကျွန်ုပ်ရောက်လာပါပြီ. . . ကျွန်ုပ်၏အမည်မှာ အဖြေနက္ခတ်ကို စောင့်ရှောက်သောနတ်မင်းဖြစ်သည်၊ သင်တို့ ဘာအလိုရှိပါသလဲ"

"အဖြေနက္ခတ်ရုပ်တုနှင့် ပတ်သက်သည့်အကြောင်းများကို သိလိုပါတယ် အရှင်နတ်မင်း"

"နက္ခတ်ရုပ်တုကို ဖျက်ဆီးကြသူများမှာ ရွှေဖြူပုရပိုက်၌ ရေးသားထားသောကျိန်စာအတိုင်း ဘေးအန္တရာယ်ဆိုးများနှင့် တွေ့ကြုံကာ သေကျေပျက်စီး ကြရပေမည်၊ ဤရုပ်တုသည် မကြာခင်အချိန်၌ ပြန်လည်ပေါင်းစည်းပေလိမ့်မည်"

"အကယ်၍ ပေါင်းစည်းမိပါက မည်သို့ ပြုလုပ်သင့်ပါသလဲ အရှင်နတ်မင်း"

"ဤရုပ်တုသည် နတ်ဒေဝတာတွေအတွက် ကိုယ်စားပြုထားသော ရုပ်တုဖြစ်သည်၊ သာမန်လူသားများထံမှာ မထားအပ်ပေ၊ အခြားသူများလက်သို့ ရောက်ပါက ဘေးအန္တရာယ်များနှင့် ထပ်မံကြုံတွေ့ရမည်ဖြစ်သောကြောင့် ကြီးမြတ်သော စေတီပုထိုးများမှာသာ ထားပါစေ"

"ကောင်းပါပြီ. . . နက္ခတ်ရုပ်တု ပြန်လည်ပေါင်းစည်းဖို့





ဆောင်ရွက်ပေးပါ့မယ်၊ အရှင်နတ်မင်း ကူညီစောင့်ရှောက်မှု ပေးတော်မူပါ"

"ကောင်းတာ ပြုလုပ်သောသူသည် ကောင်းသော အကျိုးတရားများနှင့် တွေ့ရပေမည်၊ မကောင်းတာ ပြုလုပ်သောသူသည် မကောင်းမှုများဖြင့်သာ မလွဲမသွေ ကြုံတွေ့ရပေမည်၊ သင်တို့သည် ကောင်းမှုကို ဆောင်ရွက်နေသူများ ဖြစ်သဖြင့် အလိုရှိရာအတိုင်း ကောင်းမှုများနှင့်သာ ကြုံတွေ့ရစေသတည်း"

ဟု ပြောဆိုသောအသံကြားရပြီး နောက်ထပ် မည်သည့်အသံမှ ထပ်မကြားရတော့ပေ။

အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အတန်ကြာတော့ ဖယောင်းတိုင် မီးတောက်များ အလိုလို ပြန်လင်းလာလေရာ အခန်းတွင်းမှာ ပြန်လင်းလာလေသည်။

ထိုအခါမှ တစ်ချိန်လုံး ငြိမ်သက်နေကြသော ဒေါက်တာ မင်းထင်ကျော်တို့မှာ အသက်ဝအောင်ရှူကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေတော့သည်။

"မောင်ထင်ကျော်တို့ အလိုဆန္ဒအတိုင်း ပြည့်ဝ အောင်မြင်တော့မှာပါ"

ဟု ဆရာကြီး သူရဇ္ဇက မှတ်ချက်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၆)

# အဒြနကွတ်၏ မိစ္ဆာရုပ်တု

ပြည်နှင့်မော်ဇာမှာ ငါးမိုင်ကျော်ခန့်သာ ကွာဝေးပြီး ယခင်ကတော့ လူနေအိမ်ခြေ မရှိလှဘဲ ထိုဘက်သို့ သွားသော တာလမ်းတစ်လျှောက်မှာ လူပြတ်လှသည်။

ပြည်ဘက်မှသွားသော တာလမ်း၏အရှေ့ဘက်တွင် ဥယျာဉ်ကြီးများ၊ ခြံကျယ်ကြီးများအပြင် လယ်ကွင်းများနံဘေးမှာ လည်း ချုံနွယ်ပိတ်ပေါင်းများက ကာဆီးထားကြလေသည်။

ထို့ပြင် ဥယျာဉ်နှင့်ခြံကျယ်ကြီးများတဝိုက်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးငယ်တို့က ပြည့်နေသောကြောင့် အဝေးမှကြည့်လျှင် သစ်တောကြီးများကဲ့သို့ ဖြစ်နေလေသည်။

တစ်နည်းဆိုပါက လူသူနေထိုင်ခြင်း မရှိသောကြောင့် ဒုစရိုက်သမားများအတွက် ခိုအောင်းစရာနေရာအဖြစ် အသုံးပြုနိုင်ရန် ကောင်းနေတော့သည်။

ပြည်မှ မော်ဇာဘက်သို့သော်လည်းကောင်း၊ မော်ဇာဘက်မှ ပြည်ဘက်သို့သော်လည်းကောင်း အရေးကိစ္စရှိ၍ သွားလာကြလျှင် ထိုတာလမ်းခရီးကိုပင် အသုံးပြုကြရလေသည်။

အတော်များများကတော့ ထိုနေရာမှာ စခန်းချပြီး ပြေးဆွဲနေသောမြင်းလှည်းများကို အသုံးပြုပြီး သွားကြလေသည်။

ခေတ်ကာလကလည်း မတည်မငြိမ်ဖြစ်နေသောကာလမို့ လူဆိုးဓားပြတို့သည် တောအုပ်များအတွင်းမှ ထွက်လာပြီး ထိုလမ်းမှ သွားလာနေသူများကို လုယက်ဓားပြတိုက်ကြလေသည်။

ပြည်မှာရှိသော ပုလိပ်များကလည်း ထိထိရောက်ရောက် မနှိမ်နင်းနိုင်ကြသောကြောင့် လူဆိုးဓားပြများမှာ အတင့်ရဲ လျက်ရှိနေကြသည်။

ဓားပြများမှာ အမြဲတမ်း ထွက်တိုက်ခြင်း မဟုတ်ဘဲ အခွင့်ကောင်းကိုစောင့်ပြီး ရလောက်သောသူများ သွားလာသောအခါမှ ထွက်တိုက်ကြခြင်းဖြစ်သည်။

သို့ကြောင့် ငွေကြေးရှိသူတို့မှာ အကြောင်းကိစ္စကြီးငယ်ရှိသဖြင့် ထိုလမ်းခရီးမှ သွားလာရသောအခါ ပြည်မှ ပုလိပ်များကို ငွေပေးပြီး အစောင့်အဖြစ် ခေါ်သွားကြလေသည်။





တစ်နေ့သ၌ အတော်အသင့် ငွေကြေးချမ်းသာသူ တစ်ဦးမှာ မော်ဇာသို့သွားရာ မြင်းလှည်းတစ်စီးကို အော်ဒါငှားသွားလေသည်။

လှည်းပေါ်တွင် အတော်အတန် သတ္တိကောင်းသော တပည့်နှစ်ယောက်နှင့် ပုလိပ်တစ်ယောက်ကိုပါ ခေါ်သွားလေသည်။

ပုလိပ်တွင် သေနတ်တစ်လက်နှင့်ကျည်တောင့်များ ပါပြီး ကျန်နှစ်ယောက်က ဓားနှင့်လှံများ ပါလာကြသည်။

ထိုခေတ်အချိန်က ဓားပြများမှာ သေနတ်ကိုင်နိုင်သူ မရှိလှဘဲ ဓားပြတိုက်ရာတွင် ဓားလှံလက်နက်များကိုသာ အသုံးပြုကြသည်က များလေသည်။

သို့ကြောင့် သေနတ်ပါသော ပုလိပ်တစ်ယောက် ပါလာသည်နှင့် အတော်အတန် အားရှိနေကြသည်။

လမ်းခရီးတစ်ဝက်လောက် ရောက်သောအခါ မြင်းလှည်းနားသည့်သဘောဖြင့် မြင်းလှည်းသမားက ခဏရပ်ပေးလေသည်။

ထိုသို့ရပ်ပေးသည်နှင့် လှည်းပေါ်မှာ ပါလာကြသူများက လှည်းပေါ်မှဆင်းပြီး တောစပ်မှာထိုင်ကာ အပေါ့အပါး သွားကြလေသည်။

"မြန်မြန်လုပ်ကြဟေ့. . . ဒီနေရာမှာ အချိန်ကြာကြာနေလို့ သိပ်မကောင်းဘူး၊ မတော်လို့ လူဆိုးဓားပြတွေ ထွက်လာမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခက်နေမယ်"

ငွေအိတ်ပါလာသောလူကြီးက စိတ်မချသောအသံဖြင့် ပြောလိုက်သည်။

"ဒီလောက်လည်း စိတ်မပူပါနဲ့ ဆရာကြီးရယ်၊ ကျွန်တော်တို့နှစ်ယောက် ပါနေမှုပဲ၊ တကယ်လို့ လူဆိုးဓားပြတွေနဲ့ တွေ့ရင် ကျွန်တော်တို့ ရှေ့ကနေပြီး ကာကွယ်ပေးမှာပါဗျ"

"ဟုတ်ပါတယ်. . ကျွန်တော့်တို့နှစ်ယောက် အကြောင်းကိုလည်း ဆရာကြီး အသိသားနဲ့၊ လူချင်း ယှဉ်လိုက်ရင် လက်နှေးတတ်တဲ့ လူစားမျိုးတွေ မဟုတ်ပါဘူး"

တပည့်နှစ်ယောက်က ထိုသို့ပြောနေသောအခါ ငှားလာသော ပုလိပ်ကပါ ဝင်ပြောသည်။

"ဓားလှံတွေနဲ့ လာတဲ့လူကို သေနတ်ပါတဲ့လူက ကြောက်ရမလား၊ တစ်ချက်ပစ်တာနဲ့ တစ်ပြုံလုံး သေကုန်မယ်"

ထိုသို့သာ ပြောနေကြသော်လည်း သူတို့မှာ ပါလာသော သေနတ်နှင့်ဓားလှံများက မြင်းလှည်းပေါ်၌ ကျန်ခဲ့လေသည်။

သူတို့ မြင်းလှည်းရှိရာသို့ ပြန်လာပြီး အနီးသို့ ရောက်သောအခါ မမျှော်လင့်သောဖြစ်ရပ်က ဆီးကြိုနေလေသည်။

စောစောက အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ဦးထုပ်ဟောင်းကြီး ဆောင်းထားသော မြင်းလှည်းမောင်းသမားက နေရာမှ ထလာပြီး သူတို့လေးယောက်ကို သေနတ်ဖြင့် ချိန်ထားလေသည်။





"ဟေ့. . . ဘာလုပ်တာလဲ၊ သေနတ်ကြီးကို ချထားလိုက်စမ်းပါ၊ ဒါ ကျီစားရမယ့်ကိစ္စ မဟုတ်ဘူး"

"ခင်ဗျားကို ကျီစားနေတာ မဟုတ်ဘူး၊ ဓားပြတိုက်နေတာဗျ၊ တစ်ယောက်မှ မလှုပ်နဲ့၊ လှုပ်တာနဲ့ ရင်ပွင့်သွားမယ်"

ထိုအခါမှ လေးယောက်သား မျက်လုံးပြူးသွားကြသည်။

ထိုအချိန်မှာပင် မြင်းလှည်းသမားက လက်ခေါက်မှုတ်ပြီး ခဏကြာတော့ တောထဲမှ သေနတ်များ ကိုင်ထားသောသူနှစ်ယောက် ထွက်လာသည်။

မြင်းလှည်းငှားလာသောလူကြီးက ရင်းတပည့် နှစ်ယောက်ကို တစ်ချက်ငဲ့ကြည့်လိုက်သည်။

တစ်ယောက်မှ မလှုပ်ဝံ့ပေ။

အားကိုးတကြီး ငှားလာသောပုလိပ်ကို ကြည့်တော့လည်း သူ့သေနတ်ကို ဓားပြများ ယူသွားမည်စိုးနေသောဟန်ဖြင့် မျက်နှာငယ်ကလေးနှင့် ဖြစ်နေသည်။

ရင်းတို့အမူအရာမှာ ကြောင်နှင့်တွေ့သော ကြွက်ကလေးများကဲ့သို့ ဖြစ်နေသည်။

"ဟိုလူကြီး. . . ခင်ဗျားမှာ ပါတဲ့ငွေအိတ်ကို လာပေးစမ်း၊ မိုးလုံးတို့အဖွဲ့က မပိုင်ရင် ဘာမှမလုပ်ဘူး၊ ခုခံမယ် မကြံနဲ့နော်. . . ရင်ပွင့်သွားမယ်၊ ခင်ဗျားအားကိုးပြီး ငှားလာတဲ့ ပုလိပ်လည်း ကြည့်လိုက်ပါဦး၊ ကျုပ်တို့ သေနတ်ယူသွားရင် ထောင်ကျမယ့်ကိန်း ဆိုက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လုပ်သူက သူ့သေနတ်နှင့် ပြန်ချိန်ထားရင်း ပြောလိုက်သည်။

"သေနတ်တော့ ယူမသွားပါနဲ့ ဆရာတို့ရယ်၊ အဲဒီသေနတ် ပါသွားရင် ကျုပ်ထောင်ကျမှာဗျ၊ ကျုပ်မှာ မိန်းမနဲ့ကလေးတွေ ရှိတာမို့ သေနတ်တော့ ထားခဲ့ပါ၊ ခင်ဗျားတို့ ယူချင်တဲ့ငွေသာ ယူသွားပါ"

သူ့သေနတ်ထားခဲ့ပြီး ငွေထုပ်ကို ယူသွားရန် ပြောနေသော ပုလိပ်ကို ဟိုလူကြီးက မကျေမနပ်ဖြင့် မျက်စောင်းထိုးကြည့်သည်။

"ဟား. . ဟား. . ဟား. . ဟား. . ဒီလိုတော့လည်း အတော်ကြောက်တတ်တာပါလား၊ ကျုပ်တို့က ဓားပြတွေ ဖြစ်ပေမယ့် သစ္စာတော့ ရှိပါတယ်၊ ကိုယ်လိုချင်တာရရင် လူတွေကို ဒုက္ခရောက်အောင် မလုပ်ပါဘူး၊ ခင်ဗျားသေနတ်တော့ ထားခဲ့မှာပါ၊ ကဲကဲ. . . ခင်ဗျားဆီက ငွေထုပ်ကိုသာ လာပေးစမ်း"

ဟု ပြောရာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ပါလာသော ငွေထုပ်ကို သွားပေးရလေသည်။ ထိုအခိုက်မှာပင် တောစပ်မှ နောက်ထပ် လူတစ်ယောက် ထပ်ထွက်လာသည်။

သျှောင်ထုံး ထုံးထားပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရှိသည်။

အပေါ်အင်္ကျီ မပါဘဲ ရှမ်းဘောင်းဘီအနက် ဝတ်ထားသည်။ တစ်ကိုယ်လုံး ဘီလူးရုပ်၊ နဂါးရုပ်များဖြင့် ပြည့်နေအောင် ထိုးထားသည်။





သူ့လက်ထဲမှာ လေးတောင်ခန့် ရှည်သော ဝါးဆစ်တုတ်တစ်ချောင်း ကိုင်ထားသည်။

ထိုတုတ်မှာ သူ၏လက်စွဲတော်တုတ် ဖြစ်ဟန်ရှိသည်။

ပြောင်လက်နေသည်။

"အင်္ဂလိပ်တွေ မရှိတော့လို့ အေးအေးနေရမလား အောင်းမေ့နေတယ်၊ တောကြောင်တွေက ထနေသေးတာကိုး၊ ငါကလည်း မတရားတာဆိုရင် နည်းနည်းမှ မကြိုက်ဘူး"

"မင်းဘယ်သူလဲ. . . ဘာလာရှုပ်နေတာလဲ၊ သေချင်လို့လား"

"ငါ့နာမည် ယက္ခလို့ ခေါ်တယ်၊ မင်းတို့က သေနတ်တွေကို အားကိုးနေကြတယ်၊ ကဲ. . . မင်းတို့ပါတဲ့သေနတ်တွေ ဘယ်လောက်အစွမ်းထက်သလဲ သိရအောင် နည်းနည်းလောက် စမ်းကြည့်ကြစမ်းကွာ"

ဟု ပြောပြီး ရင်ကော့ပေးရာ ဓားပြတစ်ယောက်က သေနတ်ပစ်သည်။ အသံမထွက်ပေ။

နောက်တစ်ယောက်က ပစ်သည်။ မီးမကူးပေ။

ထိုအခါ လှည်းပေါ်က ဓားပြခေါင်းဆောင်က ပုလိပ်သေနတ်ကို ကျည်ထိုးမောင်းတင်ပြီး ပစ်သည်။

"ဒိုင်း"

ကျည်ဆန်ထွက်သော်လည်း ယက္ခဆိုသူက နေရာမှာ ငြိမ်ရပ်နေသည်။

ထိုအခါမှ ဓားပြများမှာ မျက်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်သဖြင့် အောက်မှ နှစ်ယောက်က သေနတ်နှင့် ထပ်ပစ်ကြသော်လည်း တစ်ချက်ကလေးမှ မိးမကူးပေ။

"မင်းတို့သေနတ်တွေကလည်း ငါ့တုတ်လောက်မှ အား ကိုးရမယ့်ပုံ မပေါ်ဘူး"

ဟု ပြောပြီး ဓားပြများ ရှိရာသို့ ပြေးဝင်လာပြီး တုတ်ဖြင့် လိုက်ရိုက်ရာ သေနတ်ရှိမှ တိုက်ဝံ့သောဓားပြများမှာ သူတို့ အား ကိုးသောသေနတ် သုံးမရသောအခါ သုံးယောက်တစ်ယောက် ပင် ဖြစ်လင့်ကစား ပြန်လည်တိုက်ခိုက်ခြင်း မပြုနိုင်ကြပေ။

ထိုအခါမှ နံဘေးမှာ ငြိမ်ကုပ်နေသောပုလိပ်နှင့် ကျန် နှစ်ယောက်တို့ပါ ဝိုင်းကူလာကြသဖြင့် ဓားပြသုံးယောက်တို့မှာ တောထဲသို့ ဝင်ပြေးကြလေတော့သည်။

အခြေအနေ အေးသွားတော့မှ ယက္ခဆိုသူက. . .

"အန္တရာယ်ကင်းသွားပါပြီ. . . ခရီးဆက်နိုင်ကြပါပြီ"

ဟု ပြောသည်။

"ကျေးဇူးကြီးလှပါတယ် မောင်ရယ်၊ မောင်ရင်သာ အချိန်မီ ရောက်မလာရင် ကျုပ်ငွေထုပ်တော့ ဓားပြတွေလက်ထဲ ပါမှာ အမှန်ပါပဲ"

"ရပါတယ်ဗျာ. . . ခရီးသွားရင်း ကြုံကြိုက်လို့ ဝင်ပြီး အကူအညီ ပေးရတာပဲ. . . အပန်းမကြီးလှပါဘူး"

"ဒါထက် မောင်ရင်က ဘယ်ကလာလို့ ဘယ်ကိုသွားမှာ လဲ"

"ကျွန်တော်က အောက်နယ်ဘက်ကပါ၊ ဒီဘက်မှာ





ဆွေမျိုးသားချင်းတစ်ယောက် ရှိလို့ သူ့ဆီမှာ အလုပ်ဝင်လုပ်ဖို့ လာခဲ့တာပါ၊ ဒီရောက်တော့မှ သူတို့က အခြားဒေသ ပြောင်း သွားပြီဆိုတာနဲ့ အခက်ကြုံနေတာပါ"

"ဒီလိုဖြင့် စိတ်မပူပါနဲ့ မောင်ရယ်၊ မောင်ရင့်အစွမ်းအစ ကိုလည်း မြင်ပြီးပြီ၊ ကျုပ်အပေါ်မှာလည်း ကျေးဇူးကလည်း ရှိနေ တော့ ကျုပ်ကပဲ အကူအညီပေးပါ့မယ်၊ ကျုပ်နာမည်က ဦးလူ ကျော်လို့ ခေါ်တယ်၊ ကုန်သည်လုပ်ငန်း လုပ်နေတဲ့သူပေါ့၊ ဒီ တော့ မောင်ရင့်ကို အလုပ်ပေးနိုင်ပါတယ်၊ ကျုပ်ခရီးသွားတဲ့ အခါတိုင်း အနားက လိုက်ပြီးစောင့်ရှောက်ပေးရတဲ့အလုပ်မျိုး ဆိုရင်တော့ သင့်မယ်ထင်ပါတယ်၊ ဘယ်လိုလဲ မောင်ရင်. . . လုပ်နိုင်ပါ့မလား"

"လုပ်ပါ့မယ်ခင်ဗျာ. . . လုပ်ပါ့မယ်၊ အခုလို အလုပ်ပေး တာ ကျေးဇူးလည်း တင်ပါတယ်"

ထို့နောက်. . .

ဦးလူကျော်ဆိုသောလူကြီးက ယက္ခဆိုသောလူကို ၎င်း ၏မြင်းလှည်းနှင့်ပင် တင်ခေါ်သွားလေတော့သည်။

နောက်ပိုင်းမှာလည်း ယက္ခ၏စွမ်းရည်သတ္တိကို သ ဘောကျသဖြင့် ခရီးသွားလေရာ ခေါ်သွားလေသည်။

အခြားနေရာများသို့ သာမန်ကိစ္စများ ရှိလျှင်လည်း သူ့ကိုပင် စေခိုင်းလေသည်။

တစ်နေ့တော့ ယက္ခက အပြင်မှ ပြန်လာပြီး သတင်း တစ်ခု ပြောပြီး စာအိတ်တစ်လုံးကိုလည်း ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအိတ်လဲ ယက္ခရဲ့"

"ကျွန်တော်လည်း မသိပါဘူး ဆရာကြီးရယ်၊ လူတစ်ယောက်က 'မင်း ဦးလူကျော်အိမ်ကလား' လို့ မေးပြီး ပေးလိုက်တာပါပဲ၊ နောက်ပြီး ပွဲရုံသွားရင်းနဲ့ ထူးထူးခြားခြားသတင်းတွေလည်း ကြားလာခဲ့သေးတယ်"

"ဘယ်လိုသတင်းမျိုးလဲ"

"ရန်ကုန်မှာ ထူးထူးဆန်းဆန်း လူသတ်မှုတွေ ဖြစ်နေတယ်လို့ ကြားတယ်၊ သေတဲ့လူက တစ်ယောက်က ဦးထွန်းဇံတဲ့ တစ်ယောက်က ဦးနေဒွန်းဆိုလားပဲ"

ထိုစကားကြောင့် ဦးလူကျော်မှာ မျက်လုံးပြူးသွားသည်။

"ဦးထွန်းဇံကို နှစ်ပိုင်းပြတ်အောင် ဖြတ်သတ်တာတဲ့ ဦးနေဒွန်း ဆိုတဲ့လူကိုတော့ ခေါင်းထဲ ထည့်ပိတ်ပြီး သတ်ခဲ့တာတဲ့၊ ကြားတာကတော့ ကလဲ့စားချေတယ်ဆိုလားဘာလားပဲ"

ထိုသို့ပြောပြီး ယက္ခက အရေးမကြီးသောအမူအရာဖြင့် ပြန်ထွက်သွားလေသည်။

ထိုအခါမှ ဦးလူကျော်မှာ လက်ထဲမှ စာအိတ်ကို ဖောက်ဖတ်လိုက်သည်။

"ဦးလူကျော်. . .

ကျန်တဲ့နှစ်ယောက်တော့ သေပြီ၊ ခင်ဗျားအလှည့်ကျန်တော့တယ်. . .

ခင်ဗျားနေတဲ့နေရာလည်း စုံစမ်းသိရပြီဆိုတော့





မယ့်ရက်ကိုသာ စောင့်ပေရော့. . .

ကလဲ့စားချေမည့်ဝိညာဉ်"

ဟု ရေးထားလေသည်။

စာဖတ်ပြီးသောအခါ ဦးလူကျော်မှာ များစွာတုန်လှုပ်သွားလေသည်။

"သူတို့ ငါနေတဲ့နေရာတောင် သိသွားကြပြီဆိုပါလား၊ ဒီအတိုင်းဆိုရင် ဒီနေရာမှ ဆက်နေလို့တော့ မဖြစ်တော့ဘူး၊ ချက်ချင်း နေရာရွှေ့မှ ဖြစ်တော့မယ်"

ဟု ရေရွတ်ကာ အရေးကြီးသော ရွှေငွေရတနာများနှင့် သူရထားသော ရွှေရုပ်တုအပိုင်းကိုပါ အိတ်တစ်လုံးထဲမှာ ထည့်ပြီး မော်ဇာဘက်သို့ ညတွင်းချင်း သွားရန် စီစဉ်လေသည်။

လျှို့ဝှက်သွားရသောကြောင့် အခြားသူများကိုပင် အသိမပေးတော့။ သူအားကိုးသော ယက္ခကိုသာ အဖော်ခေါ်သွားလေသည်။

ညဉ့်ဦးပိုင်းအချိန်လောက်တွင် လျှို့ဝှက်စွာဖြင့် အိမ်မှ ထွက်သွားလေသည်။

မြင်းလှည်းဂိတ်ရောက်တော့ မြင်းလှည်းတစ်စီးသာ ကျန်တော့သည်။ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုမြင်းလှည်းကိုပင် အော်ဒါငှားကာ ခေါ်သွားလေသည်။

လမ်းတစ်လျှောက်လုံး မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရသော်လည်း ယခင်တစ်ခေါက်က ဓားပြတိုက်သောနေရာ ရောက်သောအခါ တောထဲမှ လူနှစ်ယောက် ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး သေနတ်ဖြင့် ချိန်ကာထားသောကြောင့် မြင်းလှည်းရပ်ပေးလိုက်ရသည်။

ပတ်ဝန်းကျင်မှာ အလင်းရောင်အနည်းငယ် ရှိနေသေးသောကြောင့် ထိုလူနှစ်ယောက်၏ပုံပန်းသဏ္ဌာန်ကို မြင်ရလေသည်။

"အရင်တစ်ခါ တိုက်တဲ့ ဓားပြနှစ်ယောက်ပဲ၊ မမှတ်သေးဘူး ထင်တယ်၊ မင်းနဲ့တော့ ထပ်တွေ့ပြန်ပြီနဲ့ တူတယ်"

ဦးလူကျော်က ယခင်တစ်ခါ ယက္ခ၏အစွမ်းအစကို တွေ့မြင်ထားပြီးဖြစ်သောကြောင့် အတော်လေး အားကိုးနေပုံရသည်။ ဓားပြနှစ်ယောက်က အောက်ဆင်းခိုင်းသဖြင့် မြင်းလှည်းမောင်းသူသာ ကျန်ခဲ့ပြီး သူတို့နှစ်ယောက်က အောက်သို့ ဆင်းပေးကြရသည်။

"ယက္ခ. . . လုပ်တော့လေ"

ဦးလူကျော်က တိုးတိုးပြောလိုက်သော်လည်း ဒီတစ်ကြိမ်တော့ ယက္ခက မမူတော့ဘဲ သူ့ဘက် လှည့်သည်။

"လက်ထဲက အထုပ်ကိုသာ ပေးပါ၊ ရွှေရုပ်တု တစ်ပိုင်းလည်း ပါရဲ့မဟုတ်လား"

"ဟင်. . . မင်းဘယ်သူလဲ"

ထိုအခါ ယက္ခဆိုသူက ၎င်းကိုယ်ပေါ်မှ ရုပ်ဖျက်ထားသောပစ္စည်းများကို ဖယ်ပစ်လိုက်သည်။

"သေသေချာချာ ကြည့်ပါဦး၊ ကျုပ် မိုးသီးလေ. . . မမှတ်မိတော့ဘူးလား"





"ဟင်. . မိုးသီး. . မင်း. . မင်း. . . ဟိုနှစ်ယောက်ကို သတ်ခဲ့တာလည်း မင်းလက်ချက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်. . . သူတို့ဆီက ပစ္စည်းတွေလည်း ရခဲ့ပြီးပါပြီ၊ ခင်ဗျားဆီက ရွှေရုပ်တုတစ်ပိုင်း ရရင် ပြည့်စုံပါပြီ"

ထိုအခါမှ ဦးလူကျော်မှာ မြွေပွေးခါးပိုက်ထဲ ထည့်ထားမိသလိုအဖြစ်မျိုး ကြုံရပြီး ကျောချမှ ဓားပြမှန်း သိရလေတော့သည်။

မတတ်သာတော့သဖြင့် လက်ထဲမှ အထုပ်ကို လှမ်းပေးလိုက်ရသည်။

"မင်းလိုချင်တာလည်း ရပြီဆိုတော့ ငါ့အသက်ကိုတော့ ချမ်းသာပေးခဲ့ပါကွာ"

ဟု တောင်းပန်လိုက်သည်။

"ခင်ဗျားကို အသက်ရှင်ခွင့်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ခင်ဗျားက ကျုပ်အကြောင်းတွေကို သိထားပြီးတဲ့လူဆိုတော့ ရှင်းပစ်မှ အေးမှာပေါ့"

ဟု ပြောကာ ခါးကြားထဲမှာ အသင့်ယူလာသောဓားကို ဆွဲနှုတ်ပြီး ဦးလူကျော် ရှိရာသို့ တိုးသွားလေသည်။

ထိုအခိုက်မှာပင် မြင်းလှည်းပေါ်မှ အသံထွက်လာသည်။

"ရပ်လိုက်စမ်း မိုးသီး၊ ဒီတစ်ခါတော့ မင်းပြေးမလွတ်တော့ပါဘူး"

မိုးသီးက တအံ့တသြဖြင့် လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သူလဲ"

"မင်းရဲ့နောက်ကို ခြေရာခံပြီး လိုက်နေတဲ့သူတွေနဲ့ လက်ဝါးရိုက်ထားပြီး သေနတ်အတုတွေနဲ့ ပစ်လို့ မသေပေမယ့် ဒီတစ်ခါ ငါ့လက်ထဲမှာ ကိုင်ထားတာ သေနတ်အစစ်နော်၊ အေး အေးသာ အဖမ်းခံပေတော့"

ဟု ပြောကာ ရုပ်ဖျက်ထားသော ဒေါက်တာမင်းထင်ကျော်က မြင်းလှည်းအောက် ဆင်းလာလေသည်။

သို့သော်လည်း မိုးသီးတို့က သုံးယောက်ဖြစ်နေသောကြောင့် သေနတ်ဖြင့် ချိန်ထားသည့်ကြားမှ မိုက်မိုက်မဲမဲ ဝင်တိုက်ရန် ကြိုးစားကြသဖြင့် မိုးသီးတပည့်နှစ်ယောက်ကို သေနတ်ဖြင့် ဒဏ်ရာရလောက်အောင် ပစ်လိုက်သည်။

ထိုအခိုက်မှာပင် မိုးသီးက ဓားဖြင့် ပြေးထိုးရာ လွတ်အောင် ရှောင်ပေးပြီး နောက်စေ့ကို သေနတ်ဒင်ဖြင့် ရိုက်ချရာ မှောက်ကျသွားလေသည်။

ထိုသို့လဲသွားတော့မှ လက်ထိပ်ခတ်ကာ ဖမ်းလိုက်လေသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ ဦးလူကျော်က ရင်းအထုပ်ကို ပြန်ကောက်ယူကာ တောထဲသို့ ထွက်ပြေးရန် ကြိုးစားလေသည်။ သို့သော် မလွတ်တော့ပေ။

အသင့်ရောက်လာကြသော စုံထောက်ကျော်စွာနှင့် ပြည်ဂါတ်တဲမှ ပုလိပ်များက ဖမ်းဆီးခေါ်လာကြသည်။

လူစုံတော့မှ ဒေါက်တာမင်းထင်ကျော်က. . .





"ဟောဟိုမှာ မိထားတဲ့သူက ဦးနေဒွန်းနဲ့ဦးထွန်းဖေတို့ကို သတ်ခဲ့တဲ့မိုးသီးပါပဲ၊ ဒီဦးလူကျော်က သေသွားတဲ့ ဦးနေဒွန်းနဲ့ ဦးထွန်းဖေတို့နဲ့အတူပေါင်းပြီး မြတ်ကောင်းကုမ္ပဏီက ဦးမြတ်ကောင်းကို သတ်ခဲ့တဲ့တရားခံပါပဲ၊ သက်သေခံအနေနဲ့က သူ့လွယ်အိတ်ထဲမှာ ခါးလယ်က ပိုင်းဖြတ်ထားတဲ့ ရွှေရုပ်တုတစ်ပိုင်း တွေ့ရပါလိမ့်မယ်"

ဟု ပြောလိုက်ရာ ဦးလူကျော်လည်း မငြင်းသာတော့ဘဲ ခေါင်းငိုက်စိုက်ကျသွားတော့သည်။

"ကျွန်တော်တို့ မိုးသီးနောက်ကို ခြေရာခံပြီး လိုက်ခဲ့ရ ကျိုးတော့ နပ်ပြီ၊ သူ့ကို ဖမ်းလိုက်ရင် ဦးလူကျော်ကို ဖမ်းမိချင်မှ ဖမ်းမိမယ်၊ အခုတော့ တစ်ချက်တည်းနဲ့ ငှက်နှစ်ကောင် ဖမ်းမိတဲ့ အဖြစ်မျိုးပါပဲ၊ တော်ပါပေတယ် ဆရာရယ်"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်က ပြုံးရုံသာ ပြုံးနေသည်။ ပြီးမှ ဦးလူကျော် လွယ်အိတ်အတွင်း တစ်ပိုင်းဖြတ်ထားသော ရွှေရုပ်တုကို နှိုက်ယူလိုက်သည်။

မိုးသီးဆီမှာ ရှိသော ပတ္တမြားနှင့် ရွှေရုပ်တုတစ်ပိုင်းမှာ ပြန်လည်ပေါင်းစပ်လိုက်ပါက 'အဒြနက္ခတ်၏မိစ္ဆာရုပ်တု' မှာ ပြန်လည်ပြည့်စုံသွားပေတော့မည်။

ယခုတော့လည်း အရာအားလုံး ပြီးဆုံးသွားခဲ့လေပြီ။



www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၇)

## နိဂုံး

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး နောက်ထပ် လအနည်းငယ်ကြာသောအချိန်တွင် ဆရာကြီးသူရဋ္ဌနှင့် ဦးဗန်ကောင်းတို့က ကြေးပုရပိုက်ထဲမှာပါသော ရုပ်တုပြုလုပ်ပုံ အစီအရင်များကို ကြည့်ပြီး အဒြိနက္ခတ်ရုပ်တုကို မူလအတိုင်း ပြန်ကောင်းအောင် ပြုလုပ်နေကြလေသည်။

ပြီးပါက တန်ခိုးကြီးဘုရားတစ်ဆူမှာ ဌာပနာ ထည့်ရန်အတွက် သွားရောက်လှူဒါန်းကြမည်ဟု တိုင်ပင်ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်ကတော့ ရုပ်တုနှင့် ပတ်သက်သောအလုပ်များကို မလုပ်နိုင်တော့ပေ။

သူ့ဘဝအတွက် အရေးကြီးသောအလုပ်ကို လုပ်ရန်အတွက် ကြိုးစားအားထုတ်နေလေသည်။

အခြားမဟုတ်ပါချေ. . .။

အားကိုးရာမဲ့နေသော သူဇာမြတ်ကောင်းနှင့် တွေ့ပြီး သူ့သဘောထားကို ဖွင့်ပြောလိုက်လေသည်။

မေတ္တာရှိပြီး ချစ်ခင်နှစ်သက်နေပြီဆိုသောအကြောင်းနှင့် ဘဝခရီးဖော်အဖြစ် လက်တွဲကြရန်ပင်ဖြစ်ပေသည်။

သူဇာမြတ်ကောင်းအနေနှင့်လည်း အားကိုးအားထားပြုထိုက်သူလည်းဖြစ်၊ ယခင်ကတည်းက ကုမ္ပဏီမှာ လက်တွဲလုပ်ကိုင်ခဲ့ကြသဖြင့် တစ်ယောက်သဘောလည်း တစ်ယောက်က သိနေပြီဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်၏မေတ္တာကို လက်ခံပေးလိုက်လေသည်။

ထိုသို့ ပွင့်လင်းမှု ရှိခဲ့ကြပြီးနောက်ပိုင်းမှာ ချစ်သူတွေဘဝရောက်သွားသောအခါ ယခင်ကထက် ပျော်ရွှင်ဖွယ်ကောင်းလာလေတော့သည်။

"မောင်က သူဇာ့ကို တကယ်ချစ်တာရော ဟုတ်ရဲ့လား"

"တကယ်ချစ်တာပေါ့ သူဇာရယ်၊ ဒီအချစ်က အခုမှပေါ်လာတာ မဟုတ်ဘူး၊ ဟိုးအရင်ကတည်းက ရှိနေခဲ့တာ၊ အခုမှပဲ မောင်လိုချင်တဲ့ ချစ်သူဘဝ ရောက်ခဲ့ကြတော့ မောင်တော့





ဒိပ်ပျော်တာပဲ. . . သူဇာကရောဟင်"

"သူဇာလည်း ပျော်တာပေါ့ မောင်ရယ်၊ မိန်းကလေးတစ်ယောက်ရဲ့အရေးကြီးဆုံး ရည်မှန်းချက်က ကိုယ်ချစ်တဲ့သူနဲ့ လက်တွဲရရေးပဲလေ"

"မောင်တို့နှစ်ယောက် သစ္စာရှိရှိနဲ့ တစ်သက်လုံး ဘဝလက်တွဲဖော်အဖြစ်နဲ့ ချစ်သွားကြမယ်နော်"

ဒေါက်တာမင်းထင်ကျော်က သူမကိုယ်ကလေးကို ပွေ့ဖက်ထားရင်း ပြောလိုက်ရာ သူဇာမြတ်ကောင်းက နှစ်လိုဖွယ်ရာ အပြုံးဖြင့် တုံ့ပြန်ရင်း ခေါင်းညိတ်ပြလိုက်လေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(အဒြိနက္ခတ်၏ မိစ္ဆာရုပ်တု)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာ နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

တြိစတ္တ

စာပြီးချိန်။ ။(၂၀၁၁)ခုနှစ်၊ဇူလိုင်လ(၁၁)ရက်၊တနင်္လာနေ့၊နေ့လယ်(၁၁)နာရီ။



www.burmeseclassic.com